
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


မျက်နှာဖုံးပန်းချီ

ဝင်း-အရွှန

မျက်နှာဖုံးဒီဇိုင်း

ယမုံဇီး

အတွင်းသရုပ်ဖော်

ကေလတ်

ကွန်ပြူတာစာစီ

ဇာနည်မော်

မျက်နှာဖုံးဖလင်

EAGLE

အတွင်းဖလင်

ရာဇာမျိုးဝင်း

စာအုပ်ချုပ်

မျိုးကြီး၊ဇာနည်

ထုတ်ဝေသူ

ဦးဘုန်းဇော်

အရှေ့ဘက်ကောင်းကင်

စာပေထုတ်လုပ်ဖြန့်ချိရေး

(မြ-၀၀၂၃၉)

ပုံနှိပ်သူ

ဦးသိန်းဦး

မြတ်ရတနာပုံနှိပ်တိုက်

(မြ-၀၉၁၃၁)

အုပ်ရေ- ၁၀၀၀ အုပ်

တန်ဖိုး- ၁၃၀၀ ကျပ်

ဖြန့်ချိရေး

အရှေ့ဘက်ကောင်းကင်

အမှတ်(၂၈၂)၊ ပထမထပ်၊ လမ်း-၄၁၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း-၀၉၇၃၁၇၁၃၈၃၊ ၀၉၄၂၁၀၅၆၃၅၄


# မဖိဝါစီးတဲ့ကျား



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၁။ မဖဲဝါစီးတဲ့ကျား
၂။ သွားနက်တဲ့တစ္ဆေ
၃။ လူသားစားဘီလူး
၄။ ကျောက်ဖားရူ
၅။ သရဲနက်ကျော်





## မဖဲဝါ စီးတဲ့ကျား

**ခင်**ဗျားတို့ကို ကျုပ် မပြောဘူးတဲ့အကြောင်းတစ်ခု တော့ ပြောရဦးမယ်ဗျာ။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဆရာတော် ဦးဂုဏအကြောင်းကတော့ မကြာမကြာ ပြောနေကျဆိုတော့ ခင်ဗျား သိနေလောက်ပြီပေါ့ဗျာ။ ဆရာတော်က ကျုပ်ဆိုရင် လွှတ်အားကိုးတာဗျ။ ဘာကိစ္စလေး ရှိရှိ တာတေ့ကို ခေါ်နေကျဗျ။ တာတေဆိုတဲ့ ကျုပ်ကလည်း ရွာတော်တော်များများကို ဆရာတော်နဲ့ လိုက်ဖူးသွားဖူးနေတာဗျ။ အလှူတို့၊ ကထိန်တို့လေဗျာ။ ကုန်ကုန်ပြောရရင် အကျွတ်အလွတ်ပွဲတို့၊ ဘေးမဲ့ပွဲတို့တောင် ဆရာတော်က ကျုပ်ကို ခေါ်တာဗျ။ ကျုပ်က အလုပ်ရှိရင်သာ ဆရာတော်ကို လျှောက်ပြီး နေခဲ့ရတာ။

ခင်ဗျားကို ကျုပ်ပြောမယ်ဆိုတာက တခြားမဟုတ်ဘူးဗျ။ ကျုပ်ဆရာတော် ဦးဂုဏက အင်္ဂလိရတ်ပညာ အားကြီးဝါသနာပါတာ။ အင်္ဂလိရတ်ဆိုတာ ဖိုထိုးတာကို ပြောတာလေဗျာ။

ဆရာတော်ရဲ့ ဖိုရှုံထဲမှာ တာတေ ဖိုဆွဲနေကျပေါ့ဗျာ။ တစ်ခါတစ်ခါတော့လည်း ဆရာတော်က ခာတ်ကြီးထိုးတယ်ဗျ။ တစ်ခါတစ်ခါတော့လည်း ရိက္ခာလမ်းကြောင်း ထိုးတယ်ဗျ။

ခာတ်ကြီးဆိုတာကတော့ ဆရာတော်တို့ အခေါ်အရ ပြောတာပေါ့ဗျာ။ ခာတ်လုံးထိုးတာကိုခေါ်တာဗျ၊ သံလုံးတို့ ပြဒါးလုံးတို့ ကြေးလုံးတို့ပေါ့ဗျာ။ ကျုပ်ဆရာတော်က သံလုံးထိုးတာဗျ။ ဆရာတော်ဆီမှာ သံလုံးလေးတစ်လုံးရှိတယ်။ အရောင်က နီနီ





ရဲရဲကလေးဗျ။ ခာတ်လုံးဆိုပေမဲ့ ဆရာတော် ခာတ်လုံးက လုံးဝန်းနေတာ မဟုတ်ဘူး။ ခပ်ပြားပြားလေး ဖြစ်နေတာ။

"တာတေ ဒါ သံသေလုံးကွ၊ မြင်ဖူးအောင် ကြည့်ထား၊ ပြဒါးသေရင် ကြွားသတဲ့၊ သံသေရင် ပြားသတဲ့ကွ၊ ဒါကြောင့် ငါ့ခာတ်လုံးက ပြားပြားကလေးဖြစ်နေတာ"

ဆရာတော့်ခာတ်လုံးကို ကျုပ်လက်နဲ့ကိုင်ရတာ မဟုတ်ဘူးဗျ၊ ကြည့်ရုံပဲ ကြည့်ရတာ။

ရိက္ခာလမ်းဆိုတာကတော့ ရွှေဖြစ် ငွေဖြစ် ထိုးတာပေါ့ဗျာ၊ ဆရာတော်ဖိုရုံထဲမှာက ဖားဖိုကြီးနှစ်လုံးရှိတယ်။ တစ်လုံးက ဆရာတော် ခာတ်ကြီးထိုးတာ၊ နောက်တစ်လုံးက ဆရာတော် ရိက္ခာလမ်းထိုးတာဗျ။

ဖားဖိုကြီးနှစ်လုံးစလုံးက သုံးထပ်ဖိုတွေဗျ။ သုံးထပ်ဖိုဆိုတာက ဖျဉ်းချပ်ဝိုင်းကြီး လေးချပ်နဲ့ လုပ်ထားတာဗျ။ လေအောင်းတဲ့ အခန်းသုံးခန်း ရှိတာကို ပြောတာလေဗျာ။

"တာတေ ဆေးဖုတ်ဖို့ ထင်းနည်းနေပြီကွ"

လို့ ဆရာတော်က ကျုပ်ကို မိန့်တာနဲ့ တျုပ်က လှည်းတောက်ပြီး တောထဲဝင်၊ ထင်းခုတ်တော့တာလေဗျာ။

ပုဗ္ဗာရုံကျောင်းဝင်းကြီးရဲ့ ရာဟုထောင့်မှာ မြေကျင်းတစ်ခု တူးထားတယ်ဗျ၊ အဲဒီဘက်မှာက ဘာကျောင်းမှ မရှိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မြေကွက်လပ်ကြီးလေဗျာ။

အဲဒီမြေကျင်းထဲမှာ ဆရာတော်က နဘဲအိုးတစ်လုံး မြှုပ်ထားတယ်။ နဘဲအိုးဆိုတာ သောက်ရေအိုးကို ပြောတာဗျ၊ အဲဒီထဲမှာ သွပ်ရယ်၊ ဒုတ္တာရယ်၊ ဟင်းရိုင်းရယ် ထည့်ပြီး အပေါ်က မဖောက်ထုံး အုပ်ထားတာ။ အဲဒီအိုးမြှုပ်ထားတဲ့ မြေကျင်းထဲမှာ ထင်းချောင်းကို မပြတ်ထည့်ပြီး မီးရှို့ထားတာဗျ။

ကျုပ်တို့ရွာသားတွေက တောထဲသွားတိုင်း ထင်းချောင်းတွေ ခုတ်လာပြီး ဆရာတော် ဆေးဖုတ်ဖို့ ပုံပေးထားကြတာ ထင်းပုံကြီးမှ ဟီးထနေတာဗျို့။ အဲဒီကျင်းထဲက အိုးကို မီးမပြတ်အောင် လေး၊ ငါးလဖုတ်တာ။ ဆရာတော်က ဆေးဖုတ်တယ်လို့သာ ပြောတာပါဗျာ။ အချိန်တန်ရင် အဲဒီနဘဲအိုးကိုဖော်ပြီး အထဲက နီနီရဲရဲ အမှုန့်တွေကို ဖိုခန်းထဲမှာ လုံနဲ့ထည့်ပြီး ထိုးတော့တာဗျ။ ကျုပ် မကြာမကြာ ထိုးပေးရတာပေါ့ဗျာ။

လုံခွဲတဲ့အချိန်ကျရင်တော့ ဆရာတော်က သူကိုယ်တိုင် ခွဲတာဗျ။ ကျုပ်လည်း မကြည့်ရဘူး။

"တာတေ ဒီပညာနဲ့ ငါ့ကိုယ်ကျိုး မသုံးမစွဲပါဘူးကွာ မရှိဆင်းရဲသားအတွက် ငါလုပ်တာပါ"

ဟုတ်တော့ဟုတ်သားဗျ၊ ကျုပ်တို့ရွာမှာ ကျောင်းမနေ နိုင်တဲ့သူတွေကို ဆရာတော်က ထားပေးတယ်။ ကုန်ကုန်ပြော





ရင် ကောလိပ်တွေဘာတွေအထိ ဆရာတော်က ထောက်ပံ့ပြီး ထားပေးတာဗျ။

ကျုပ် ဆရာတော် ရွှေဖြစ်တယ်ဆိုတာ ရွာထဲကလူတွေ တီးတိုးပြောလို့ ကျုပ်ကြားဖူးပါတယ်။ ဟုတ်,မဟုတ်ဆိုတာတော့ ကျုပ် သေသေချာချာ မသိပါဘူးဗျာ။

ဒါပေမဲ့ အဲဒီပညာကို ဆရာတော်က သင်ပေးတယ်ဆိုတာတော့ မကြားမိပါဘူးဗျာ၊ ကျုပ်ကိုလည်း တစ်ခါမှ လုပ်ပြတာမျိုး မရှိပါဘူး။

လုံခွဲကာနီးပြီဆိုရင်. . .

"ထားခဲ့တော့ တာတေ၊ ရပြီ ရပြီ"

လို့ပြောပြီး ကျုပ်ကို ပြန်လွှတ်ပြီးမှ ဆရာတော်တစ်ပါးတည်း ခွဲတာဗျ။ ဘယ်သူမှ ကြည့်ရတာ မဟုတ်ဘူး။

ကျုပ်ရော ကျုပ်တို့ရွာသားတွေရော လွှတ်စည်းရှိတာဗျ။ ကျုပ်တို့ဆရာတော်က မမေးစေချင်ရင် ဘယ်သူမှ မမေးကြဘူးဗျ။ မကြည့်စေချင်ရင်လည်း ဘယ်သူမှ မကြည့်ကြပါဘူးဗျာ။

ဒီနေ့လည်း ဆရာတော် ခေါ်ခိုင်းလို့ လိုက်သွားပြီး ဖိုဆွဲပေးရတယ်။ တစ်လုံးကို မီးသွေးငါးအုပ်လောက်နဲ့ သုံးလုံးထိုးပေးခဲ့ရတယ်။ မီးကတော့ မီးပြင်းဗျ။ ဆရာတော် ပြောတာတော့ ဒဟာတေဇော ဆိုပဲ။ ကျုပ်ကတော့ ဒါတွေ ဘယ်သိမှာတုံး။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က. . .

"ဟဲ့ တာတေ၊ ပြင်းပြင်းဆွဲ၊ မနားနဲ့"

လို့ပြောရင် မနားတမ်း ခပ်ပြင်းပြင်းဆွဲတာပေါ့ဗျာ။

"ရှူး၊ ရှူး၊ ရှူး၊ ရှူး"

ဆိုတဲ့ ဖားဖိုကြီး မြည်တဲ့အသံကို ပြတ်မသွားအောင် ထိုးတာဗျ။ မီးထဲက လံုကို ရဲရဲတောက်နေတော့တာပေါ့ဗျာ။

ဆရာတော့်ကျောင်းတနေ အိမ်ပြန်ရောက်တော့ အမေ တည်ထားတဲ့ ရေနွေးကြမ်းပူပူတလေးနဲ့ ထန်းလျက်ခဲလေးစားရင်း ချွေးတိတ်အောင် နားလို့ပေါ့ဗျာ။

မိုးလေးက ဖွဲဖွဲကလေး ရွာလိုက်သေးဗျ။ မိုးတွင်းလေဗျာ။ ကျုပ်တို့အညာမိုးတွင်း ဆိုတာက အောက်ပြည်လို အုန်းအုန်းဒိုင်းဒိုင်း ရွာတာမျိုးမဟုတ်ဘူးဗျ။ ခပ်ဖွဲဖွဲပဲ ရွာတာ။ နေရတာတော့ အိုက်စပ်စပ်ကြီးပေါ့ဗျာ။

"တာတေ၊ ရေလေးဘာလေး ချိုးဦးမှာလား၊ ချိုးမှာဆိုလည်း ချိုးဟဲ့၊ ပြီးရင် ထမင်းစားဖို့ ဒီမှာ နင့်အဘက ဗိုက်ဆာနေလို့တဲ့"

"အမေ ဘာဟင်းကောင်းများ ချက်လို့တုံး"

"ဝက်သားပုန်းရည်ကြီးချက်လေ"

"ဟင် ဟုတ်လား၊ အမေ ဝက်သား ဘယ်ကရလို့တုံး"





"မြောက်ပိုင်းက ထွန်းပွင့် လာပို့တာနဲ့ ယူထားလိုက်တာ"

ဟင်းတ ကျုပ်အကြိုက်ကိုဗျ။ ဝက်သားနဲ့ ပုန်းရည်ကြီးဆိုကတည်းက ကျုပ်တ ဗိုက်ဆာသွားတာဗျို့။

"မချိုးတော့ဘူးဗျ အမေရ၊ ဆရာတော့်ကို ဖိုဆွဲပေးခဲ့တာ၊ မီးနားကပ်လာတော့ ချက်ချင်းချိုးလို့ မကောင်းဘူး"

"အေး ဒါဆိုလည်း စားပွဲခုံခင်းတော့၊ ထမင်းခူးမယ်"

ကျုပ်ဖြင့် ထမင်းဝိုင်းမှာ ဆာဆာနဲ့ ကြိတ်လိုက်တာ နည်းပါဘူးဗျာ။ အဘတလည်း ကျုပ်လိုပဲ ဝက်သားနဲ့ ပုန်းရည်ကြီး လွှတ်ကြိုက်တာဗျ။ အဘလည်း တော်တော်စားသား။

ထမင်းစားပြီးတော့ နဂါးဆေးပေါ့လိပ်ကလေး မီးညှိလေးငါးဖွာ ဖွာလိုက်တော့ မျက်စိက စဉ်းလာရောဗျာ။

အိမ်ရှေ့ဖိနပ်ချွတ်မှာ ချွတ်ထားတဲ့ တန်းလျားရှည်လေးမှာ ဝါးပိုးချမ်းလေး ခေါင်းအုံးပြီး ကျုပ် မှေးလိုက်တယ်။

ကျုပ်ဖြင့် မှေးကနဲ အိပ်ပျော်ရုံ ရှိသေးသဗျ။

"တာတေရေ၊ တာတေ"

ကျုပ် လန့်နိုးသွားတယ်။ ခေါင်းထောင်ပြီး ဝိုင်းဝကို ကြည့်လိုက်တော့ ငွေတွင်းကုန်းက ကိုအောင်ဘကျော်ဗျ။ လူက မည်းမည်းတုတ်တုတ်ကြီး၊ သူ့ကို ငွေတွင်းတုန်းသားတွေက အောင်ဗလကျော်လို့ ခေါ်ကြတာ၊ ဖျင်ကြမ်းအကျီအဖြူလက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လို့၊ ခေါင်းမှာက ထန်းဖလက်ခမောက်တစ်လုံး ဆောင်းတယ်။ လက်မှာတော့ နွားနှင်တံတုတ်ကို ကိုင်ထားတယ်ဗျ။ ကိုအောင်ဘကျော်နဲ့ ကျုပ်နဲ့ သိပေမဲ့ အခုလို အိမ်တွေဘာတွေ တစ်ခါမှ မလာဖူးပါဘူး။ ကိုအောင်ဘကျော်က ကျုပ်ထက်တော့ ငါးနှစ် ခြောက်နှစ်လောက် ကြီးတယ်ဗျ။ ပြီးတော့ ဒီလူက လူပျို ဗျ၊ အိမ်ထောင်ရက်သား ရှိတာမဟုတ်ဘူး။

ငွေတွင်းတုန်းမှာ ကိုအောင်ဘကျော်က ကာလသား ခေါင်းလေဗျာ။ ကျုပ်တို့ အညာအခေါ်တော့ မြောက်ခေါင်း ခေါ်တာပေါ့ဗျာ။ ငွေတွင်းကုန်းရောက်ရင် မြောက်ခေါင်းအောင်ဘကျော်လို့ မေးရင် လူတိုင်း သိသပေါ့ဗျာ။

"ဟာ ကိုအောင်ဘကျော်ကြီး လာဗျို့၊ လာ"

ကျုပ် လှမ်းခေါ်လိုက်တော့ ဝိုင်းထဲကို ခေါင်းကြီးငိုက်ငိုက်နဲ့ ဝင်လာတယ်ဗျ။ ကိုဘကျော် အိမ်ပေါ်ရောက်တာနဲ့ ကျုပ်က. . .

"လာဗျ၊ ကိုအောင်ဘကျော်ကြီး၊ ထိုင်"

ပြောပြောဆိုဆိုနဲ့ ကျုပ်က ရေနွေးကြမ်း ငှဲ့ပေးတယ်၊ လက်ဖက်အစ်ကလေးလည်း ရှေ့တိုးပေးပြီး နဂါးဆေးပေါ့လိပ် တစ်လိပ် မီးညှိပြီး ကိုအောင်ဘကျော်ကို ကမ်းပေးလိုက်တယ်၊

"ကဲ ကိုအောင်ဘကျော် အကြမ်းသောက်ဗျာ၊ လက်ဖက်





လည်းစား၊ ဘယ်ကနေ ရောက်လာတာတုံး၊ လက်ထဲမလည်း နွားနှင်တံကြီးနဲ့ဆိုတော့ လှည်းပါလာတယ်ထင်တယ်"

"မင်းဆီကို သက်သက်လာတာကွ တာတေရ၊ လှည်းပါ တယ်၊ အရှေ့ပိုင်းက ဘထွေးကြည်သောင်းတို့ ဝိုင်းမှာ ဖြုတ်ထား ခဲ့တယ်၊ မင်းအိမ်တောင် မသိလို့ ဘထွေးကြည်သောင်းကို မေး ပြီး လာရတာ"

ပြောရင်းနဲ့ ကိုအောင်ဘကျော်ကြီးက နဂါးဆေးပေါ့ လိပ်ကလေး ဖွာနေတယ်။

"ကိုအောင်ဘကျော် လက်ဖက်လည်း စားဗျာ၊ နို့ ထမင်း ရော စားခဲ့ပြီလား၊ မစားရသေးရင် ဒီမှာစားဗျာ"

"ဟာ စားပြီးပြီ၊ စားပြီးပြီ၊ စားပြီးမှ ထွက်လာတာကွ"

"နို့ ကိုအောင်ဘကျော် ကိစ္စအထူးများ ရှိလို့လားဗျ"

ကျုပ်က မေးလိုက်တော့ ဆေးလိပ်မီးခိုးကို နှာခေါင်းထဲ က မှုတ်ထုတ်ရင်း ပြောတယ်။

"ကိစ္စမှ ထူးလိုက်ပါဘိ တာတေရာ"

"ဟင် ဘယ်လိုကိစ္စများတုံးဗျ"

"ငါတို့ငွေတွင်းတုန်းမှာ ကျားတစ်ကောင် ရောက်နေလို့ ကွ"

"ဘာ ကျား ဟုတ်လား၊ ကိုကြီးဘကျော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ တာတေရာ၊ ကျားကွ၊ ကျားမှ အနက်ကြီးဗျာ"

"ဟာ ခင်ဗျားတို့ရွာထဲကို ဝင်ရောလား"

"မဝင်ဘူးကွ၊ ရွာပြင်ကပဲပတ်ပြီး သွားနေတာ၊ ကျား ဟိန်းသံကြီးကတော့ တို့ ဋ္ဌေတွင်းကုန်းတစ်ရွာလုံးကို လွှမ်းနေတာကွ၊ ပြီးတော့ ညသန်းခေါင်ကျော်မှ ကျားက လာတာ၊ ခုထိတော့ ရွာထဲကို မဝင်သေးဘူးကွ၊ ရွာခရိုးအပြင်ကပဲ သွားနေတာ"

"ဘယ်လိုတုံးဗျာ၊ ထူးဆန်းလှချည်လား၊ ကျုပ်တို့ဘက်တွေမှာ ဘယ်တုန်းက ကျားရှိဖူးလို့တုံးဗျ၊ နို့ ကျားအနက်ဆိုတာကကော ဘယ့်နှယ်သိတာတုံး"

"ဟာ တာတေကလည်း ငါနဲ့ ကာလသားတွေ ညဘက်သစ်ပင်ကြီးတွေပေါ်ကနေ တက်ပြီးကြည့်တာလေကွာ၊ အနက်မှမှောင်နေအောင်ကို နက်တာကွ၊ အကောင်ကလည်း နည်းနည်းနောနောကြီး မဟုတ်ဘူးကွ၊ ငါ့စိတ်ထင်တော့ ကိုးတောင်ကျားမကဘူးထင်တယ်၊ ဆယ့်နှစ်တောင်လောက်များ ရှိနေမလားပဲကွ"

ကျုပ်က ကိုအောင်ဘကျော် ပြောတာကို နားထောင်ရင်း တွေးနေမိတာဗျ။

"ကိုအောင်ဘကျော်၊ ကျုပ်တော့ ကျားနက်ရှိမှန်းတောင်





မသိဘူးဗျ၊ ကျုပ် ကြားဖူးတာ ကျားသစ်နက်ပဲ ကြားဖူးတာ"

"ဟာ ကျားသစ် မဟုတ်ဘူး တာတေ၊ ကျားမှ ကျားအစစ်ကွ၊ ဟိန်းလိုက်တာမှ ဝုန်းကနဲ၊ ဝုန်းကနဲ နေတာကွ၊ ညရောက်ရင် ငါတို့ရွာသားတွေ တံခါးတွေပိတ်ပြီး အိမ်ထဲမှာ ငြိမ်နေကြတာ။ ရွာလမ်းထဲမှာ လူကို မရှိတော့တာကွ၊ ခွေးတွေဆိုတာလည်း အမြီးတွေကုပ်ပြီး ငြိမ်နေကြတာကွ၊ တင်းကုတ်ထဲက နွားတွေဆိုတာ လှုပ်တောင် မလှုပ်ရဲဘူးကွ၊ နှာမှုတ်သံ တဖူးဖူးပဲ ကြားရတယ်"

"ကျုပ် ကြားဖူးတာတော့ ဘင်္ဂလားကျားဆိုတာတွေက ကိုးတောင် ဆယ်တောင် ရှိဆိုပဲဗျ။ အခု ကိုဘကျော် ပြောသလိုဆိုရင် ဘင်္ဂလားကျားကြီးလားမှ မသိတာ၊ တောထဲတောင်ထဲ သွားရင်း နယ်ကျွံလာတာ ဖြစ်မှာပေါ့ဗျာ"

"ဟာ နယ်ကျွံလာရင်လည်း တခြားကို သွားရောပေါ့ကွ၊ အခုဟာက ညတိုင်း သန်းခေါင်ကျော်ရင် ရောက်လာပြီး တဝုန်းဝုန်းနဲ့ ဟိန်းပြီး ရွာကို တစ်ပတ်ပြီးတစ်ပတ် ပတ်နေတာကွ"

"နို့ အခုဆိုရင် ဘယ်နှည ရှိပြီတုံး"

"ညကနဲ့ပါဆိုရင် လေးညတောင် ရှိပြီကွ"

"ဟင် လေးညတောင် ရှိပြီဟုတ်လား၊ ဒါဆိုရင်တော့ ခရီးလွန်လာတဲ့ကျား ဟုတ်ဟန်မတူဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း တွေးနေမိတာပေါ့ဗျာ။

"နေဦး တာတေရ၊ ထူးခြားတာတစ်ခုလည်း မင်းကို ပြောရဦးမယ်"

"ဟင် ဘာတုံး ကိုအောင်ဘကျော်"

"ငါတို့ ငွေတွင်းကုန်းက သချိုင်းကုန်းဇရပ်ထဲမှာ လူတစ်ယောက် ရောက်နေတယ်ကွ၊ နှုတ်ခမ်းမွေးကားကားကြီးနဲ့၊ သျှောင်တစောင်းကြီး ထုံးလို့ကွ၊ လွယ်အိတ်စုတ်ကြီးတစ်လုံးလည်း လွယ်ထားသေးတယ်၊ ရွာက နွားကျောင်းတဲ့ ကောင်လေးတွေပြောလို့ ငါ မယောင်မလည်နဲ့ သွားကြည့်တာ၊ အဲဒီလူ ရွာသချိုင်းက ဇရပ်ကို ရောက်လာပြီး နောက်နေ့မှာပဲ ဒီကျားကိစ္စ ပေါ်လာတာကွ"

"ရွာထဲမှာကော ဘာထူးခြားမှု ရှိတုံးဗျ"

ကိုအောင်ဘကျော်က မျက်မှောင်ကြီးကြုတ်ပြီး ပြောတယ်။

"ရွာထဲမှာတော့ ဘာမှမထူးခြားဘူးကွ တာတေရ"

"နို့ ကိုအောင်ဘကျော် ကျုပ်ဆီကိုလာတာ ဒီကိစ္စ ပြောပြချင်လို့လား"

"ဟာ ပြောချင်လို့ မဟုတ်ဘူးကွ၊ မင်းကို ခေါ်ချင်လို့၊ ငွေတွင်းတုန်းက လူငယ်တွေအားလုံးက မင်းကို သွားခေါ် ပေးပါ





ဆိုလို့ ငါ လာခဲ့တာကွ"

"အင်း ခက်တော့ခက်သားလား ကိုအောင်ဘကျော်ရဲ့၊ ကျုပ်ကလည်း ဆရာ မဟုတ်ဘူးလေဗျာ၊ သရဲလေး၊ တစ္ဆေလေး ကိစ္စလောက်သာ လုပ်ဖူးတာဗျ၊ အခုလို ကျားနက်တွေ ဘာတွေကျတော့ ကျုပ်လည်း နားမလည်ဘူး ကိုအောင်ဘကျော်ရဲ့"

"တာတေရာ၊ မင်းက ဆရာ မဟုတ်ပေမဲ့ ဆရာတွေနဲ့ သွားဖူး လာဖူးတဲ့ သူလေကွာ၊ မင်း လာပြီးအကဲလေးဘာလေး ခတ်ကြည့်ပါကွာ၊ ငါတို့ကတော့ ကြောက်တာပဲ သိတာကွ၊ ဘာမှ နားလည်တာ မဟုတ်ဘူး"

ကျုပ် တွေပြီးစဉ်းစားတယ်။ ဒါ ဘာဖြစ်နိုင်သလဲဆိုတာ။ ကျားနက်ကြီး၊ ညသန်းခေါင်ကျော်ရင် ပုံမှန်ရောက်လာပြီး ရွာကို ပတ်ပြီး တဝုန်းဝုန်းနဲ့ ဟိန်းနေတာ။ ကျားက ဆယ့်နှစ်တောင်လောက်တောင် ရှိမယ်ဆိုပဲ။

တွေးသာ တွေးရတာပါဗျာ။ ဒါမျိုး ကျုပ် တစ်ခါမှ ကြုံဖူးတာ မဟုတ်ဘူးဗျ။ ရွာပြင်သုသာန်ထဲက သျှောင်ထုံးနဲ့လူ နှုတ်ခမ်းမွေးကားကားကြီးနဲ့ ဒီလူ ရောက်မှ ဒီကျား ရောက်လာတာဆိုတော့ ဒီလူကရော ဘာတုံး။

ကျားနက်ကြီးနဲ့ ဒီလူနဲ့က ဘယ်လိုပတ်သက်နေတုံး။

ဘယ်လိုပဲတွေးတွေး အဖြေကတော့ မပေါ်ဘူးဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်ဗျာ၊ ကျုပ် ငွေတွင်းကုန်းကို လိုက်သွားမယ်လို့ ဆုံးဖြတ်လိုက်တယ်။

အမေနဲ့ အဘကို အကျိုးအကြောင်းပြောပြီး အဝတ်အပိုတစ်စုံယူတယ်။ ပြီးတော့ ကျုပ်ရဲ့ ဆေးလွယ်အိတ်၊ သစ်စုန်းဆေးတော်၊ မျက်ကွင်းဆေး ဘာမှမကျန်အောင် ကျုပ် ယူလာခဲ့တယ်။

ထနောင်းကုန်းကနေ နာရီပြန် နှစ်ချက်တီးလောက်ထွက်ခဲ့တယ်။ ကိုအောင်ဘကျော်က ကျုပ်တို့နယ်တကြောမှာ လှည်းမောင်း ချန်ပီယံဗျ။ လှည်းမောင်းပြိုင်ပွဲမှာ မကြာ မကြာ ဆုရတဲ့လူ။ ခုမှပဲ ကိုအောင်ဘကျော် မောင်းတဲ့လှည်းကို ကျုပ်က စီးဖူးတာဗျ။ လှည်းမောင်းတဲ့ နေရာမှာတော့ လွတ်တော်တဲ့လူပါဗျာ။ နွားငေါက်သံတောင် သိပ်မကြားရဘူး။ ပြေးလိုက်တဲ့ နွားတွေဗျာ၊ သူ့နွားကြီးတွေကလည်း တကယ့်နွားကောင်းတွေဗျာ။ နွားဖိုးကြီးတွေဗျာ။ အဖြူတစ်ကောင်၊ အနီတစ်ကောင်ဗျ။

ညနေ ငါးနာရီလောက်ကျတော့ ငွေတွင်းကုန်းသချိုင်းကို ရောက်ပြီဗျ။

"တာတေ၊ ငါ ဇရပ်နားက ဖြတ်မောင်းရမှာ၊ ဇရပ်ပေါ်က ဟိုလူကို မင်း မသိမသာ အကဲခတ်ကြည့်ကွ"

ကိုအောင်ဘကျော်က လှည်းကို သချိုင်းဇရပ်နဲ့ မနီး





ဝေးက ဖြတ်မောင်းတယ်။ ကျုပ်က ဟိုကြည့်သလို၊ ဒီကြည့်သလိုနဲ့ သချိုင်းကုန်းထဲက ဇရပ်ပေါ်ကို ကြည့်တယ်။ ဟော တွေ့ပြီ၊ တွေ့ပြီ။ သျှောင်တစောင်းနဲ့၊ နှုတ်ခမ်းမွေးကားကားကြီး တစ်ခုခုကို တွေးနေတာဗျို့။ ကျုပ် ကြည့်နေတာတောင် လူ မသိဘူး။

ကျုပ်တို့ သချိုင်းဇရပ်ကို ကျော်လာတော့မှ ကိုအောင် ကျော်က ကျုပ်ကို မေးတယ်။

"ဘယ်လိုလဲ တာတေ၊ ဒီလူပုံစံက မရိုးဘူး ထင်တယ် နော်"

"ဟုတ်တယ်ဗျ၊ ကိုအောင်ဘကျော်ရဲ့၊ ကျုပ်အတွေ့ အကြုံအရ ပြောရရင်တော့ ဒီလူဟာ ကဝေလား၊ အောက်လမ်း သားပဲဗျ၊ ခင်ဗျားပြောတဲ့ ကျားနက်ကြီးနဲ့ ဒီလူနဲ့ဟာ တစ်နည်း ည်းတော့ ပတ်သက်မှုရှိမှာ အမှန်ပဲဗျ"

"ဒီလူ ရောက်လာပြီးမှ ဒီကျားနက်ကြီး ပေါ်လာတာကွ၊ ညတိုင်း ရွာကိုပတ်ပြီး ဟိန်းနေတာ၊ ညရောက်ရင် မင်း တွေ့ရ ပါကွာ"

"ခင်ဗျားကျား ဒီည လာပါစေလို့ပဲ ဆုတောင်းရတော့မှာ ာ"

"ဟာ လာမှာပေါ့ တာတေရဲ့၊ ညတိုင်း လာနေတာ၊



www.burmeseclassic.com

www.burmeseclassic.com



လေးညဆက်တိုက် ရှိနေပြီပဲကွ"

မိုးမချုပ်ခင် ကျုပ်တို့ရွာထဲ ရောက်ခဲ့တယ်၊ ရွာထဲက ကာလသားတွေက ဝမ်းသာအားရနဲ့ ကျုပ်ကို ကြိုဆိုကြပါရော လားဗျာ။

"ဟာ တာတေ ပါလာပြီဟေ့"

တစ်ယောက်က အော်ပြောလိုက်တာနဲ့ တစ်ယောက်ပြီ တစ်ယောက် ရောက်လာတာဗျ။ ကျုပ်နဲ့ ကိုအောင်ဘကျော် လည်း ကာလသား ဆယ့်လေးငါးယောက်နဲ့ အတူသွားရတော့ တာပေါ့ဗျာ။ ကိုအောင်ဘကျော်တို့ ဝိုင်းကြီးက ကျယ်သား မကျဉ်းပင်၊ တမာပင်တွေနဲ့ အုံ့အုံ့ဆိုင်းဆိုင်းလေးဗျ။

ကျုပ်တို့အားလုံး ကျွန်းလှေကားကြီးကနေ အိမ်ကြီးပေါ် ကို တက်ခဲ့တယ်။

"ဟာ လာဟေ့၊ မောင်တာတေ၊ ငါတို့လည်း မင်း တွေ့ချင်လို့ စောင့်နေတာကွ"

ငွေတွင်းကုန်းက လူကြီးတွေ လေးငါးယောက် ကျုပ် ထိုင်ပြီး စောင့်နေကြတာဗျ။ ဒီထဲမှာ ကိုအောင်ဘကျော်ရဲ့ အ လည်း ပါမယ်ဗျ။ ကျုပ်က သူ့အဘကို မြင်ဖူးတာ မဟုတ်

"လာ တာတေ၊ ထိုင်ကွ၊ ဟောဒါ ငါ့အဘ ဦးစိန် ဟောဒါ ငါ့အမေ ဒေါ်လုံးကြည်"





ကျုပ်က ပြုံးပြီး နှုတ်ဆက်ရတယ်။

"ဟောဒီဘက် ဘိုးမောင်ဖြူ၊ ဒါက ဘိုးထွန်းညို၊ ဒါက ဘိုးအောင်ရင်၊ ဒါက ဘိုးစိန်ခိုကွ"

ကျုပ်က အားလုံးကို ပြုံးပြီးနှုတ်ဆက်ရတာပေါ့ဗျာ။

"တာတေ ရော့၊ မင်းက နဂါးပဲ သောက်တာ"

ဆိုပြီး ကိုအောင်ဘကျော်က ကျုပ်ကို နဂါးဆေးပေါ့လိပ် တစ်လိပ်နဲ့ ခနေဖြူ ဒေါ်ရီ မီးခတ် ကမ်းပေးတယ်။ ကျုပ်လည်း မီးခတ် ခတ်လိုက်ပြီး ဆေးလိပ်ဖွာလိုက်တယ်။ နဂါးဆေးပေါ့လိပ် အလေး ဖွာလိုက်ရမှ အမောပြေသွားတာဗျို့။

"အကျိုးအကြောင်းတွေတော့ မောင်တာတေ သိပြီး ရောပေါ့၊ ဘယ်လိုအကြောင်းဆိုတာ မောင်တာတေ တွေးလို့ များ ရလားကွဲ့"

ကိုအောင်ဘကျော်ရဲ့အဘ ဦးစိန်ဖြူက ကျုပ်ကို မေး တယ်။

"ကျုပ်လည်း ဒီကိစ္စကို တစ်လမ်းလုံး တွေးလာတာပဲ ရဲ့၊ ကျုပ်ဆရာကြီးနှစ်ယောက်နဲ့ လိုက်ခဲ့တုန်းကတော့ တစ်ခါ ကြုံခဲ့ဖူးတယ်ဗျ"

"ဟေ ဘာများတုံး မောင်တာတေရဲ့"

"နာနာရုပ်အတတ်ဆိုတာ ရှိတယ် ဘိုးရဲ့၊ ရုပ်ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရုပ်လွှဲ အတတ်ပေါ့ဗျာ၊ လူကနေ ကျားအသွင်ပြောင်းတာဗျ"

"ဟာ ဒါမျိုးရှိသလား မောင်တာတေရဲ့"

"ရှိတယ် ဘိုး၊ ကျုပ်ရွှေ့မှာတင် မြင်ခဲ့ရတာတွေပါ"

"သမန်းကျားဆိုတာမျိုးထင်တယ်"

ကာလသားတစ်ယောက်က ဝင်ပြောတာဗျ။

"အေး ဟုတ်နိုင်တယ်ကွ၊ မင်းပြောတာ"

ကျုပ်က ချက်ချင်းပြန်ပြောလိုက်တယ်။

"ဒါဆိုရင် သချိုင်းဇရပ်ပေါ်က လူများ ရုပ်ပြောင်း ရုပ်လွှဲလုပ်ပြီး ရွာကို ခြောက်လှန့်နေတာများလား ဘိုးရယ်"

နောက်ကာလသားတစ်ယောက်က ဝင်ပြောတာဗျ။ ငွေတွင်းကုန်းသားတွေ မဆိုးဘူးဗျာ။ တွေးတတ် ခေါ်တတ်သားပဲ။ ကျုပ်လည်း လာတဲ့လမ်းမှာ ဒါတွေ တွေးလာခဲ့တာလေဗျာ။

"ဖြစ်နိုင်တာတွေတော့ ရှိတာပေါ့ ဘိုးရာ၊ ဒါပေမဲ့ အတွေးနဲ့ ဆုံးဖြတ်လို့တော့ မဖြစ်ဘူးဗျ၊ သေချာအောင် ဒီည သွားကြည့်ရလိမ့်မယ်"

"ဗျာ သွားကြည့်မယ် ဟုတ်လား"

ကာလသားတွေ လန့်ပြီး အော်ကြတယ်ဗျ။

"ဟုတ်တယ်၊ သွားကြည့်ရမှာ၊ ကိုအောင်ဘကျော် ကျုပ်နဲ့ တစ်ယောက်လောက် အဖော်လိုက်ခဲ့မလား"





"ဟာ တာတေကလည်း ငါလိုက်မှာပေါ့ကွ"

ကာလသားတွေကတော့ ငြိမ်နေတာဗျ။ ဘာမှကို မပြောကြဘူး။

ကျုပ်တို့ ထမင်းစားပြီးတော့ ည ၇ နာရီထိုးပြီ။ ၉ နာရီထိုးတာနဲ့ ကျုပ်နဲ့ ကိုအောင်ဘကျော် ရွာပြင်ကို ထွက်လာခဲ့တယ်။ လကွယ်ရက် နီးနေပြီဆိုတော့ လရောင်တော့ မရှိဘူးဗျ။ ကြယ်ရောင်ပဲရှိတယ်။ ကျုပ်တို့နှစ်ယောက် သစ်ပင်တွေ ခြုံပုတ်တွေနောက်မှာ ပုန်းရင်း သချိုင်းကုန်းကို တဖြည်းဖြည်း ကပ်လာခဲ့တယ်။

ကျုပ်က သချိုင်းအနေအထားကို အတဲခတ်ကြည့်လိုက်တယ်။ သချိုင်းဇရပ်ထဲက လူကတော့ ဆေးပေါ့လိပ်ကလေး မီးတရဲရဲနဲ့ဗျ။ ကျုပ်တို့ဘက်ကို ကျောခိုင်းထားတယ်။ ကျုပ်က ကိုအောင်ဘကျော်ကို လက်ကုတ်ပြီး မြရာပင်တွေ အရှည်ကြီး ပေါက်နေတဲ့ဘက်က အုတ်ဂူကြီးတစ်လုံးကို လက်ညှိုးထိုးပြီး ပြလိုက်တယ်။

ကိုအောင်ဘကျော်နဲ့ ကျုပ်နဲ့ အုတ်ဂူကြီးပေါ်ကို တက်ထိုင်လိုက်တယ်။ မြရာပင်တွေကြားမှာ ကျုပ်တို့နှစ်ယောက် ပျောက်သွားတယ်။

သချိုင်းဇရပ်ဘက်ကနေ လှမ်းကြည့်ရင် ကျုပ်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကမှ မမြင်နိုင်ဘူးဗျ။

သန်းခေါင်ကြက်တွန်သံ ရွာဘက်က ကြားလိုက်ရတယ်။

"ဝုန်း၊ ဝုန်း၊ ဝုန်း၊ ဝုန်း"

ဟာ ကျားဟိန်းသံကြီးဗျာ။ တကယ်ကို ကြောက်စရာကြီးပါလား။ ဒါကြောင့်လည်း ငွေတွင်းကုန်းသားတွေ ကြောက်ကြတာပေါ့လေ။

ရှင်းသွားပြီပေါ့ဗျာ။ ကျုပ် ထင်ထားသလို မဟုတ်ဘူးဆိုတာလေ။ ဇရပ်ပေါ်ကလူ ရုပ်ပြောင်းရုပ်လွှဲလုပ်ပြီး ကျားအသွင် ဖန်တီးတာတော့ လုံးဝမဟုတ်ဘူးဗျ။ ဟိုလူက ဇရပ်ပေါ်မှာပဲ ဆေးလိပ်ထိုင်ဖွာနေတာဗျို့။

"ကိုအောင်ဘကျော်၊ ကျားက ဘယ်ဘက်က စဟိန်းတာတုံးဗျ"

"အဲဒါ ရွာအရှေ့ဘက် ရွာဦးနတ်စင်က ဟိန်းတာကွ၊ ညတိုင်း အဲဒီဘက်ကပဲ စဟိန်းတာ"

"ဩော် အဲဒါ နတ်စင်လား"

"အေး ဟုတ်တယ်၊ ဘာဖြစ်လို့တုံး တာတေရ"

ဟော ဟိုလူ ထလာပြီဗျို့။ ကိုအောင်ဘကျော် မေးတာကိုတောင် ကျုပ် ပြန်မဖြေရသေးဘူးဗျ။

ကိုအောင်ဘကျော်လည်း ကျုပ်ကို ဆက်မမေးတော့ဘဲ





ဇရပ်ပေါ်ကလူကို မျက်တောင်မခတ် ကြည့်နေတော့တာပေါ့ဗျာ။

"ဝုန်း၊ ဝုန်း၊ ဝုန်း၊ ဝုန်း"

ဟော ကျားဟိန်းသံကြီးက တဖြည်းဖြည်းနဲ့ နီးလာပြီဗျ။

"တာ၊ တာ၊ တာတေ ဖြစ်၊ ဖြစ်ပါ့မလားကွ"

ကိုအောင်ဘကျော်က အသံတုန်တုန်ကြီးနဲ့ ကျုပ်ကို မေးတယ်။

"ဟာ ဖြစ်ပါတယ်၊ ကိုအောင်ဘကျော်ရဲ့၊ ကျုပ် လွယ်အိတ်ထဲမှာလည်း ဆေးဝါးအစုံ ပါပါတယ်ဗျ၊ မကြောက်ပါနဲ့"

ပြောသာ ပြောတာဗျ။ ကျုပ်လည်း ကြက်သီးတွေ ထနေတာပဲ။

ဟာ ကျားနက်ကြီးဗျို့။ နည်းတဲ့အကောင်ကြီးမှ မဟုတ်တာဗျာ။ ကိုအောင်ဘကျော် ပြောတာ ဟုတ်တာပေါ့ဗျာ။ ဆယ့်နှစ်တောင်လောက်ကို ရှိမှာဗျ။ ကြယ်ရောင်အောက်မှာ မြင်ရတာဗျို့၊ ခါးကြီး နွဲ့နွဲ့ နွဲ့နွဲ့နဲ့ လျှောက်လာတာဗျ။ မျက်လုံးနှစ်လုံးဆိုတာ မှောင်ထဲမှာကို နီရဲပြီး တောက်နေတာဗျို့။

ဟော ကျားက ဟိုလူဆီကို တန်းသွားတာဗျ။ အောင်မယ် ဒီလူက ဆယ့်နှစ်တောင် ကျားကြီးကို လက်နဲ့ သပ်နေတာဗျို့။

"ငါ့သား၊ ကိစ္စတွေ ပြီးတော့မှာပါကွာ၊ မနက်ဖြန်ည



www.burmeseclassic.com

www.burmeseclassic.com



လက္ခယ်ညပဲကွ၊ မနက်ဖြန်ညရောက်ရင်သာ ဟိုကောင်မကို ချီပြီး ဂူကြီးကို အရောက်သွားပေတော့၊ ဆရာလည်း မင်းနောက်က ထပ်ချပ်မကွာ လိုက်ခဲ့မှာပါ၊ ဒါပေမဲ့ မင်းက ကျား၊ ငါက လူဆိုတော့ တောထဲ တောင်ထဲ သွားတဲ့အခါ မင်းကို မှီအောင်တော့ လိုက်နိုင်မှာ မဟုတ်ဘူးပေါ့ကွာ”

ဟာ ကျားနက်ကြီးက ဒီလူ့ခြေထောက်ကို ခေါင်းနဲ့ ခွေ့နေတယ်ဗျို့၊ ဘယ်လိုဖြစ်လို့ ဒီလူ ဒီကျားကို ဒီလောက်ပိုင်နေတာပါလိမ့်၊ ပြီးတော့ ကျားက ညသန်းခေါင်မှ ပေါ်လာတာလေဗျာ၊ တစ်နေ့လုံး ဒီကျား ဘယ်မှာ သွားနေတာတုံး၊ ရွာကလူတွေ အလုပ်သွားလုပ်နေကြတာ၊ တစ်ယောက်ယောက်တော့ ဒီကျားနက်ကြီးကို မြင်ရမှာပေါ့ဗျာ၊

ဟော ဟိုလူ ကျားကြီးကို ဘာပြောလိုက်တယ် မသိဘူးဗျ၊ ကျားနက်ကြီးက ချာကနဲ လှည့်ထွက်ပြီး ရွာဘက်ကို ပြန်သွားပြီး ဟိန်းပြန်ရောဗျို့၊

“ဝုန်း၊ ဝုန်း၊ ဝုန်း၊ ဝုန်း”

ကိုအောင်ဘကျော်နဲ့ ကျုပ်လည်း တုတ်တုတ်မှကို မလှုပ်ရဲကြဘူးပေါ့ဗျာ၊ အခုနေ ရွာပြန်သွားရင်လည်း ကျားနက်ကြီးနဲ့ ပက်ပင်းတိုးမှာ သေချာတာပေါ့ဗျာ၊ ကျုပ်တို့နှစ်ယောက်လည်း ဂူကြီးပေါ်မှာ လှဲအိပ်ရင်း ကျားဟိန်းသံကြီးကို နားစွင့်နေ





ရတာပေါ့ဗျာ၊

မနက် အရုဏ်တက်လောက်ကျတော့ ကျားဟိန်းသံကြီး ပျောက်သွားတယ်ဗျ၊ ဇရပ်ထဲကို လှမ်းကြည့်လိုက်တော့ ဟိုလူလည်း အိပ်နေသဗျ၊ ကျုပ်နဲ့ ကိုအောင်ဘကျော်လည်း လာတုန်းကအတိုင်း ခြုံတွေကြားကနေ ပြန်ထွက်ပြီး ရွာကို ပြန်ခဲ့ရတာပေါ့ဗျာ၊

ဒါပေမဲ့ ကျုပ်စိတ်ထဲမှာတော့ ‘မနက်ဖြန်ညရောက်ရင်သာ ဟိုကောင်မကို ချီပြီး ဂူကြီးထဲကို ရောက်အောင် သွားပေတော့’ ဆိုတဲ့ ဇရပ်ပေါ်ကလူ ကျားနက်ကြီးကို ပြောလိုက်တဲ့ စကားသံကြီးကိုသာ ကြားနေတော့တာ၊ ကိုအောင်ဘကျော်တို့ အိမ်ရောက်တော့လည်း ဒါကိုပဲ တွေးနေမိတာဗျ၊ ဒါပေမဲ့ ဘယ်ကောင်မကို ကျားက ချီမယ်ဆိုတာ ကျုပ် လုံးဝမသိဘူးဗျို့၊

ကျုပ်တို့ ကိုအောင်ဘကျော်တို့ အိမ်ကို ပြန်ရောက်တော့ မိုးလင်းစပြုပြီဗျ၊ ကိုအောင်ဘကျော်ရဲ့ အဖေနဲ့ အမေဖြစ်တဲ့ ဘိုးစိန်ဖြူနဲ့ အရီးလုံးကြည်တို့နှစ်ယောက်က ကျုပ်တို့နှစ်ယောက်ကို စိတ်ပူပြီး မျှော်နေကြတာဗျ၊

စိတ်ပူမယ်ဆိုလည်း ပူစရာပေါ့ဗျာ၊ တစ်ညလုံး ကျားနက်ကြီးက ရွာကိုပတ်ပြီး အသံနက်ကြီးနဲ့ ဟိန်းနေတာမို့လား၊

“ဟဲ့ ဟိုမှာ အောင်ဘကျော်နဲ့ တာတေ ပြန်လာကြပြီ”



www.burmeseclassic.com

www.burmeseclassic.com



ဘိုးစိန်ဖြူက စပြီးဝမ်းသာအားရ ပြောလိုက်တာဗျ။

"အောင်မယ်လေး တော်ပါသေးရဲ့ဟယ်၊ ငါတို့မှာ တစ်ညလုံးကို အိပ်မပျော်တာ၊ ကျားဟိန်းသံကြီး ကြားတိုင်း နင်တို့နှစ်ယောက်ကို စိုးရိမ်နေတာ"

"ကျုပ် ထင်သလိုတော့ မဟုတ်ဘူး ဘိုးရေ"

"ဟင် ဘယ်လိုများတုံး မောင်တာတေရဲ့"

"ဩော် ဒီလိုလေ ဘိုးရာ၊ ကျုပ်က ဇရပ်ပေါ်ကလူဟာ ရုပ်ပြောင်းရုပ်လွှဲပညာနဲ့ ကျားနက်ကြီးပုံစံပြောင်းပြီး ရွာကို ခြိမ်းခြောက်နေတယ်လို့ ထင်တာ၊ ညက တွေ့ရတော့မှပဲ ဒီလူ ကျားပုံပြောင်းတာ မဟုတ်မှန်း သိတာဗျ။ ကျားနက်ကြီးတဆစ်သပ်လာတာဗျ၊ ဒါပေမဲ့ အဲဒီကျားနက်က ဇရပ်ပေါ်ကလူရဲ့ ကျားတော့ ဟုတ်တယ်ဗျ၊ နည်းတဲ့ကောင်ကြီး မဟုတ်ပါဘူးဗျာ၊ ဆယ့်နှစ်တောင်တော့ အသာလေးရှိတယ် ဘိုးရ"

"ဟေ ကိုးတောင်ကျားတောင် ကြီးလှပြီထင်နေတာ၊ ဆယ့်နှစ်တောင်ကျားဆိုတော့ နည်းတဲ့အကောင်ကြီးမှ မဟုတ်တာ"

ကိုအောင်ဘကျော်ရဲ့ အဖေက ပြောတာဗျ။

"ဒါထက် ဘိုးရဲ့ ညက ရွာထဲမှာရော ဘာများထူးတုံးဗျ"

"ဟေ ထူးလိုက်တာမှ မောင်တာတေရယ်၊ အရိုးတို့





ဝိုင်းတောင်ဘက် နှစ်ဝိုင်းကျော်က အောင်ဖြူဆိုတဲ့ ကလေးမလေး ညတစ်ချက်တီးလောက်ကြီးမှာ ထအော်လို့ပါလား"

"ဟင် ဘယ်လိုအော်လို့တုံး အမေရဲ့"

ကိုအောင်ဘကျော်က အလန့်တကြား မေးလိုက်တာဗျ။

"လာပါပြီရှင်၊ လာပါပြီ၊ ဆိုပြီးတော့ အိမ်ထဲကနေ အပြင်ကို ပြေးထွက်မယ်ချည်းလုပ်လို့ သူတို့အိမ်သားတွေမှာ ဝိုင်းပြီးဆွဲထားလိုက်ရတာဟယ် မပြောပါနဲ့တော့"

"ဟင် ဘယ်လိုဖြစ်လို့တုံးဗျ"

ကိုအောင်ဘကျော်က မျက်မှောင်ကြီးကြုတ်ပြီး မေးတာဗျ။ ကျုပ်လည်း အရိုးလုံးကြည်ကို အံ့သြပြီး ကြည့်နေမိတာပေါ့ဗျာ။

"ဘယ်လိုဖြစ်တယ်တော့ မသိဘူး အောင်ဘကျော်ရေ ရွာပြင်က ကျားက တစ်ချက်ဟိန်းလိုက်တိုင်း အောင်ဖြူမက လာပါပြီရှင့်၊ လာပါပြီဆိုပြီး ထ,ထအော်တာဟဲ့၊ ရွာထဲမှာကို ညံနေရောဟေ့၊ တစ်ရွာလုံးက တိတ်ဆိတ်နေတဲ့အချိန်ဆိုတော့ အောင်ဖြူမ အော်တဲ့အသံကြီးက ရွာထဲမှာ လူတိုင်း ကြားရတော့ တာပေါ့ဟာ။ အောင်ဖြူမအသံကလည်း တစ်မျိုးကြီးပဲဟဲ့၊ ဘယ်လိုကြီးမှန်းကို မသိပါဘူးဟာ"

ကျုပ် ဘာလုပ်ရမယ်ဆိုတာ ဆုံးဖြတ်လိုက်ပြီဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်ဘကျော်၊ ကြက်တစ်ကောင် ချက်ခိုင်းဗျာ၊ ပြီးရင် ထမင်းတစ်ခွက်လောက်ချက်၊ ငှက်ပျောဖက်ခင်းပြီး ထမင်းတောင်း ပြင်ရမယ်"

"ဟာ ရမယ်၊ တာတေ၊ ရမယ်၊ ဘယ်အချိန်ကို အပြီး လိုချင်တုံး၊ နောက်ထပ်ရော ဘာလိုသေးလဲ၊ လိုတာရှိ အကုန် ပြောကွာ"

"ဒီရွာမှာ နတ်ဝင်သယ် ရှိလားဗျ"

"ဟာ ရှိပါ့ဗျာ၊ ဒေါ်ယုံးကြည်ဆိုတာ အမေဂျမ်းခေါင်းစွဲ ဆိုလား၊ အမေရေယဉ်ခေါင်းစွဲဆိုလားပဲကွ၊ အရှေ့ပိုင်းမှာနေ တာ၊ ငါနဲ့ လွတ်ခင်တာကွ၊ အမေနဲ့လည်းခင်တယ်၊ ဒေါ်ယုံးကြည် ကို ငါတို့ ဘာပြောပေးရမှာတုံး"

"ညနေခြောက်နာရီကျော်လောက် အရောက်လာခဲ့ဖို့ ပြောဗျာ၊ ပြီးတော့ မီးလောင်ကုန်းသင်္ချိုင်းကို ကျုပ်တို့လှည်းနဲ့ သွားမယ်၊ မဖဲဝါကိုပင့်ဖို့ဆိုတာလည်း ထည့်ပြောဗျာ"

"စိတ်ချ တာတေ၊ စိတ်ချ၊ ကဲ ထမင်းကြမ်းလေး စား သောက်ပြီး တစ်ရေးလောက် အိပ်လိုက်ကြရအောင်ကွာ"

ကိုအောင်ဘကျော်က ပြောတော့ ဘိုးစိန်ဖြူက ပြော တယ်ဗျ။

"မင်းတို့နှစ်ယောက် စိတ်ချလက်ချသာ အိပ်ကြပါကွာ၊





မောင်တာတေ လိုတာတွေ ဘိုးတို့အားလုံး စီစဉ်ထားမှာပါ၊ ခဏ ကြာရင် ရွာကလူကြီးတွေ ရောက်လာကြမှာကွ၊ အားလုံးက မောင်တာတေ လိုတာပြောဖို့ ဘိုးကို မှာထားပါတယ်"

ကိုအောင်ဘကျော်နဲ့ ကျုပ်နဲ့ ထမင်းကြမ်းစားပြီးတော့ နှစ်ယောက်သား အိပ်ကြတော့တာပေါ့ဗျာ၊ တစ်ညလုံး အိပ်ရေး ပျက်နေတာဆိုတော့ ချက်ချင်းကို အိပ်ပျော်သွားတာပေါ့ဗျာ။

ကျုပ်တို့နှစ်ယောက် အိပ်ရာက နိုးလာတော့ ညနေ သုံးနာရီတောင် ထိုးနေပြီဗျ၊ ကျုပ်လည်း အိပ်ရာက ကပျာကယာ ထပြီး ရေမိုးချိုးလိုက်တယ်၊ ဒီတော့မှ လူလည်း လန်းသွားရောဗျို့။

"မောင်တာတေ အိပ်နေတုန်း ရွာကလူကြီးတွေ လာကြ တယ်၊ မောင်တာတေ ဘာပြောတုံးဆိုတာ သိချင်လို့ပေါ့ကွာ၊ ကျုပ်ကလည်း မောင်တာတေ ပြောပြတာတွေ အကုန်ပြောပြ လိုက်တယ်၊ လိုတာတွေလည်း ပြောပြလိုက်တယ်၊ ညနေ ငါးနာရီ ထိုးတာနဲ့ ဆန်တစ်ခွက်နဲ့ ကြက်တစ်ကောင် ချက်ထားတဲ့ ထမင်း တောင်း ရောက်လာလိမ့်မယ်၊ ယုံးကြည်ကိုတော့ မင်းအရီး သွား ခေါ်ထားပြီးပြီ"

"ဟာ ဒါဆိုရင် ရပါပြီ ဘိုးရဲ့၊ ဒီကျားနတ်ကြီးနဲ့ ဇရပ်ပေါ် တလူဟာ ဘာဆိုတာကိုတော့ ကျုပ်က အတိအကျ မပြောနိုင် သေးဘူးဗျ၊ ဒီည မဖဲဝါကို ပင့်ပြီးရင်တော့ ဘာဆိုတာ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြောပြလို့ ရပါပြီ ဘိုးရာ"

"ဟဲ့ တာတေနဲ့ အောင်ဘကျော်၊ နင်တို့နှစ်ယောက်လည်း ထင်းကြမ်းစားပြီးကတည်းက အိပ်လိုက်ကြတာ၊ ထမင်းလည်း ထမစားကြဘူး၊ အရီးချက်ထားတဲ့ ထမင်းတွေ ဟင်းတွေက ဒီအတိုင်းပါကောလား"

"အရီးရေ ညစာကျမှပဲ ပေါင်းစားတော့မယ်ဗျာ"

ကျုပ်က အရီးကို ပြောတော့ အရီးက ဘာမှမပြောဘဲ ရယ်နေတယ်ဗျ။ ကိုအောင်ဘကျော်က ခေါင်းကြီးရမ်းပြီး ပြောလိုက်တယ်ဗျို့။

"အမေရယ်၊ ကျုပ်ဖြင့် ညက ကြောက်လိုက်တာဗျာ၊ ရေပ်ပေါ်က သျှောင်ထုံးနဲ့ လူကြီးက ကျားနက်ကြီးကို ခေါင်းကြီးပွတ်ပေးနေတာတွေ့တော့ ကျုပ်မှာ အသည်းတွေ အူတွေပြောင်းပြန်ဖြစ်သွားသလိုပါပဲဗျာ"

"ဟေ ဟုတ်လား၊ ဒါဆိုရင် ဒီကျားနက်ကြီးက ဒီလူရဲ့ကျားပေါ့ဟဲ့၊ ဘာအကြံနဲ့များ ငါတို့ရွာကို ကျားနဲ့ တိုက်ရတာတုံး"

"ဒါတော့ မသိသေးဘူးလေ၊ အမေရာ၊ ဒီည တာတေ အလုပ်လုပ်မှာလေ၊ အဲဒါပြီးရင် သိရမယ်လို့ တာတေ ပြောထားတာပဲ အမေရ"

"အေး အေး ဒါဆိုရင် ဒီည သိရတော့မှာပေါ့ဟယ်၊





ဒီလူနဲ့ ဒီကျားက တို့ရွာက အောင်ဖြူမကို ဘာများလုပ်မလို့တုံးတယ်"

"ဒါလည်း မပူပါနဲ့ဗျာ၊ တာတေ စီးစဉ်မှာပါဗျ"

"အေး အေး ဟုတ်တာပေါ့၊ နင့်တာတေက အကောင်သာ သေးတာဟဲ့၊ သတ္တိတော့ တော်တော်ရှိတဲ့အကောင်ပဲ"

"ဟား၊ ဟား၊ ဟား၊ ဟား"

ကျုပ်ရော၊ ဘိုးစိန်ဖြူရော၊ ကိုအောင်ဘကျော်ရော ရယ်ကြတော့တာပေါ့ဗျာ။ ကျုပ်တို့ အညာသူ၊ အညာသားတွေက နိုးရိုးကြီးတွေဗျ။ ဘာပြောပြော ပွင့်ပွင့်လင်းလင်းကြီးတွေပေါ့ဗျာ။

ကျုပ်နဲ့ ကိုအောင်ဘကျော် မနက်စာနဲ့ ညစာ ပေါင်းစားပြီးလို့ ဆေးလိပ်ထိုင်သောက်နေတုန်း ဝိုင်းထဲကို လှည်းတစ်စီး မောင်းဝင်လာတယ်ဗျ။

"ဒါ ဘယ်သူတုံးဗျ ကိုအောင်ဘကျော်"

"ဟာ အဲဒါ နတ်ဝင်သည်ကြီး ဒေါ်ယုံးကြည်လေကွာ"

"လှည်းက ထမင်းတောင်းယူရင်း ယုံးကြည်ကိုပါ ခေါ်လာခဲ့တာဟေ့"

အရီးလုံးကြည်က ပြောတယ်ဗျ။ လှည်းပေါ်မှာလည်း ကျောက်ခဲတို့အရွယ်လောက် ကောင်လေးနှစ်ယောက်လည်း ပါလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် စံပ၊ မင်းလည်း အိမ်ပေါ်တက်ဦးလေကွာ"

"ဟာ ကျုပ် မတက်တော့ဘူး ဘိုးစိန်ဖြူရေ၊ အရိုးဘုမတို့ ဝိုင်းထဲမှာ ပြောင်းရိုးသွားတိုက်ရဦးမှာမို့ဗျ"

"ဩော် အေး အေး"

ကောင်လေးတစ်ယောက်က ထမင်းတောင်းထမ်းပြီး အိမ်ပေါ်တက်လာတယ်။

ကျုပ်က နတ်ဝင်သည် ဒေါ်ယုံးကြည်ကို ကျုပ်လုပ်မယ့် ပုံစံကို ပြောပြတယ်။ ဒေါ်ယုံးကြည်က အသားဖြူဖြူ၊ ထောင်ထောင်မောင်းမောင်းကြီးဗျ။

"ကျုပ်က မောင်တာတေကို မမြင်ဘူးသေးပေမဲ့ ကြားဖူးပြီးသားပါတော်၊ မထွန်းတို့ မတုတ်တို့ ကျုပ်နဲ့တွေ့တဲ့အခါတိုင်း မောင်တာတေ့အကြောင်းကို ပြောနေကျပါ။ မောင်တာတေကို မဖဲဝါ တစ်ခါပင့်ပေးပြီးတိုင်း ကျန်းမာရေး ပိုကောင်းတဲ့အကြောင်း၊ စီးပွားပိုဖြစ်တဲ့အကြောင်းတွေတောင် ပြောကြတာတော့"

"ဟင် ဟုတ်လား၊ အဲဒါတွေတော့ ကျုပ်တောင် မသိပါဘူးဗျာ"

"ဒါကြောင့် ဒီကောင်မနှစ်ယောက်က မောင်တာတေ





လာခေါ်ရင် ဘယ်တော့မှ မငြင်းကြတာပေါ့"

ကျုပ်က ပြုံးပြီး ခေါင်းညိတ်လိုက်တယ်။

ညရှစ်နာရီမှာ ကိုအောင်ဘကျော်က လှည်းကောက်ပြီး ကျုပ်ရယ်၊ ဒေါ်ယုံးကြည်ရယ်၊ ကောင်လေးနှစ်ယောက်ရယ် မီးလောင်ကုန်းသချိုင်းဘက်ကို ထွက်ခဲ့ကြတာပေါ့ဗျာ။

ငွေတွင်းကုန်းသချိုင်းမှာ လုပ်လို့မဖြစ်ဘူးလေဗျာ၊ ဇရပ်ပေါ်မှာ ကျားနက်ဆရာကြီး ရှိနေတယ်မို့လား။

မီးလောင်ကုန်းသချိုင်းကို ရောက်တာနဲ့ ခါတိုင်းလိုပဲ ဝူကြီးတစ်လုံးပေါ်မှာ မဖဲဝါအတွက် ထမင်းပွဲပြင်လိုက်တယ်၊ အသင့်ယူလာတဲ့ ရေဖလားကြီးထဲကို ရေဖြည့်လိုက်တယ်၊ ဖယောင်းတိုင် တစ်တိုင်လည်း ထွန်းလိုက်ရတာပေါ့ဗျာ။

နတ်ကတော် ဒေါ်ယုံးကြည်တတော့ လုပ်ငန်းကျွမ်းကျင်ပြီးသားလေဗျာ၊ ဂူရှေ့က မြက်ခင်းလေးမှာ ဆံပင်ကို ဖားလျားချပြီး ကြုံ့ကြုံ့ကလေး ထိုင်လို့ဗျ၊ လက်အုပ်ကလေးကလည်း ချီပြီးသားလေ။

အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကွန်း၊ မြောက်မြဝံအတွင်း သချိုင်းရှင်မ မဖဲဝါ ရှိလေရာ အရပ်ကနေ အမြန်ကြွလာခဲ့ပါ။ ကျုပ် တာတေက မဖဲဝါအတွက် စားပွဲသောက်ပွဲနဲ့ ကြိုပါတယ်ဗျာ၊ အမြန်ဆုံး ကြွခဲ့ပါ မဖဲဝါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ခဏစောင့်ကြည့်တယ်။ ကိုအောင်ဘကျော်နဲ့ ငွေတွင်းကုန်းသား ကောင်လေးနှစ်ယောက်က ခပ်လှမ်းလှမ်းက သမုန်းပင်အောက်မှာ ရပ်နေကြတယ်ဗျ။ ကျုပ် လုပ်နေတာတွေကို မျက်တောင်မခတ် ကြည့်နေကြတာပေါ့ဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟာ မဖဲဝါ ဒီတစ်ခါ တော်တော်မြန်တာပဲဗျ။ ဒီအနီးအနားမှာကို ရှိနေပုံပဲဗျို့။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟာ ခွေးအူသံကြီးက တဖြည်းဖြည်း နီးလာပြီဗျို့။ နွားပေါက်တစ်ကောင်လောက်ရှိတဲ့ ခွေးနက်ကြီး ဆိုတာတော့ အရင်စာအုပ်တွေမှာ ကျုပ်ရေးပြခဲ့ဖူးပါတယ်။ ဟာ ဟိုမှာဗျို့ ဟိုမှာ မဖဲဝါကြီး ရွှေ့လာပြီဗျို့။ ဂူတွေအပေါ်က ရွှေ့လာတာဗျ။ အရပ်ကြီးက ဆယ်ပေလောက်ကို ရှိတာဗျ။ မျက်လုံးကြီးနှစ်လုံးကလည်း လက်ဖက်ရည်ပန်းကန်လောက် ရှိတာဗျ။ မှောင်ထဲမှာကို ရဲတောက်နေတာဗျာ။ ဖြူဖြူကြီးဗျ။ ဆံပင်က ဖားလျားကြီး ချလို့ပေါ့ဗျာ။

ဟော သချိုင်းအလယ်လောက်ရောက်တော့ မဖဲဝါ တုံ့ကနဲ ရပ်သွားတယ်ဗျ။ ပြီးတော့မှ ဒေါ်ယုံးကြည်ကို စိုက်ကြည့်လိုက်တယ်။ ဟာ ဝင်သွားပြီဗျ။ ဒေါ်ယုံးကြည်ကိုယ်ထဲကို ထိုးဝင်





သွားတာဗျာ။

ဟော ဟော ဒေါ်ယုံးကြည်ကြီး လက်ကြီးတွေ အပေါ် မြှောက်တက်လာတယ်။ ကွေးကွေးကောက်ကောက်ကြီးတွေပေါ့ဗျာ။ ဟာ ဟာ လက်နှစ်ဖက်နဲ့ ခေါင်းက ဆံပင်ကို သပ်တင်လိုက်တယ်ဗျ။

ဟာ ခုန်ပြီဗျို့။ မဖဲဝါ ခုန်လိုက်ပြီ။ ဂူကြီးပေါ်ကို လွှားကနဲ ရောက်သွားတာဗျ။ ဟော ဒူးကြီးနှစ်ဖက်ထောင်ပြီး ထမင်းပွဲကို ငုံ့ကြည့်တယ်။ ဟော စားပြီဗျို့။ စားပြီ။ မဖဲဝါ အားရပါးရကို စားတာဗျို့။ ကြက်ရိုးတွေ ဝါးလိုက်တာများ ဂျိုးဂျိုးဂျွတ်ဂျွတ်ကို နေတာပဲဗျာ။

ကျုပ် နောက်ကို လှည့်ကြည့်လိုက်တော့ ကိုအောင်ဘကျော်ရော ကောင်လေးနှစ်ယောက်ပါ မဖဲဝါဝင်နေတဲ့ ဒေါ်ယုံးကြည်ကြီးကို ကြည့်နေလိုက်ကြတာ မျက်တောင်တောင် မခတ်ကြဘူးဗျ။ ကျုပ်လည်း မဖဲဝါကို မျက်တောင်မခတ်ကို ကြည့်နေရတာပေါ့ဗျာ။

ဟော ကျုပ်ကို ကြည့်ပြီဗျ။ ကြည့်နေပြီ။ ဒီအကြည့်ကို ကျုပ် သိပြီးသားပေါ့ဗျာ။

"ဟဲ့ တာတေ၊ ဘာအကြောင်းရှိလို့တုံး"

လို့ မေးတဲ့ မဖဲဝါကြီးရဲ့ အကြည့်လေဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ မဖဲဝါ၊ ငွေတွင်းကုန်းမှာ ငါးည ရှိသွားပြီ၊ ဆယ့်နှစ်တောင်လောက်ရှိတဲ့ ကျားနက်ကြီးတစ်ကောင်ဟာ ညသန်းခေါင်ရောက်တာနဲ့ ဘယ်ကပေါ်လာမှန်း မသိဘဲ ပေါ်လာတော့တာပဲဗျ၊ ရွာကိုပတ်ပြီး တစ်ညလုံး ဟိန်းတော့တာပါပဲဗျာ၊ ငွေတွင်းကုန်းသချိုင်းဇရပ်ပေါ်မှာလည်း သျှောင်ထုံးနဲ့လူကြီးတစ်ယောက် ရောက်နေတယ်၊ မနေ့ကညကတော့ ကျုပ် သွားချောင်းကြည့်တာ ဒီလူက ကျားနက်ကြီးရဲ့ခေါင်းကို ပွတ်သပ်ပြီးတော့ စကားပြောနေတာဗျ၊ ငွေတွင်းကုန်းရွာထဲမှာလည်း မအောင်ဖြူ ဆိုတဲ့ မိန်းကလေးတစ်ယောက်က လာပါပြီရှင့်၊ လာပါပြီလို့ ညက အော်နေတယ် မဖဲဝါ"

"နင် နားထောင် တာတေ၊ အဲဒါ ကျားနက်ရှင် ငရွှေသင်ပဲဟဲ့၊ ကုန်းဘောင်ခေတ်ဦးတည်းက ရှိခဲ့တာ အခုအထိပဲ၊ ကျားမှော်အောင်ထားတဲ့အကောင်ပဲ၊ ရွာဦးနတ်စင်တနေ ကျားနက်ရုပ်ကလေးနဲ့ တိုက်နေတာဟေ့၊ ငွေတွင်းကုန်းက တနင်္ဂနွေသမီး မအောင်ဖြူကို ကျားနဲ့ တိုက်သတ်ပြီး နှလုံးကို ဖောက်ထုတ်စားရမှာ၊ ဒါမှ သူ့အသက် နောက်တစ်ပြန် ဆက်လို့ရလိမ့်မယ်၊ မနက်ဖြန် လကွယ်ညမှာ အောင်ဖြူရဲ့ နှလုံးကို စားရမှ ဖြစ်မှာ"

"ဟာ ဖြစ်မှဖြစ်ရလေဗျာ၊ ကယ်ပါဦး သချိုင်းရှင်မကြီးရယ်"





ကျုပ်က စိုးရိမ်တကြီး ပြောလိုက်တော့ မဖဲဝါက ခေါင်းကြီး တဆတ်ဆတ်ညိတ်ပြီး ပြောတယ်ဗျ၊

"ဘာမှမစိုးရိမ်နဲ့ တာတေ၊ ကျားနက်ရှင် ငရွှေသင် မအောင်ဖြူရဲ့ နှလုံးကို မစားရစေဘူး၊ ဒီအကောင် ကံကုန်ပြီ၊ အဝီစိငရဲမှာ ခံရတော့မယ့်အချိန် ရောက်နေပြီ၊ ဒီညသန်းခေါင် ကျော်ရင် ငွေတွင်းကုန်းသချိုင်းကို ငါ အရောက်လာခဲ့မယ်"

ပြောပြီး ဆိုပြီး၊ စားလည်းပြီးရောဗျ၊ ရေနဲ့ လက်ဆေးပြီး တစ်ကြိုက်မော့သောက်လိုက်တယ်၊ ပြီးတော့ မဖဲဝါ ထွက်သွားရောဗျို့၊ ဂူပေါ်မှာ လဲကျသွားတဲ့ ဒေါ်ယုံးကြည်ကို ကျုပ်နဲ့ ကိုအောင်ဘကျော်က ပြေးပွေ့တယ်၊ ကျုပ်က ဒေါ်ယုံးကြည်ရဲ့ မျက်နှာကို ရေနဲ့တောက်လိုက်တော့မှ သတိရသွားတယ်ဗျ၊

ကျုပ်တို့ငွေတွင်းကုန်းကို လှည်းနဲ့ ခပ်သုတ်သုတ်မောင်းပြီး ပြန်လာခဲ့ကြတယ်၊

ရွာရောက်တော့ အိမ်မှာ ရွာထဲက ကာလသားတွေနဲ့ လူကြီးတွေ ရောက်နေကြတယ်ဗျ၊

ကျုပ်က မဖဲဝါ ပြောတာကို ထိုက်သင့်သလောက် ပြန်ပြောပြလိုက်တယ်၊ ကျုပ် အခန်းထဲဝင်ပြီး မျက်ကွင်းဆေး ကွင်းတယ်၊ ဆေးအိတ်ကို စလွယ်သိုင်းလွယ်ပြီး ငွေတွင်းကုန်းသချိုင်းဆီ ထွက်လာခဲ့တယ်၊ ကိုအောင်ဘကျော်က ငါးတောင့်ထိုး အဲဒ



www.burmeseclassic.com

www.burmeseclassic.com



ဒရိစာတ်မီးတစ်လက်ကို ကိုင်ပြီး လိုက်လာတယ်ဗျ။

မနေ့ညက သွားတဲ့ လမ်းကြောင်းအတိုင်းပဲ သွားကြပြီး မြရာပင်တွေကြားထဲက ဂူမှာပဲ တက်နေလိုက်တယ်။ အခုမှ ညဆယ်နာရီပဲ ရှိသေးတာဗျ။ ကျုပ်တို့ စောင့်ရဦးမှာပေါ့ဗျာ။

လူ့စိတ်ဆိုတာကလည်း ခက်သားလားဗျာ၊ တစ်ခုခုအပေါ်မှာ စိတ်စောနေရင် အချိန်တွေက ကုန်နိုင်ခဲတယ်လို့ ထင်ကြတာမို့လား။ နှစ်နာရီလောက် အချိန်ကိုပဲ ကျုပ်တို့မှာ ကုန်နိုင်ခဲတယ်လို့ ထင်နေတာဗျ။

"ဝုန်း၊ ဝုန်း၊ ဝုန်း"

ဟော ကျားဟိန်းပြီဗျို့။ မဖဲဝါပြောတဲ့အတိုင်းပါပဲဗျာ။ ရွာဦးနတ်စင်ဘက်က အသံစကြားရတာဗျ။

"ဝုန်း၊ ဝုန်း၊ ဝုန်း၊ ဝုန်း၊ ဝုန်း"

ဟော အသံကြီးက ကျုပ်တို့ဘက်ကို ရွေ့လာပြီဗျို့။ ကျားနက်ရှင် ငရွှေသင်ကတော့ သချိုင်းဇရပ်ပေါ်က ဆင်းလာပြီဗျို့။ အောင်မာ ဒီလူ လွယ်အိတ်ကို စလွယ်သိုင်း လွယ်လို့ဗျ။ ဒီကနေ အပြီးသွားတော့မယ့်ပုံပဲ။ ရွာထဲက မအောင်ဖြူကလည်း အခုလောက်ဆိုရင် အော်ဟစ်နေရောပေါ့ဗျာ။

ကျုပ်က ဒီကိုမလာခင်ကတည်းက မှာခဲ့ပြီးသားဗျ။ မအောင်ဖြူ အိမ်ကို ရွာထဲက အားကောင်းမောင်းသန် မိန်းမတွေ





ရော၊ ယောကျ်ားတွေပါ ခေါ်ထားပြီး မအောင်ဖြူကို မလွတ်တမ်းချုပ်ထားကြဖို့ပေါ့ဗျာ။

"ဝူ၊ ဝူ၊ ဝူ၊ အီး၊ အီး၊ အီး"

ဟာ ခွေးအူသံကြီးဗျို့။ ဒါ မဖဲဝါရဲ့ခွေးကြီး အူတဲ့အသံဗျ။ မဖဲဝါလည်း လာနေပြီပဲ။

"ဝုန်း၊ ဝုန်း၊ ဝုန်း၊ ဝုန်း"

ခွေးအူသံ ကြားလိုက်တော့ ကျားနက်ကြီးက ပိုပြီးဟိန်းရောဗျို့။ ဟော ကျားနက်ကြီး သချိုင်းထဲကို ရောက်လာပြီဗျို့။ ငရွှေသင်က ကျားနက်ကြီးရဲ့ခေါင်းကို ပွတ်သပ်ပြီး တစ်ခုခုပြောနေတဲ့ပုံပဲဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟာ မဖဲဝါကြီး ဂူတွေပေါ်က ရွေ့လာပြီဗျို့။ အရပ်ကြီးဆယ်ပေလောက်နဲ့ ဆံပင်ဖားလျားကြီးချလို့ဗျာ။ သူ့ရဲ့ခွေးကြီးက ဂူတွေကြားက ပြေးပြီးလိုက်လာတယ်။

ငရွှေသင် ဆိုတဲ့ ကျားနက်ရှင်က နောက်ကို တစ်ချက်လှည့်ကြည့်တယ်။

"အောင်မာ ရာရာစစ သရဲမက ဒီကို ဘာလာလုပ်တာတုံး"

ဟာ ဒီလူ မဖဲဝါကို မြင်ရတာကိုး၊ ဘျုပ် တော်တော်



www.burmeseclassic.com

www.burmeseclassic.com



အုံဩသွားတယ်။

မဖဲဝါက ဂူပေါ်ကနေ အောက်ကို ကိုင်းကိုင်းကြီးလုပ်ပြီး သူ့ခွေးကြီးရဲ့ကျောကို လက်နဲ့သပ်လိုက်တယ်။ သုံးချက်သပ်တာပျ။

"ဝုန်း၊ ဝုန်း"

ဟာ မဖဲဝါရဲ့ခွေးကြီးက ကျားကြီး ဖြစ်သွားပါရောလားဗျား။ ကျားမှ တကယ့်ဘင်္ဂလားကျားကြီးဗျ။ အဝါနဲ့အနက်စင်းကြီးဗျို့။ ဆယ့်ငါးတောင်လောက် ရှိမယ်။ အရပ်ကြီးကလည်း နည်းနည်းနောနော မဟုတ်ပါဘူးဗျာ မြင်းကြီးတစ်ကောင်လောက်တို မြင့်တာဗျ။ မဖဲဝါက ကျားကြီးရဲ့ ကျောပေါ်ကို လွှားကနဲ ခုန်တက်လိုက်တယ်။

"ဟဲ့ သရဲမ၊ နင်နဲ့ ဘာမှမဆိုင်ဘူး၊ အခုချက်ချင်း ထွက်သွား"

"ဟား၊ ဟား၊ ဟား၊ အိး၊ ဟိး၊ ဟိး"

မဖဲဝါရဲ့ ရယ်သံကြီးဗျ။ ကျားနက်ရှင် ငရွှေသင်ကလည်း သူ့ရဲ့ ကျားနက်ကြီးပေါ်ကို ခွပြီးစီးလိုက်တယ်။

"ကဲ လာခဲ့စမ်း သရဲမ၊ ဒီညတော့ နင် တစ်ခါထပ်ပြီး မသာပေါ်မယ့်ညပဲဟေ့"

"ဟိး၊ ဟိး၊ ဟိး၊ ဟိး"





"ဝုန်း၊ ဝုန်း၊ ဝုန်း"

မဖဲဝါရဲ့ ကျားကြီးဟိန်းလိုက်တဲ့ အသံဗျို့။ ဟာ ကျားနက်ကြီးက အဲဒီအသံကြားတော့ နောက်ကို ခြေနှစ်လှမ်းဆုတ်သွားတယ်ဗျို့။

"တယ် ငါလုပ်လိုက်ရ သေတော့မယ်၊ အဲဒါ ကျားမဟုတ်ဘူးဟဲ့၊ ခွေး၊ ခွေး၊ ကျားက ခွေးကို ကြောက်ရတယ်လို့၊ ထဲ အခုချက်ချင်း ဒီခွေးစုတ်၊ ခွေးဝဲစားကို ပြေးကိုက်လိုက်စမ်း"

ဟာ ပြေးတယ်ဗျို့၊ ပြေးတယ်။ ငရွှေသင်ရဲ့ ကျားနက်က ပြေးပြီးတော့ မဖဲဝါ စီးထားတဲ့ ကျားကြီးကို ခုန်အုပ်မလို ဟန်ပြင်လိုက်တယ်ဗျို့။

"ဝုန်း၊ ဝုန်း"

မဖဲဝါ စီးထားတဲ့ ကျားကြီးက ဝုန်းကနဲ နှစ်ချက်ဆင့်ဟိန်းပြီး ကျားနက်ကို သူ့ရဲ့လက်ဝါးကြီးနဲ့ လှမ်းပြီးပုတ်လိုက်တယ်။

"ဘုန်း"

ဟာ ကျားနက်ကြီး ဘုန်းကနဲ လဲကျသွားတာဗျို့။ ငရွှေသင်လည်း သချိုင်းမြေပေါ်ကို လွင့်ကျသွားရောဗျို့။

"တောက် ငါ လုပ်လိုက်ရ သေတော့မယ်၊ ဟဲ့ကောင် အခုထစမ်း"

ကျားနက်ကြီးကလည်း လူးလဲပြီး ထသဗျ။ ငရွှေသင်ဟာ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ကျားနက်ကြီးကို ခွစီးပြန်ရောဗျ။

"ဝုန်း၊ ဝုန်း၊ ဝုန်း"

အောင်မာ သူ့ကျားနက်ကလည်း အာဂပဲဗျ။ ဝုန်းကနဲ၊ ဝုန်းတနဲ ဟိန်းလိုက်ပြီးတော့ မဖဲဝါရဲ့ ကျားကြီးကို တစ်ရှိန်ထိုး ပြေးဝင်တာဗျို့။

"ဝုန်း"

မဖဲဝါစီးတဲ့ ကျားကြီးက 'ဝုန်း'ဆို တစ်ချက်ဟိန်းပြီး ကျားနက်ရှင် ငရွှေသင်ကို ခုန်အုပ်ပြီး ပါးစပ်ကြီးနဲ့ ကိုက်လိုက်ရောဗျို့။

"ဝေါင်း၊ ဝေါင်း၊ ဝေါင်း"

မဖဲဝါကျားကြီးရဲ့ မာန်ဖီသံက တကယ့်ကို ကြောက်စရာကြီးပါဗျာ။

ခါပြီဗျို့၊ ဆွဲခါနေပြီ။ ရောမ ကျားပါးစပ်ကြီးထဲမှာ ငရွှေသင် ဆန့်ငင် ဆန့်ငင် ဖြစ်နေရောဗျာ။ ကျားကြီးက ငရွှေသင်ကို ဆွဲခါနေတာဗျ။ ကြောင်တွေများ ကြွက်ခုတ်တဲ့အခါ ကြွက်ကို ပါးစပ်ထဲမှာကိုက်ပြီး ခါနေသလိုပေါ့ဗျာ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟား၊ ဟား၊ ဟား"

မဖဲဝါရဲ့ ရယ်သံကြီးက သချိုင်းတစ်ခုလုံးကို လွှမ်းသွားတာဗျ။

ငရွှေသင်ရဲ့ ကျားနက်ကြီးကတော့ လှုပ်လည်း မလှုပ်





တော့ဘူးဗျို့။ ငြိမ်ပြီး အရုပ်ကြီးတစ်ရုပ်လိုကို ဖြစ်နေတာဗျ။

"အား"

ငရွှေသင် အော်လိုက်တဲ့ ဝမ်းခေါင်းသံကြီးဗျ။ မချိမဆံ့ အော်လိုက်တဲ့ ငရွှေသင်ရဲ့ အသံကြီးအဆုံးမှာ ကျားနက်ကြီး ပျောက်သွားတယ်။ ငရွှေသင်လည်း ငြိမ်သွားတော့တာပေါ့ဗျာ။

သွားပြီလေ။ ကျားမှော်အောင်ထားတဲ့ ကျားနက်ရှင်ကြီး ငရွှေသင်။ အသက်ရာကျော်ရှိတဲ့ မှော်ကဝေကြီးတော့ ဘဝနိဂုံးချုပ်သွားပြီပေါ့ဗျာ။ မဖဲဝါရဲ့ ကျားကြီးက ပါးစပ်ထဲမှာကိုက်ပြီး ခါနေတဲ့ ငရွှေသင်ကို မြေကြီးပေါ်မှာ ချထားလိုက်တယ်။ ပြီးတော့ ဂူတွေပေါ်ကိုကျော်ပြီး လွှားကနဲ လွှားကနဲ ခုန်ပြီး သချိုင်းထဲက ပြေးထွက်သွားတယ်။ မဖဲဝါကတော့ ကျားကြီးရဲ့ ကျောပေါ်မှာ စီးလျက်သားကြီးနဲ့ ပါသွားလေရဲ့ဗျာ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ကျုပ်နဲ့ ကိုအောင်ဘကျော်လည်း စောစောက ကျားနက်ကြီး ပျောက်သွားတဲ့နေရာကို အပြေးအလွှားသွားပြီး ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တယ်။

"ဟာ ဒီမှာဗျို့ ကျားနက်ရုပ်ကလေး"

ကျုပ်က မြက်ပင်တွေကြားက ကျားနက်ရုပ်ကလေးကို ကောက်ယူလိုက်တယ်။ ရွှံ့နဲ့လုပ်ပြီး ဆေးသုတ်ထားတဲ့ နာနာရုပ်



www.burmeseclassic.com

www.burmeseclassic.com



ကျားကလေးဗျ။ ဒါကို နတ်စင်မှာထားပြီး ရွာကို ကျားနက်နဲ့ တိုက်တာပေါ့ဗျာ။ အခုတော့ ကျားနက်ရှင် ငရွှေသင် သွားပြီပေါ့။ မဖဲဝါ ပြောသလိုဆိုရင်တော့ မဟာအဝီစိငရဲအထိ ရောက်သွားမှာပေါ့။

ကျုပ်က ကျားနက်ရုပ်ကလေးကို သစ်ရွက်တစ်ရွက်ချူးပြီး ထုတ်လိုက်တယ်။ ကျုပ်တို့ ရွာထဲရောက်တော့ ရွာသားတွေလည်း အကျိုးအကြောင်းအားလုံး သိသွားပြီး ပျော်သွားကြတာပေါ့ဗျာ။ မအောင်ဖြူလည်း ငြိမ်သွားပြီတဲ့ဗျို့။

ညတွင်းချင်းပဲ သချိုင်းထဲမှာ သေနေတဲ့ ကျားနက်ရှင် ငရွှေသင်ကို မြှုပ်လိုက်ကြတယ်ဗျ။

ကျုပ်ကိုတော့ နောက်တစ်နေ့မှာ ကိုအောင်ဘကျော်က လှည်းနဲ့ ရွာအထိ လိုက်ပို့တယ်။

**တာတေ**

ပပပ

အရှေ့ဘက်ကောင်းကင်



# သွားနှုတ်တဲ့ တစ္ဆေ

ဒီလိုမျိုး ကျုပ်တို့အညာမှာ ရွာခဲတယ်ဗျ။ ဘယ့်နှယ်ဗျာ။ ညသန်းခေါင်ကျော်လောက်က စရွာတာ ခုထိကို မတိတ်သေး

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျ။ ဆွမ်းခံဝင်ချိန်တောင် ရောက်ပြီလေဗျ။ ကောင်းကင်ကြီး တစ်ခုလုံး မည်းလို့ဗျ။ တိတ်သွားလိုက်၊ ခဏကြာရင် ရွာချလိုက်နဲ့ ဗျ။

ကျုပ်တို့တောင်သူကတော့ ဒီလိုမျိုး လွတ်ကြိုက်တာပေါ့ ဗျာ။ ထွန်တုံးကို ပခုံးမှာထမ်းပြီး နွားနှစ်ကောင်ဆွဲပြီး ယာထဲ တန်းဆင်းကြတာဗျ။ အဲဒီထဲမှာ တာတေက ရှေ့ဆုံးကပေါ့ဗျာ။

လူတွေ ယာထဲရောက်တုန်း ထွန်တုံးတပ်တုန်း ရှိသေး ဗျာ။ ကျုပ်က တစ်စပ်လောက်တောင် ထွန်ပြီးနေပြီလေဗျာ။ မိုးကလည်း တစ်ဖြိုက်လောက်ရွာလိုက်၊ တိတ်သွားလိုက်နဲ့ဗျ။ ကျုပ်က အိမ်ကထွက်လာကတည်းက အမေ့ကို တစ်ခါတည်း မှာပြီးသားဗျ၊ ကျုပ်ကို ထမင်းတောင်း ပို့ပေးဖို့လေဗျာ။ ဒီအခါမျိုး မှာ ယာကို ဖိထွန်ထားရမှာဗျ။

အဘ ထမင်းတောင်း လာပို့တော့ မွန်းတောင်တည့် တော့မဗျ။ ဒါပေမဲ့ ခုထိ တစ်ချက်မှ နေမမြင်ရသေးဘူး။ အမေ ချက်တဲ့ ကြက်သားကာလသားချက် စပ်စပ်လေးနဲ့ ထမင်းက လည်း စားကောင်းပေါ့ဗျာ။

စားသောက်ပြီးတော့ ထနောင်းပင်လေးအောက်မှာ ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးဖွာပြီး နားနေတယ်။ ကျုပ် လည်းနား နွားကြီးတွေလည်း နားပေါ့ဗျာ။





ပြီးခဲ့တဲ့ မိုးကလေး တစ်ဖြိုက် နှစ်ဖြိုက်ကတည်းက ကုန်းရိုးထလာတဲ့ မြက်ခင်းစိမ်းစိမ်းကလေးတွေကတော့ ဒီကောင်ကြီးတွေ အကြိုက်ပေါ့ဗျာ။ ထန်းပင်ကြီးတွေအောက်က မြက်ခင်းပေါ်မှာ ဒီကောင်တွေ တစ်ဝကြိတ်နေကြတာဗျ။

ကျုပ် ထွန်တုံးပြန်တပ်တဲ့အချိန်မှာ ဒီကောင်တွေ အစာ ဝနေပြီဗျ။ ညနေ ငါးနာရီလောက်အထိကို ကျုပ် ထွန်ပစ်လိုက် တာ၊ နောက်နေ့ကျတော့ မိုးမရွာတော့ဘူး၊ ဒါပေမဲ့ ယာမြေတွေ က စိုထိုင်းထိုင်းကလေး၊ ကျုပ်တို့တောင်သူကြိုက် အနေအထား ပေါ့ဗျာ။

တစ်ပတ်လောက် ရက်ဆက်ထွန်ပြီးတော့ ကျုပ်တို့ယာ တွေ နှံ့သွားပြီဗျ။ ကျုပ်က ရှေ့ကထွန်ပြီးသလောက် အဘက နှမ်းကြဲတာဗျ။ ကျုပ် ယာအားလုံးထွန်ပြီးတော့ အဘကိုကူပြီး နှမ်းကြဲပေးလိုက်တာ၊ အလုပ်တွေအားလုံး ပြီးရောဆိုပါတော့ဗျာ။

မိုးကောင်းတုန်း ဇောကပ်ပြီး လုပ်လိုက်တာ ပင်ပန်းလို့ ပင်ပန်းမှန်းကို မသိပါဘူးဗျာ။

အလုပ်တွေအားလုံးပြီးလို့ နောက်တစ်ရက်ရောက်တော့ ကျုပ် ဖျားပါရောဗျာ။ ကျုပ်တို့ရွာဓလေ့ပေါ့ဗျာ။ ကြပ်ခိုးနဲ့ ကွမ်း ရွက်ပြုတ်ရည်သောက်၊ ဆရာမောင်ဆေးနီလုံးသောက်။ မရ တော့ ဝန်းနီကျော် သောက်ပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ချေးကလေးထွက်လာလိုက် အပူကျသွားလိုက်၊ ချေးခြောက်သွားလိုက် အပူပြန်တက်လိုက်နဲ့ လုံးချာလိုက်နေရောဗျို့၊ ရက်လည်း မနည်းတော့ဘူး။

"ဟဲ့မငွေစိန် နင့်သားတော့ ဗမာဆေးနဲ့ မတိုးဘူးထင်တယ်၊ ဆေးထိုးဆရာ ခေါ်မှထင်တယ်"

အဘက အမေ့ကိုပြောတော့ အမေက ခေါင်းလေးညိတ်တယ်။

"ကျုပ်လည်း တော်ကို အဲဒါပြောမလို့ပဲ ကိုညာဏ်ရေ၊ ဒီနေ့မှ မကျရင်တော့ ဆေးထိုးဆရာ ခေါ်ဖို့ပဲတော်"

"အို ငွေစိန်ကလည်း ဆေးထိုးဆရာခေါ်မှဖြင့် ဒီနေ့ဘာစောင့်ကြည့်ဖို့လိုတုံးဟ၊ အခုပဲ သွားပင့်စို့ပေါ့ဟယ်၊ တဲ ငါ အခုပဲသွားမယ်"

ကျုပ်လည်း တော်တော်နုံးနေပြီဗျ၊ ဆေးထိုးဆရာက မီးလောင်ကုန်းမှာ ရှိတာလေဗျာ၊ အဲဒီမှာက အစိုးရ ကျန်းမာရေးဆေးခန်းရှိတယ်၊ ဆေးမှူးတစ်ယောက် အမြဲထိုင်တယ်၊ အနီးအနားရွာတွေလည်း လိုက်ကုတယ်။

ဒါပေမဲ့ အိမ်ပင့်ရင်တော့ ခြေကြွခဆေးဖိုးတော့ ရှိတာပေါ့ဗျာ၊ ကျုပ်တို့ဆီမှာတော့ အိမ်ပင့်တဲ့ဓလေ့က ရှိနေပြီပေါ့ဗျာ၊

အဘ ပြန်လာတော့ ဆရာ ပါလာတယ်၊ လူက ပုပြတ်





ပြတ်ဗျ၊ နာမည်က ဦးငွေဆွေလို့ ခေါ်တယ်၊ ဆေးလိပ်တော့မသောက်ဘူး၊ ကွမ်းတော့ လွှတ်ကြိုက်တဲ့လူဗျ၊ သဘောကလည်း အားကြီးကောင်းတာပါဗျာ၊ ဆေးကလည်း လိုက်သားဗျ၊ ကျုပ်တို့ဒေသက လူတွေကတော့ ဦးငွေဆွေကို လွှတ်အားကိုးကြတာပေါ့ဗျာ၊ ကျုပ်နဲ့လည်း အလွန်ခင်ပါတယ်၊ ကျုပ်လှည်းနဲ့လည်း ဆရာဦးငွေဆွေကို သုံးလေးခါ လိုက်ပို့ဖူးပါတယ်၊

"တာတေ ဘာဖြစ်လို့တုံးကွ၊ သံမဏိတာတေ ဒီတစ်ခါတော့ ဖယောင်းတာတေ ဖြစ်နေပြီလား"

အိမ်ပေါ်ရောက်တာနဲ့တစ်ပြိုင်နက် ဆရာဦးငွေဆွေက ကျုပ်အိပ်ရာဘေးမှာ ဆေးအိတ်ကလေးချပြီး ကျုပ်ကို ရယ်ရယ်မောမော နှုတ်ဆက်တယ်၊

ပြီးတော့ ကျုပ်ကို သွေးပေါင်ချိန်တယ်၊ အပူတိုင်းတယ်၊

"ဟာ အပူက တော်တော်ကို တက်နေပါလား၊ ဘယ်နှရက်ရှိပြီတုံး"

"ဆရာရေ ဆရာမောင်တိုက်၊ ငန်းနီတော့်တိုက်နဲ့ တစ်ပတ်လောက်တော့ ရှိပြီ"

အမေက ဝင်ပြောပြတယ်၊ ဆရာဦးငွေဆွေက ကျုပ်မျက်စိကိုလည်း သေသေချာချာ စစ်တယ်၊

"ကဲ ဒီလိုလုပ်၊ ဒီနေ့ ကျွန်တော် ဆေးထိုးပေးခဲ့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



သောက်ဆေးလည်း ပေးခဲ့မယ်၊ မနက်ဖြန် မနက်စောစော ကျုပ် လာခဲ့မယ်၊ အဘညက် လာမခေါ်နဲ့တော့၊ ကျုပ်ဟာကျုပ်ပဲ လာခဲ့ မယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ ဟုတ်ကဲ့ပါ၊ လာပြီးပင့်ရမယ်ဆိုရင် လည်း ပြောပါဆရာ၊ ကျုပ် အပန်းမကြီးပါဘူး"

"ဟာ မလာနဲ့ အဘညက်၊ ရတယ်၊ ရတယ်၊ ကျွန်တော် ဖာသာ လာခဲ့မယ်၊ အဘညက်က တာတေ မဟုတ်ဘူးလေဗျာ တာတေက ပြဿနာမရှိဘူးဗျ၊ သူ့နောက်မှာ မဖဲဝါတစ်ယောက် လုံး ရှိတာဗျ၊ ဟား၊ ဟား၊ ဟား။ ပြောလို့ပြောတာ မဟုတ်ဘူး အဘညက်ရဲ့ ကျုပ် မီးလောင်းကုန်းဆေးခန်းထိုင်တာ နှစ်တို နည်းတော့တာ မဟုတ်ဘူးဗျ။ တာတေ နေမကောင်းဘူးလို့ တစ်ခါမှကို မကြားဖူးပါဘူးဗျာ။ ဒီတစ်ခါပဲ တာတေ့ကို ဆေးကု ပေးဖူးတယ်၊ ဟား၊ ဟား၊ ဟား"

ဆရာဦးဌေးဆွေက ပျော်ပျော်ပါးပါး နေတတ်တဲ့လူဗျ ဆရာပြောတာ ဟုတ်တော့လည်း ဟုတ်သားဗျ။ ကျုပ်မှာ ဆေးထိုး ရလောက်အောင် ဖျားတာ နာတာမျိုး တစ်ခါမှ ရှိခဲ့ဖူးတာ မဟုတ်ဘူး။

"ထမင်းတို့၊ မုန့်တို့ ဘာမှမကျွေးနဲ့ အရိုးရေ ဂလူးကို ရည်လေး၊ ကြက်ပြုတ်ရည်လေးပဲ တိုက်ဗျို့၊ ကျုပ်စိတ်ထဲ





တိုက်ဖွိုက်ဖြစ်နေတယ်လို့ထင်တယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ ဟုတ်ကဲ့ပါ"

"ကြက်ပြုတ်ရည် တိုက်ရင်လည်း အဖတ်မကျွေးနဲ့နော်၊ အရည်လေးပဲ တိုက်ရမှာ"

မှာစရာရှိတာတွေ မှာပြီးတော့ ဆရာဦးဌေးဆွေ ပြန် သွားတယ်။ အဘက လှည်းနဲ့ လိုက်ပို့ပါတယ်။

နောက်တစ်ရက်၊ နောက်တစ်ရက်၊ သုံးလေးရက် ဆေး ထိုးပေမဲ့ ကျုပ်အဖျားက မကျဘူးဗျ။ ဆရာဦးဌေးဆွေက အဘနဲ့ အမေ့ကို ပြောတော့တာဗျို့။

"အဘညက်နဲ့ အရီး၊ တာတေတော့ တိုက်ဖွိုက်ဖြစ်နေ ပြီ ကြာရင် ဒီကောင် အရိုးပဲ ကျန်လိမ့်မယ်၊ ကျွန်တော် ပြော သလိုလုပ်ပါ၊ မနက်ဖြန် မြို့ကဆေးရုံမှာ ဆေးရုံတက်ရမယ်၊ ကျွန်တော်ကိုယ်တိုင် လိုက်ပို့ပါ့မယ်၊ ဘာမှမစိုးရိမ်နဲ့၊ ဆေးရုံမှာ ဆိုတော့ ဆေးဝါးက စုံတယ်၊ ခဏနဲ့ ပျောက်သွားမှာပါ။

"ဟာ ဆရာပြောတဲ့အတိုင်း လုပ်ရမှာပေါ့ဗျာ"

အဘကလည်း သဘောတူတယ်ဗျ။ ဒါနဲ့ ကျုပ် မြို့က ဆေးရုံပေါ် ရောက်လာတော့တာပေါ့ဗျာ။

မြို့မှာက အမေ့အစ်ကို ကျုပ်ဘကြီး ရှိတယ်လေဗျာ။ ကျုပ်မြို့ကျောင်းတက်တုန်းက နေတဲ့အိမ်ပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ထနောင်းကုန်းက ကျုပ်တို့ဝိုင်းကို အမေ့တူမတွေ စောင့်ခိုင်းခဲ့ရတာပေါ့။ အမေရော အဘရော ကျုပ်နဲ့လိုက်ပြီးနေတယ်၊ ဘကြီးတို့အိမ်မှာ နေတာပေါ့ဗျာ။

ဆရာဦးဌေးဆွေလည်း သုံးလေးရက် တစ်ခါလောက် ကျုပ်ကို လာကြည့်ပါတယ်၊ မြို့မှာက ဆရာဦးဌေးဆွေရဲ့မိသားစု ရှိတယ်လေဗျာ။

ဆရာပြောတာ ဟုတ်သားဗျ၊ ဆေးရုံတက်ပြီး တစ်ပတ်ကြာတော့ ကျုပ် အပူမတက်တော့ဘူး၊ ကျုပ်လည်း တော်တော်လေး ထူထူထောင်ထောင် ရှိလာပြီဗျ၊ ဆေးရုံထဲမှာ ဟိုလျှောက်ဒီလျှောက် လုပ်လာနိုင်ပြီပေါ့ဗျာ။

လူကတော့ တော်တော်ကို ပိန်းသွားတာဗျ၊ ခုထိ ထမင်းမစားရသေးဘူးလေဗျာ။

အရည်ပဲ သောက်ရသေးတာ၊ ကြက်စွပ်ပြုတ်သောက်အဖတ်မပါအောင် ပိတ်စနဲ့စစ်ပြီးမှ သောက်ရတာ၊

ခုတော့ ဒီလောက်မလုပ်ရတော့ပါဘူး၊ ဗိုက်ထဲမှာ အစာမရှိတော့လည်း ညဆို အိပ်မပျော်ဘူးဗျ၊ အစပိုင်းတော့ အဘ တစ်လှည့်၊ ဘကြီး တစ်လှည့် စောင့်ပေးတယ်၊ နှစ်ရက် လောက်ကြာတော့ ကျောက်ခဲနဲ့ သံမဏိ လိုက်လာပြီး ကျုပ်ကို စောင့်ကြရောဗျို့၊ ကျုပ်လည်း ဒီကောင်တွေ ရောက်လာ





အားပိုရှိသွားတာဗျ။

ကျုပ်တက်တဲ့အခန်းမှာက ကျုပ်တစ်ယောက်ပဲရှိတာ၊ ဘေးက ကုတင်နှစ်လုံးစလုံး အလွတ်တွေဗျ၊ ညဆိုရင် ကျောက်ခဲနဲ့ သံမဏိက ကုတင်တစ်လုံးစီမှာ အိပ်ကြရတာ၊ ကျုပ်လည်း တော်တော်နေကောင်းပြီလေဗျာ။

အိပ်တယ်သာ ပြောတာပါ၊ ကျောက်ခဲနဲ့ သံမဏိက လွှတ်အအိပ်ဆတ်တဲ့ကောင်လေးတွေဗျ၊ ကျုပ်ဖြင့် မလှုပ်လိုက်နဲ့၊ လှုပ်လိုက်တာနဲ့ ဒီကောင်နှစ်ကောင် ခေါင်းထောင်ကြည့်ပြီးသားဗျ။

ဒီနေ့တော့ ကျုပ်ကို ထမင်းစကျွေးပြီဗျ၊ ကျွေးတယ်ဆိုပေမဲ့ ခပ်ပျော့ပျော့ချက်ပြီး နည်းနည်းစားရတာပေါ့ဗျာ၊ ဆရာဝန်၊ ဆရာမတွေက အပူပြန်တက်လာမလားလို့ စောင့်ကြည့်တယ်၊ မတက်ဘူးဗျို့၊ အပူမတက်တော့ဘူး၊

ဗိုက်ထဲကို အစာလေးဝင်သွားလို့လား မသိဘူးဗျ၊ ညရောက်တာနဲ့ မျက်စိတွေ စင်းကျလာပြီး အိပ်ချင်တော့တာဗျို့၊ ကျုပ် စောစောပဲ အိပ်လိုက်တယ်၊

"ကိုကြီးတာတေ၊ အိပ်သာအိပ်၊ ဒါမှ အားရှိမှာဗျ"

ကျောက်ခဲက ပြောသဗျ၊ ဒီကောင်ပြောတာလည်း ဟုတ်တာပဲဆိုပြီး ကျုပ် အိပ်ပစ်လိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



"အား၊ အား၊ အောင်မယ်လေးဗျာ၊ ကျုပ်သွား၊ ကျုပ်သွား ပါသွားပြီ၊ လုပ်ကြပါဦး၊ သွေးတွေ ထွက်ကုန်ပြီဗျ"

လူတစ်ယောက် ငယ်သံပါအောင် အော်လိုက်တဲ့အသံကြီးဗျို့၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့ ကျုပ်ရော၊ ကောင်လေးနှစ်ယောက်ရော လန့်နိုးသွားတယ်။

"ကျော်ခဲ ဘာဖြစ်တာတုံးကွ"

"မသိဘူး ကိုကြီးတာတေ၊ ကျုပ် သွားကြည့်လိုက်ဦးမယ်ဗျ"

ကျုပ်လိုပဲဗျ၊ ဒီကောင်ကျော်ခဲက လွှတ်စပ်စုတဲ့ကောင်။

"ဖျတ်၊ ဖျတ်၊ ဖျတ်၊ ဖျတ်"

ဆေးရုံထဲမှာ ပြေးလာတဲ့ခြေသံတွေ ကြားရတယ်ဗျ။

"ဖြစ်ပြန်ပြီထင်တယ်၊ မဖြစ်တာ ကြာနေမှ ဘယ်ကပြန်ပေါ်လာရပြန်တုံး မသိပါဘူးကွာ"

ဒီအသံက ဖိုးကင်းလို့ခေါ်တဲ့ ဆေးရုံဝန်ထမ်းတစ်ယောက်ရဲ့ အသံဗျ။

"ဘယ်ကပေါ်လာရမှာတုံး ဖိုးကင်းရဲ့၊ ရွှေသွားပါတဲ့လူ ဆေးရုံလာတက်လို့ ပေါ်လာတာ ဖြစ်မှာပေါ့"

ကိုဖိုးကင်းကို ပြောလိုက်တဲ့လူက ကိုရှိန်မောင်တဲ့ဗျ။





သူလည်း ဆေးရုံဝန်ထမ်းပဲဗျ။ ကျုပ်ကုတင်ဘေးက ဖြတ်သွားရင်း ပြောသွားတာဗျ။

သူတို့နှစ်ယောက် ပြောသွားတာကို ကြားတော့ ကျုပ်တော်တော်အံ့ဩသွားတယ်ဗျ။ ရွှေသွားရှိတဲ့လူ ဆေးရုံလာတက်လို့ ပြန်ပေါ်လာတယ်ဆိုတာ ဘာသဘောတုံးဗျ။

ခဏနေတော့ ကျော်ခဲ ကျုပ်တို့ဆီကို ပြန်ရောက်လာတယ်။

"ဘယ်လိုဖြစ်တာတုံး ကျော်ခဲရ၊ ဆေးရုံတစ်ရုံလုံးက လူတွေတော့ အားလုံးလန့်ကုန်ကြပြီကွ"

ကျော်ခဲက လူတွေအုံနေတဲ့ ကုတင်ဘက်ကို တစ်ချက်လှည့်ကြည့်တယ်။ ပြီးတော့မှ ပြောတာဗျ။

"ဒီလိုတဲ့ ကိုကြီးတာတေရေ . ဒီဆေးရုံမှာ ထူးဆန်းတဲ့အကြောင်းတစ်ခု ရှိတယ်တဲ့ဗျ"

"ဟေ ဘာများတုံး ကျော်ခဲရ"

"ဒီဆေးရုံကို ရွှေသွားပါတဲ့ လူတစ်ယောက်ယောက် ဆေးရုံလာတက်ရင် ညဆို အိပ်မက် မက်တာပဲတဲ့ဗျ"

"ဟင် အိပ်မက်၊ ဟုတ်လား ကျော်ခဲ"

"ဟုတ်တယ်ဗျ၊ အိပ်မက် မက်တာတဲ့၊ အိပ်မက်ထဲမှာ အရုပ်ကြီးတစ်ယောက် ရောက်လာပြီး ရင်ဘတ်ပေါ်ကို တက်ခွ



www.burmeseclassic.com

www.burmeseclassic.com



စီးရောတဲ့ဗျို့။ ပြီးရင် ပါးစပ်ထဲက ရွှေသွားကို သူ့လက်ကြမ်းကြမ်းကြီးနဲ့ မရမက ဆွဲနှုတ်တော့တာပဲတဲ့ဗျာ။ အိပ်မက်ထဲမှာ သွားနှုတ်ခံရတဲ့လူက သွေးတွေထွက်ပြီး မချိမဆန့် နာလွန်းတော့ တုန်းအော်ရောတဲ့ဗျို့"

"ဪ ဆေးရုံတစ်ရုံလုံး ဆူညံသွားတာ ဒါကြောင့်ကိုး"

"ဟုတ်ပ့ါဗျာ၊ ဒီလူကတော့ အိပ်မက်ထဲမှာ သူ့သွားပါသွားတယ်ကို ထင်တာတဲ့ဗျ"

"နေ့ နေပါဦး ကျောက်ခဲရဲ့၊ ဒီလူ့သွားက ဘာမှတော့ မဖြစ်ဘူးမို့လား"

စကားနည်းတဲ့ သံမဏိတောင် မနေနိုင်တော့ဘူးဗျ။ စိတ်ဝင်တစားနဲ့ မေးလိုက်တယ်။

"ဟာ သံမဏိကလည်းကွာ အိပ်မက်ပါဆိုနေမှ၊ သူ့သွားက ဘာဖြစ်မှာတုံးကွ၊ အကောင်းပေါ့"

ကျောက်ခဲက သံမဏိကို လှည့်ပြောတယ်။

"အိပ်မက်ဆိုပေမဲ့ ရွှေသွားဆရာကြီးတတော့ တော်တော်ကို လန့်သွားပုံပဲကွ"

ကျုပ်က ပြောလိုက်တော့ ကျောက်ခဲက ကျုပ်ကို ပြောတယ်။

"ဟာ လန့်လိုက်တာတော့ မပြောနဲ့ဗျို့၊ ခု ညတွင်းချင်း





ကို ဆေးရုံက ပြန်ဆင်းမလို့ ပြောနေတာ၊ ဆေးရုံကလူတွေက မနည်းကို ဖျောင်းဖျပြီး ပြောနေရတယ်"

"ဟေ ဟုတ်လား၊ ကိုဖိုးကင်းတို့က ပြောတာလားကွ ကျောက်ခဲ"

"ဟုတ်တယ်လေ၊ ကိုကြီးတာတေရ၊ အိပ်မက်ပဲ အဘာရယ် ကြောက်စရာ မဟုတ်ပါဘူး၊ စိတ်ထဲမှာ စွဲမထားပါနဲ့လို့ ကိုဖိုးကင်းကြီးက ပြောတာဗျ"

"အေး ဒီတော့ ရွှေသွားဆရာကြီးက ဘာပြောတုံး"

"ဟော့ကောင် ဖိုးကင်း၊ ဒီကိစ္စဟာ အိပ်မက်ဆိုပေမဲ့ သွေးရိုးသားရိုးမက်တဲ့ အိပ်မက်တော့ မဟုတ်ဘူးကွ၊ ငါ သိတယ်၊ နောက်တစ်ညသာ ဒီအိပ်မက် ထပ်မက်ရင် ငါ လန့်ပြီးသေသွားမှာ သေချာတယ်၊ အေး အခုည မဆင်းရရင် မနက်မိုးလင်းတာနဲ့ ငါ ဆင်းမယ်၊ ငါ လက်မှတ်ထိုးပြီးဆင်းမှာ၊ ဒီညလည်း ငါ ပြန်မအိပ်ရဲတော့ဘူး ထိုင်နေမယ်"

"ဟာ ဒီလောက်တောင်ပဲလားကွ၊ ကျောက်ခဲရ"

"ဟုတ်တယ်ဗျ ကိုကြီးတာတေရ၊ အဲဒီရွှေသွားဆရာကြီးက ပြောပြောဆိုဆိုနဲ့ သူ့ပစ္စည်းတွေတောင် ကောက်သိမ်းနေပြီဗျ"

"အေးလေ၊ သူက အိပ်မက် မက်တဲ့သူပဲ၊ သူ တကယ်



www.burmeseclassic.com

www.burmeseclassic.com



လန့်သွားလို့ရှိမှာပေါ့ကွာ၊ ကဲ ကဲ ပြန်အိပ်ကြ၊ အစောကြီးရှိသေးတာ"

ကျုပ်တို့ ပြန်အိပ်ကြတယ်။ ပြောရဦးမယ်ဗျ၊ ကျုပ်က သွားလေရာမှာ ကျုပ်ဆေးလွယ်အိတ်ကို ယူနေကျလေဗျာ။ ဒီတော့ ကျုပ်လွယ်အိတ်ထဲမှာ မျက်ကွင်းဆေးရော၊ မဖဲဝါရဲ့ ကိုယ်ပွားရုပ်ကလေးရော အစုံပါတာပေါ့ဗျာ။

ကျုပ် ခဏကြာတော့ ပြန်အိပ်ပျော်သွားတယ်။

"ဟဲ့ တာတေ၊ အဲဒါ တစ္ဆေခြောက်တာဟဲ့၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်က အဆိပ်ခတ်ခံရလို့ သေသွားတဲ့ တရုတ် တျင်ဟုတ်ရဲ့ အလောင်းကို ရင်ခွဲရုံက တောင်က ရွှေသွားတွေ နှုတ်ယူလိုက်တယ်။ ဒီတရုတ်က သူ့ရဲ့ရွှေသွားတွေကို စွဲလန်းပြီး မကျွတ်မလွတ်ဘဲ ဒီဆေးရုံမှာ တစ္ဆေဖြစ်နေတာဟဲ့၊ ရွှေသွားပါတဲ့ လူတွေ ဆေးရုံလာတက်ရင် အဲဒီလိုပဲ လာနှုတ်နေကြ"

"ဟာ ဟုတ်လား၊ ဒီလိုဆိုရင် ရွှေသွားပါတဲ့လူတွေ ဆေးရုံးကို လာတက်ရဲမှာ မဟုတ်တော့ဘူးပေါ့ မဖဲဝါရဲ့"

"အေး ဟုတ်တာပေါ့၊ ဟုတ်တာပေါ့"

"ဒါဆိုရင် ဘယ်လိုလုပ်ရင် ရမလဲ မဖဲဝါ"

"တာတေ အစွဲကြောင့်ဖြစ်တဲ့ တစ္ဆေကို ဘယ်လိုချွတ်လို့မှ မကျွတ်ဘူး၊ သူ့ရွှေသွားတွေရမှ သွားမှာ၊ နင် သူ့ရွှေသွားတွေ





ပြန်ရအောင် လုပ်ပေးလိုက်ပေါ့"

ကျုပ် လန့်နိုးသွားတယ်။ အိပ်မက်ဗျ၊ ကျုပ် အိပ်မက် မက်နေတာ။ အိပ်မက်ထဲမှာ မဖဲဝါကို ကျုပ် မမြင်ရဘူး၊ အသံပဲ မက်တဲ့ အိပ်မက်ဗျ။

ဒီအိပ်မက်မျိုး ကျုပ်ကို မဖဲဝါ ပေးဖူးပါတယ်။ ကျုပ်နဲ့ အတူ သူ့ကိုယ်ပွားရုပ်ကလေး ရှိနေတဲ့အခါပေါ့ဗျာ။

ကျုပ် စဉ်းစားတယ်ဗျ။ ဒီဆေးရုံမှာ ရောက်နေတဲ့ ဒုက္ခကို ကျုပ် ရောက်တုန်းမှာ ရှင်းလင်းပေးခဲ့ချင်တယ်၊ ကျုပ်ကို ဆေးကုပေးတဲ့ ကျေးဇူးကိုဆပ်တဲ့သဘောလည်း ပါတာပေါ့ဗျာ။ ကျုပ် ဘယ်လိုလုပ်ရမယ်ဆိုတာ ကြံစည်ဘယ်။

နောက်တစ်နေ့မှာ ဆရာမတွေနဲ့အတူတူ ကိုဖိုးကင်း ကျုပ်ဆီကို ရောက်လာပြီး သွေးပေါင်ချိန်တာတို့၊ အပူတိုင်းတာတို့ လုပ်တယ်ဗျ။ ဒီမှာတင် ကျုပ်က ကိုဖိုးကင်းကို လက်ကုတ်ပြီး မေးတယ်။

"ညက လန့်အော်တဲ့လူ ရှိသေးလားဗျ ကိုဖိုးကင်း"

"ဆေးရုံ ဆင်းသွားပြီကွ၊ ဘယ်လိုမှ ပြောလို့မရဘူး"

"ညက သူ တော်တော်လန့်သွားတာဗျ"

"ဟုတ်တယ်ကွ၊ ငါတို့လည်း ဒီကိစ္စအတွက် တော်တော် ကို စိတ်ညစ်ပါတယ်ကွာ၊ ကြာလာရင် ဆေးရုံနာမည် ပျက်မယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုး အရင်က ဘယ်နှခါလောက် ဖြစ်ဖူးတုံးဗျ"

"ဟိုတုန်းကတော့ မဖြစ်ဖူးပါဘူးကွာ၊ ဒီနောက်ပိုင်း လေးငါးနှစ်အတွင်းမှာမှ ဖြစ်လာတာပါ၊ အခုလိုပဲ ရွှေသွားစိုက်ထားတဲ့သူ ဆေးရုံတက်ရင် အမြဲလိုလို ဖြစ်တော့တာပဲ"

"ဒီမှာ ကိုဖိုးကင်း၊ ကျုပ်က ထနောင်းကုန်းက တာတေပါ၊ ဒီကိစ္စမျိုးတွေကို ကျုပ် မဖဲဝါရဲ့ အကူအညီနဲ့ ရှင်းပေးနိုင်တယ်ဗျ"

"ဟေ ထနောင်းကုန်းက တာတေ ဟုတ်လား၊ ဪ သိပြီ၊ ဒီဆေးရုံမှာ တစ်ခါ ဆေးရုံလာတက်တဲ့ လူတစ်ယောက်က မင်းအကြောင်းကို ပြောသွားဖူးတယ်၊ အဲဒီတုန်းကလည်း ဒီလို တစ်ခါဖြစ်ဖူးတာကိုး၊ အဲဒီမှာတင် ဒီလူက မင်းအကြောင်းကို ပြောဖူးတယ်၊ ငါတို့လည်း မင်းကို လာရှာဖို့ဆိုတာ တစ်ခါမှ မအားတော့ မလုပ်ဖြစ်ပါဘူးကွာ။ အခုတော့ တိုက်ဆိုင်တယ်လို့ ပြောရတော့မှာပဲ တာတေရေ၊ ညကတော့ မင်းရှေ့မှာကို ဒီအဖြစ် ဖြစ်သွားတာပဲလေကွာ"

"ဟုတ်ပါတယ် ကိုဖိုးကင်း၊ ကျုပ် ခင်ဗျားကို တစ်ခုလောက် မေးချင်တယ်ဗျာ"

"ဟာ မေးလေကွာ တာတေရာ၊ မေးရုံတင်မကပါဘူးကွာ၊ ဒီကိစ္စအတွက်ဆိုရင် မင်းလိုတာသာ ပြောပါကွာ တာတေ





ရာ၊ ငါတို့ဆေးရုံက လုပ်ပေးပါမယ်"

"ဒီလိုဗျ ကိုဖိုးကင်းရ၊ ခင်ဗျားတို့ဆေးရုံရဲ့ ရင်ခွဲရုံမှာ အလုပ်လုပ်တဲ့သူရှိလား"

"ဟာ ရှိတာပေါ့ကွ တာတေရ မိုးသီးဆိုတဲ့ ကောင်လေး၊ အရပ်ရှည်ရှည်၊ ခါးကိုင်းကိုင်းကြီးနဲ့ကွ၊ ဘိန်းစားတဲ့နေရာမှာတော့ ချန်ပီယံပေါ့ကွာ၊ နတ်သမီး မီးခြစ်ဘူးခွံထဲမှာ ငရုတ်ကောင်းစေ့လောက်ရှိတဲ့ ဘိန်းလုံးမည်းမည်းလေးတွေအပြည့် ထည့်ထားတာကွ၊ ဘိန်းလုံးကလေးတွေကို ဆီသုတ်ထားလိုက်တော့ နက်ပြောင်နေတာပေါ့၊ အဲဒီဘိန်းကို အမြဲမျိုတဲ့ကောင်ကွ၊ အဲဒါ ဘာဖြစ်လို့တုံး တာတေ"

"ကျုပ် အဲဒီလူကို တွေ့ချင်တယ်ဗျ"

"ဟေ မင်း မိုးသီးကို တွေ့ချင်တယ် ဟုတ်လား"

"ဟုတ်တယ်ဗျ ကိုဖိုးကင်းရဲ့၊ ဘာဖြစ်လို့တုံး"

"ဒီမြို့ကလူတွေက မိုးသီးကို ရင်ခွဲရုံမှာ အလုပ်လုပ်တဲ့သူဆိုပြီး သိပ်ဆက်ဆံချင်တာ မဟုတ်ဘူးကွ၊ သူလာရင် ကျက်သရေတုံးတယ်လို့ကို ထင်နေကြတာ။ ဒီဆေးရုံထဲကို မိုးသီး ခေါ်လာလို့တော့ မဖြစ်ဘူးကွ တာတေရ"

"ဒီလိုဆိုရင် ကျုပ် သူ့ကို သွားတွေ့မယ်ဗျာ"

"ဟေ တကယ်လား၊ ဒါဆိုရင် မင်း ငါ့အခန်းကို လာခဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ငါ မိုးသီးကို ခေါ်လိုက်မယ်၊ ပြီးရင် မင်းတို့နှစ်ယောက်ချင်းတွေ့ပြီး မင်းမေးချင်တာ မေးပေါ့ကွာ"

"ကောင်းတယ်ဗျာ၊ ကိုဖိုးကင်း"

သိပ်မကြာဘူးဗျ။ ကိုဖိုးကင်း ကျုပ်ကို လာခေါ်တယ်။ ကျုပ် သူ့အခန်းကို လိုက်သွားတယ်။ ကိုမိုးသီးဆိုတဲ့သူကို ကျုပ်တွေ့တယ်။ ကျုပ်ခြေလှမ်းတောင် တုံ့သွားတယ်ဗျ။

လူက အရပ်ရှည်ရှည်ကြီး၊ သွားက ခေါခေါဗျ။ မျက်လုံးကြီးတွေကလည်း စွေစောင်းစောင်းတွေဗျ။ ဆံပင်က ဘုတ်သိုက်ကြီးနဲ့။ ဒီလူ တစ္ဆေမကြောက်ဘူးဆိုတာ သေချာတယ်ဗျ။ ကြောက်ချင်ကြောက်ရင် တစ္ဆေကသာ သူ့ကို ကြောက်မှာ။

ကျုပ် သူနဲ့ မလှမ်းမကမ်းမှာထိုင်ပြီး သူ့ကို လိုရင်းပဲ မေးလိုက်တယ်။

"ကိုမိုးသီး လွန်ခဲ့တဲ့ ငါးနှစ်က အဆိပ်ခတ်ခံရပြီး သေသွားတဲ့ တရုတ်ကျင်ဟုတ်ရဲ့ အလောင်းကနေ ရွှေသွား ဘယ်နှချောင်း နှုတ်ယူလိုက်တုံး"

"ငါးချောင်း၊ ဟာ၊ အဲ မ မနှုတ်ပါဘူး"

ဒီလူ တော်တော်ရယ်ရတဲ့လူဗျာ။ ငါးချောင်းလို့ လွှတ်ကနဲ ပြောလိုက်ပြီးမှ အတင်းငြင်းတော့တာဗျို့။

"နေ နေပါဦး၊ မင်း မင်းက ပုလိပ်ဘက်ကလား၊ ဒါမှ





မဟုတ် စုံ စုံထောက်လား"

"ဟာဗျာ၊ ကိုမိုးသီးကလည်း ကျုပ်အရွယ်နဲ့ ဘယ်လိုလုပ်ပြီး စုံထောက်ဖြစ်နိုင်မှာတုံးဗျ"

"ဒါ ဒါဆိုရင် မင်း ဘယ် ဘယ်လိုလုပ်ပြီး သိနေတာတုံး"

"ကျုပ်ကို မဖဲဝါ ပြောတာဗျ"

"ဘာ မဖဲဝါ ဟုတ်လား"

ဒီလူ သူ့ရဲ့မျက်စိစွေစွေကြီးနဲ့ ကျုပ်ကို စိုက်ကြည့်နေတယ်ဗျ။

"မင်း မဖဲဝါကို သိလား"

"ဟာ ကိုမိုးသီးကလည်း သိလို့ပြောတာပေါ့ဗျ၊ ခင်ဗျား ရော မဖဲဝါကို သိလား"

"ငါ မဖဲဝါကို သိတာပေါ့ကွာ၊ တစ်ခါ နှစ်ခါ မြင်ဖူးပါတယ်၊ ကြောက်စရာကြီးပါကွာ၊ အရပ်ကြီး ဆယ်ပေကျော်လောက် ရှိမယ်ထင်တယ်၊ မျက်လုံးကြီးနှစ်လုံးက နီရဲပြီး ပြူးထွက်နေတာကွ။ အခုပြောရင်းနဲ့တောင် ကြက်သီးထလာပြီ"

"နေပါဦး ကိုမိုးသီးရဲ့၊ ခင်ဗျား ရင်ခွဲရုံကို ရောက်လာတဲ့ အလောင်းတွေကို ရွှေသွား နှုတ်နေကျလား"

"အေး ဟုတ်တယ် ကောင်လေး၊ ငါက ဘိန်းစားကွ၊ ဘိန်းဖိုးလေး ဘာလေး ရအောင် နှုတ်တာပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် တရုတ်ကျင်ဟုတ်ရဲ့ ရွှေသွားတွေ နှုတ်တုန်းက ထူးထူးခြားခြားဖြစ်တာ ရှိလားဗျ"

"ရှိလိုက်တာမှကွာ၊ ငါတစ်သက်မှာ တစ်ခါမှ မဖြစ်ဘူးတဲ့ အဖြစ်ကွ"

"ဘယ်လိုဖြစ်လို့တုံး ကိုမိုးသီးရဲ့"

"ဒီလိုကွ၊ တရုတ်ကျင်ဟုတ်က မိန်းမနှစ်ယောက်ရှိတယ်ကွ၊ မိန်းမကြီးက ဒီကိစ္စကို မကျေနပ်လို့ သူ့ကို အဆိပ်ခတ်ပြီးသတ်လိုက်တာ။ ဒီမိန်းမလည်း ထောင်တွေဘာတွေ ကျသွားတယ်လို့ ကြားတယ်ကွ။

အဲဒီညက တရုတ်ကျင်ဟုတ်ကို ရင်ခွဲပြီးသွားလို့ ငါကိုယ်တိုင်ပဲ ကျင်ဟုတ်ရဲ့ဗိုက်ကို အပ်ချည်ကြိုးအနက်နဲ့ ချုပ်လိုက်ရတယ်။ ဒါမျိုးကို ဆရာဝန်ကြီးက ငါ့ကို ခိုင်းနေကျလေကွာ၊ ဒီမှာတင် ကျင်ဟုတ်ရဲ့ ပါးစပ်ထဲမှာ ရွှေသွားတွေ အများကြီး ပါလာတာကို ငါတွေ့တာပေါ့ ကောင်လေးရဲ့။

ဆရာဝန်ကြီး ပြန်သွားတော့ ငါတစ်ယောက်တည်း ရင်ခွဲရုံထဲမှာ ကျန်နေတာကွ။ ဒီမှာတင် ရင်ခွဲရုံတံခါးပိတ်ပြီး ကျင်ဟုတ်ရဲ့ ရွှေသွားတွေနှုတ်ဖို့ လုပ်ရတာပေါ့ကွာ။ ငါ ပုဆိုးကို ခါးတောင်းကျိုက်လိုက်တယ်။

ပထမဆုံး ခွဲတဲ့ကျောက်ခုံပေါ်က ကျင်ဟုတ်ရဲ့





အလောင်းကြီးပေါ်ကို တက်ပြီး ခွထိုင်လိုက်တယ်"

"ဟာ ခင်ဗျား မကြောက်ဘူးလားဗျ၊ ကိုမိုးသီးရဲ့"

"ဟ ကောင်လေးရဲ့၊ ငါက အမြဲတမ်း ဘိန်းမူးနေတဲ့ကောင်ကွ၊ ကြောက်တာတွေ၊ မကြောက်တာတွေ ငါ ဘာမှမသိဘူး၊ ငါ့အတွက် အရေးကြီးတာက ဘိန်းဖိုးရဖို့ အဓိကပဲ"

"အင်း ပြောပါဦးဗျ ကိုမိုးသီးရဲ့"

"ငါ့မှာ ပလာယာသေးသေးလေးတစ်ချောင်း ရှိတယ်ကွ၊ ဒါလေးနဲ့ ငါ သွားနှုတ်နေကျလေကွာ၊ ကျင်ဟုတ်ရဲ့လက်ကြီးနှစ်ဖက်က ရင်ဘတ်ပေါ်မှာ ယှက်ပြီးတင်ထားတာကွ၊ ငါလည်း ကျင်ဟုတ်ရဲ့ ပါးစပ်ကိုဖြဲပြီး ရွှေသွားတွေ တစ်ချောင်းပြီး တစ်ချောင်း နှုတ်တာပေါ့ကွာ၊ အားလုံး ငါးချောင်းကွ၊ ငါ မှတ်မိတယ်။ တရုတ်က သူဌေးဆိုတော့ ရွှေကို အတုံးလိုက်ကို လုပ်ထားတာ။ ငါလည်း နောက်ဆုံးသွားနှုတ်ပြီး ကျောက်ခုံပေါ်က ဆင်းတော့မယ်အလုပ်မှာ"

"ဟင် ဘာဖြစ်တုံး ကိုမိုးသီး"

ကျုပ်က အံ့သြပြီး မေးလိုက်မိတာဗျ။

"ဘာဖြစ်ရမတုံး ကောင်လေးရာ၊ ရင်ဘတ်ပေါ်မှာ ယှက်ပြီးတင်ထားတဲ့ ကျင်ဟုတ်ရဲ့ လက်ကြီးနှစ်ဖက် 'ဝုန်း'ကနဲ မြောက်တက်ပြီး ငါ့ရင်ဘတ်ကို ဆောင့်တွန်းလိုက်တာဟေ့၊ ငါ့ပို



www.burmeseclassic.com

www.burmeseclassic.com



တာ နောက်ကိုလန်ပြီး ပြုတ်ကျတော့တာပေါ့ကွာ။ ဒါပေမဲ့ ကွဲပြတော့မသွားပါဘူးကွာ၊ လက်တွေတော့ နည်းနည်းပွန်းသွားတာပေါ့။ ငါလည်း အောက်ပြုတ်ကျသွားတဲ့ ရွှေသွားငါးချောင်းကို လိုက်ကောက်ပြီး ပလာယာလေးကိုပါ ကောက်လိုက်တယ်။ တရုတ်ကျင်ဟုတ်ရဲ့အယောင်းကို ကြည့်လိုက်တော့ ဒီအတိုင်းပဲကွ။ ရင်ဘတ်ပေါ်မှာ လက်ကြီးနှစ်ဖက် ယှက်လျက်သားပဲ။ ငါလည်း ဘာမှပြောမနေနဲ့ သုတ်ခြေတင်တော့တာပေါ့ကွာ"

ကိုမိုးသီးရဲ့ စကားဆုံးတော့ ကျုပ်က ပြောတယ်။

"ကိုမိုးသီး အခု ခင်ဗျား သွားနှုတ်ခဲ့တဲ့ တရုတ်ကျင်ဟုတ်က မကျွတ်ဘူးဗျ၊ ဒီဆေးရုံကို ရွှေသွားပါတဲ့လူ လာတက်ရင် သွားလာလာနှုတ်တယ်၊ လူတွေ လန့်တုန်ကြပြီဗျ"

ကိုမိုးသီးက ခေါင်းကြီးငိုက်စိုက်ချပြီး ပြောသဗျ။

"ငါ ကြားတယ် ကောင်လေး၊ အဲဒီသွားနှုတ်တဲ့ တစ္ဆေဟာ တရုတ်ကျင်ဟုတ် ဆိုတာလည်း ငါ သိတယ်ကွ၊ ငါ စိတ်မကောင်းပါဘူးကွာ၊ ဒါပေမဲ့ ငါလည်း ဘာမှမတတ်နိုင်ဘူး ကောင်လေးရာ၊ သူ့ရွှေသွားတွေလည်း ငါ ရောင်းပြီး ဘိန်းဝယ်စားလိုက်တာ ကြာပေါ့ကွာ"

"ကျုပ် လုပ်ပေးမှာပါ ကိုမိုးသီး၊ အကျိုးအကြောင်း သိချင်လို့ ကိုမိုးသီးကို မေးတာပါဗျာ၊ ကျန်တာ ကျုပ်လုပ်လိုက်မှာပါ"





ကျုပ် ကိုဖိုးကင်းနဲ့ တိုင်ပင်ပြီး ချက်ချင်းစီစဉ်ရတယ်။ မြို့ထဲက သွားစိုက်ဆရာကြီးတစ်ယောက်ကို ကိုဖိုးကင်း ခေါ်လာတယ်။ တရုတ်အဘိုးကြီးဗျ။ နာမည်က ရာပိုချီတဲ့။ ရွှေသွားစိုက်တဲ့နေရာမှာ လွှတ်တော်တယ်ဆိုပဲ။ ကျုပ်က သူ့ကို ကြေးနဲ့ ရွှေသွားငါးချောင်း အမြန်လုပ်ပေးဖို့ ပြောတယ်။ သွားတွေက စိုက်မှာမဟုတ်ဘူးဗျ။ စွပ်မှာ၊ ကျုပ်သွားမှာ စွပ်ထားမှာ။ သွားစိုက်ဆရာက ကျုပ်ပြောတာကို သဘောပေါက်တယ်။ ကျုပ်သွားတွေကို ဝလာစတာနဲ့ သေသေချာချာ တိုင်းထွာပြီး ယူသွားတယ်။ ကျန်တာတွေကို ကိုဖိုးကင်းက တာဝန်ယူတယ်။ ကျသလောက် ငွေကို သူပေးမှာတဲ့ဗျ။

ညနေ ငါးနာရီလောက်ကျတော့ ကြေးနဲ့လုပ်ထားတဲ့ ရွှေသွားလေးတွေ ရလာပြီဗျို့။ ကိုဖိုးကင်း ယူလာတာ၊ ကျုပ်လည်း ရွှေသွားအတုလေးတွေကို ကျုပ်သွားမှာ စွပ်လိုက်တယ်။ တော်လိုက်တဲ့ သွားစိုက်ဆရာကြီး ရာပိုချီဗျာ၊ ကွက်တိပဲ။ ကျုပ်ပါးစပ်ထဲမှာ ရွှေသွားငါးချောင်း စိုက်လိုက်တဲ့အတိုင်းပါပဲဗျာ။

ညမိုးချုပ်တာနဲ့ ကျုပ်မျက်ကွင်းဆေး ကွင်းထားလိုက်တယ်။ ကျောက်ခဲနဲ့ သံမဏိကိုလည်း အမေတို့ အဘတို့နဲ့ ပြန်ဆည်ပေးလိုက်တယ်။ ကလေးတွေ ထိတ်လန့်နေမှာစိုးလို့ပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"တာတေ နင်ဟာလေ နေမကောင်းလို့ ဆေးရုံလာတက်တာတောင် ကောင်းကောင်းမနေနိုင်ဘူး၊ နင်တော့ ငါ တော်တော်အံ့ဩတယ်"

လို့ ဘကြီးတို့အိမ်မပြန်ခင် ကျုပ်ကို ပြောသွားသဗျ။ ကျုပ်ကတော့ ရွှေသွားငါးချောင်း စိုက်ထားတဲ့ ပါးစပ်ကို ဟန်ပါပါ ဖြဲပြီး ရယ်ပြလိုက်တယ်။

ပြီးတော့ ဆေးရုံထဲမှာ ရွှေသွားတွေ ပေါ်အောင် သွားတဖြဲဖြဲလုပ်ပြီး လျှောက်သွားနေလိုက်တယ်။ တစ္ဆေကျင်ဟုတ် မြင်အောင်လေဗျာ။

ညရောက်တော့ ကျုပ်က ပါးစပ်ဟပြီး အိပ်ချင်ယောင်ဆောင်နေတယ်။ တစ်ချက် တစ်ချက် ဟောက်သံတောင်ပေးလိုက်သေးသဗျ။

သန်းခေါင်ကျော်လောက်ကျတော့ ခြေသံကြားပြီဗျို့။

"ရှပ်၊ ရှပ်၊ ရှပ်၊ ရှပ်"

တမံသလင်းပေါ်မှာ ရှပ်တိုက်ပြီး လျှောက်လာတဲ့ ခြေသံဗျ။ ကျုပ်အခန်းရှေ့ကိုရောက်တော့ ခြေသံက ရပ်သွားတယ်။ ဟော အခန်းထဲကို ဝင်လာပြီဗျ။

"ရှပ်၊ ရှပ်၊ ရှပ်၊ ရှပ်"

ဟော ကျုပ်ကုတင်ဘေးမှာ ရပ်သွားပြီ။ ကျုပ်က





ပက်လက်အိပ်နေရာကနေ မျက်စိကို မသိမသာ မှေးမှေးကလေး ဖွင့်ကြည့်တယ်။

ဟာ တရုတ်ကြီးတစ်ယောက်ဗျ၊ အင်္ကျီဟက္ကွဲကြီးနဲ့ ကြယ်သီးတပ်မထားတဲ့ ရှပ်အင်္ကျီပေါ့ဗျာ၊ ဗိုက်မှာ ချုပ်ရာကြီးနဲ့ဗျို့။ ဗိုက်ကို အပ်ချည်ကြိုး အနက်ကြီးနဲ့ ချုပ်ထားတာဗျာ။ တရုတ်ကြီးက ကျုပ်ပါးစပ်ထဲက ရွှေသွားတွေကို စိုက်ကြည့်နေတာဗျ။ ပြီးတော့ ပါးစပ်ကြီးဖြဲပြီး ရယ်နေတယ်။ ဟာ ဟုတ်သားပဲ၊ ပါးစပ်ထဲမှာ သွားတွေနှုတ်ထားတာဗျ။ ဟောင်းလောင်းကြီး။ ဒါဟာ ဘိန်းစားမိုးသီးကြီးရဲ့ လက်ချက်ဖြစ်မှာပေါ့ဗျာ။

ဟာ ဟာ ကျုပ်ကုတင်ပေါ်ကို တက်လာပြီဗျို့။ ဘုရား၊ ဘုရား ကျုပ်ရင်ဘတ်ပေါ်မှာ ကားယားကြီးခွပြီး ထိုင်ချလိုက်တယ်။ အလေးချိန်တော့ မရှိဘူးဗျ။ ပေါ့ပေါ့ကြီးပါ။

ဟော ဟော ကျုပ်ပါးစပ်ထဲက ရွှေသွားတွေကို သူ့လက်ညှိုးနဲ့ ပွတ်ကြည့်နေတယ်။ ဟော ကိုင်ပြီဗျို့ ကိုင်ပြီ။ ဟာ နှုတ်ပြီဗျို့။ ဆွဲနှုတ်လိုက်ပြီ။ သူ့လက်ထဲ ပါသွားတဲ့ ရွှေသွားကို ငုံ့ကြည့်ပြီး ပြုံးနေတယ်။

ဟော ထပ်နှုတ်ပြီဗျို့။ ထပ်နှုတ်ပြီ။ တစ်ချောင်း၊ နောက်တစ်ချောင်း၊ ပြီးတော့ နောက်တစ်ချောင်း၊ နောက်တစ်ချောင်း ပြည့်သွားပြီဗျို့၊ ငါးချောင်း ပြည့်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ခလော၊ ခလော၊ ခလော"

ကျုပ်က အိပ်ချင်ယောင် ဆက်ပြီးဆောင်နေရတာပေါ့ဗျာ။

ဟော သူ့ပါးစပ်ထဲမှာ ရွှေသွားတွေ ပြန်စိုက်နေပြီဗျာ။ တစ်ချောင်း၊ နောက်တစ်ချောင်း၊ နောက်တစ်ချောင်း၊ နောက်တစ်ချောင်း၊ နောက်တစ်ချောင်း။ ငါးချောင်းလုံး စိုက်လိုက်ပြီ။ ဟာ တရုတ်ကျောင်ဟုတ်ကြီး ကျေနပ်သွားပြီဗျို့။ ပြုံးပြုံးကြီး လုပ်နေတယ်။

"ခလော၊ ခလော၊ ခလော"

ကျုပ်ကတော့ ဟောက်သံပေးနေရတာပေါ့ဗျာ။ ပြီးတော့ ကျုပ်ပါးစပ်ကို မသိမသာ ပိတ်လိုက်တယ်။ ဟော ကျုပ်ရင်ဘတ်ပေါ်ကနေ ဆင်းသွားပြီဗျို့။ အောင်မယ် ကျုပ်တို့ တစ်ချက်လှမ်းကြည့်လိုက်သေးသဗျ။ ထွက်သွားပြီ၊ ထွက်သွားပြီ၊ ကျုပ်အခန်းထဲကနေ ခြေထောက်ကြီး ရှုပ်တိုက်ပြီး ထွက်သွားပြီ။

"ရှုပ်၊ ရှုပ်၊ ရှုပ်၊ ရှုပ်၊ ရှုပ်"

တော်တော်ဝေးတဲ့အထိ သူ့ခြေသံကြီးကို ကျုပ် ကြားနေရတုန်းဗျ။

နောက်တော့ ကျုပ်လည်း အိပ်ပျော်သွားရောဗျို့။ မနက် မိုးလင်းလို့ ကျုပ် အိပ်ရာကနိုးတော့ ကျုပ်ဘေးမှာ ကျောက်ခဲ





ရယ်၊ သံမဏိရယ် ရောက်နေတာဗျို့။ ဒီကောင်နှစ်ကောင် ကျုပ်ကို စိတ်မချလို့ အစောကြီး ရောက်လာကြတာတဲ့ဗျို့။ ကိုဖိုးကင်းကြီးလည်း ရောက်လာပြီ။

"တာတေ ဘယ်လိုတုံးကွ"

"ဟား၊ ဟား၊ ဟား အားလုံးပြီးသွားပါပြီဗျ ကိုဖိုးကင်းရဲ့ ဒီမှာလေ ကျုပ်က သွားတွေစေ့ပြလိုက်တယ်"

"ဟင် မင်း မနေ့က တပ်ထားတဲ့ ရွှေသွားတွေရောကွ"

"ညက တရုတ်ကျောင်ဟုတ်ကြီး လာယူသွားပြီလေဗျာ"

"ဟေ ဟုတ်လား၊ တကယ်ယူသွားတာလားကွ"

"ဟ ကိုဖိုးကင်းတလည်းဗျာ တကယ်တို ယူသွားတာပါဗျာ၊ ခင်ဗျားတို့ဆေးရုံမှာ ရွှေသွားပါတဲ့လူတွေ ဘယ်လောက်ပဲ လာတက်တက် သွားနုတ်မခံရတော့ပါဘူးဗျာ"

"ဟာ ဝမ်းသာလိုက်တာ တာတေရာ၊ ဒီအကြောင်းကို ဆရာဝန်ကြီးနဲ့ ဆရာမတွေကို ငါ အခုပဲ သွားပြောလိုက်မယ်၊ သူတို့လည်း ဒီကိစ္စအတွက် တော်တော်စိတ်ညစ်နေကြတာကွ"

ကိုဖိုးကင်းကြီး ကျုပ်အခန်းထဲကနေ ပျာပျာသလဲထွက်သွားတယ်။ နောက်သုံးရက်ကြာတော့ ကျုပ်လည်း ဆေးရုံက ဆင်းပြီး ရွာကို ပြန်ခဲ့တာပေါ့ဗျာ။

**တာတေ**



www.burmeseclassic.com

www.burmeseclassic.com



# လူသားစား ဘီလူး

ခင်ဗျား လူခြောက် မြင်ဖူးလား။ တချို့ကတော့ လူခြောက်ကို သားခြောက်လို့လည်း ခေါ်တယ်လေဗျာ။ ကျုပ်က





တော့ မြင်ဖူးတာပေါ့ဗျာ။ တာတေ ဆိုတဲ့ ကျုပ်က လွှတ်စပ်စုတဲ့ကောင်ပဲဗျာ။ မြင်ဖူးတာပေါ့။

ဒီအကြောင်း ပြောရရင်တော့ ကျုပ်တို့ရွာမှာတင် တစ်ယောက်ရှိတာဗျ။ ကိုကြီးသိန်းညိုနဲ့ မပိုင်းစိန်တို့ရဲ့ သားလေဗျာ။ ကိုကြီးသိန်းညိုတို့ အိမ်ထောင်ကျပြီး ဦးဆုံးမွေးတဲ့ ကလေးပေါ့ဗျာ။ ယောကျ်ားလေးဗျ။ ပထမတော့ ကလေးလျောမွေးလို့ ထင်တာဗျို့။ နောက်မှ ကျုပ်တို့ရွာက အရီးဘုမ လိုက်ကြည့်ပေးရတာ။

"ဟဲ့ သိန်းညိုရဲ့၊ နင့်မိန်းမ ပိုင်းစိန်က ကလေးမီးဖွားတာ လပြည့်လို့လား"

"ဟာ အရီးကလည်း ပိုင်းစိန်က လပြည့်မှ မွေးတာပါဗျ။ ပိုင်းစိန် မှတ်ထားတာနဲ့ဆိုရင် ရက်တောင်ကျော်နေပြီတဲ့ဗျ"

"ဟေ နေ့စေ့ လစေ့ မွေးမှတော့ နင်တို့ကလေးက လျောမွေး မဟုတ်ဘူးပေါ့၊ လျောမွေးဆိုတာ လမစေ့ဘဲ မွေးတဲ့ကလေးဟဲ့၊ နေကြစမ်းပါဦးဟယ် ငါ လိုက်ကြည့်စမ်းပါဦးမယ်"

အရီးဘုမက ပြောပြောဆိုဆို ကိုသိန်းညိုနဲ့ လိုက်လာရောဗျ။ အိမ်ရောက်တော့ မပိုင်းစိန်ရဲ့ မီးနေခန်းထဲ တန်းဝင်ပြီး

"ဟဲ့ဘယ်မတုံး၊ နင်မွေးတဲ့ကလေး ငါ့ပြစမ်း"

အရီးဘုမ ဆိုတာက ကျုပ်တို့ရွာမှာ လူရှိသေ ရှင်ရိုသေ



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးဗျ။ ရှေ့မီနောက်မီကြီးပေါ့ဗျာ။ ရပ်ထဲရွာထဲ အလှူအတန်းပဲလုပ်လုပ်၊ မင်္ဂလာကိစ္စပဲရှိရှိ ဘာကလေးဖြစ်ဖြစ် အရီးဘုမကို ပြေးပြီးတိုင်ပင်ကြရတာ။

အသက်က ရှစ်ဆယ်ကျော်လို့ ကိုးဆယ်နားတောင်ကပ်ပေါ့။ တော်ရုံတန်ရုံ ကလေးတွေဘာတွေ နေမကောင်းတာလောက်ကတော့ အရီးဘုမ လာပြီး ဆေးချိုလေးတို့၊ ဆေးနီလုံးတို့ တိုက်လိုက်ပြီး ဆေးတို့ပတ်ကြီးအုပ်လိုက်ရင် ပျောက်ရောဗျာ။ အခုလည်း မဝိုင်းစိန်မွေးတဲ့ကလေးကိုကြည့်ဖို့ အရီးဘုမ ရောက်လာရောဗျာ။

မီးနေသည် မဝိုင်းစိန်ကတော့ ခေါင်းမှာ ပဝါစတစ်စကို တင်းတင်းစည်းထားပြီး ပက်လက်ကလေးပေါ့ဗျာ။ ဘေးကဝိုင်းနေတဲ့ရွာထဲက မိန်းမတွေထဲက တစ်ယောက်က အဝတ်ထုပ်ကလေးတစ်ထုပ်ကို အရီးဘုမဆီ ရိုရိုသေသေ ကမ်းပေးသဗျ။

ပြောရဦးမယ်ဗျို့။ ကျုပ်က ကိုသိန်းညိုတို့အိမ်ကို ညသန်းခေါင်လောက်ကတည်းက ရောက်နေတာဗျို့။

ကျုပ်ရယ်၊ လူကျော်ရယ်၊ ကျောက်ခဲရယ်ဗျ။ ရွာမှ မီးဖွားတဲ့ကိစ္စရှိရင် ဒီလိုပါပဲ။ ကျုပ်တို့ကို လာခေါ်ကြတာပါပဲ။ ကျုပ်တို့ကတော့ အိမ်ပေါ် မတက်ဘူးပေါ့ဗျာ။ ဝိုင်းထဲမှာပဲ နေကြရတာပေါ့။





အရေးရယ်အကြောင်းရယ်ရှိလို့ မီးမဖွားနိုင်တာတို့ဘာတို့ဆိုရင် ချက်ချင်းလှည်းကောက်ပြီး မီးလောင်ကုန်းကဆေးခန်းကို မောင်းသင့်မောင်းရမယ်။ မြို့ကို မောင်းသင့်ရင်မောင်းရမယ်လေဗျာ။

ဒါကြောင့် ရွာထဲမှာ ဘယ်သူပဲ မီးဖွားဖွား ကျုပ်တို့ကာလသား သုံးယောက်က ဝိုင်းထဲမှာ အဆင်သင့် နေပေးကြရတာဗျ။ ဒါ ကျုပ်တို့ဒေသရဲ့ ဓလေ့လို ဖြစ်နေတာပေါ့ဗျာ။

ကျုပ်က ခုံတန်းလျားမှာထိုင်ပြီး ရေနွေးသောက်နေရာကနေ အိမ်ထဲကို မသိမသာ ကြည့်နေတာဗျ။ ကျောက်ခဲနဲ့ လူကျော်လည်း ကျုပ်လိုပဲဗျ၊ အိမ်ထဲက ပြောကြဆိုကြတာကို လှမ်းပြီးကြည့်နေကြတာ။ ကိုကြီးသိန်းညိုကတော့ အိမ်ပေါ်တက်လိုက်သွားတာပေါ့ဗျာ။ အရီးဘုမက သူ့ကိုပေးတဲ့ ပိတ်စထုပ်ကလေးကို ဖြည်ပြီး သေသေချာချာ ကြည့်တယ်ဗျ။ ပြီးတော့မှ ပြုံးပြုံးကြီးလုပ်ပြီး. . .

“ဟဲ့ သိန်းညိုနဲ့ ဝိုင်းစိန်၊ ဒါ လျော်မွေးမဟုတ်ဘူးဟဲ့၊ ဒါ လူခြောက်၊ လူခြောက်”

“ဗျာ. . . လူခြောက် ဟုတ်လား အရီး”

ကိုကြီးသိန်းညို အံ့ဩပြီးမေးတဲ့အသံကို ကျုပ်တို့အတိုင်းသား ကြားနေရတာပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ့ါ သိန်းညိုရယ်၊ ငါသာ ရောက်မလာရင် ဒုက္ခဖြစ်တော့မှာ၊ နင်တို့ ဒါကို မြေကျင်းတူးပြီး မြှုပ်ပစ်မှာ သေချာတယ်"

"အရီကလည်း လူခြောက်ဖြစ်တော့ကော ဘာထူးမှာတုံးတော့၊ အသက်မှ မရှိတာ"

မပိုင်းစိန်က မျက်ရည်လေး လည်လည်နဲ့ ပြောတယ်ဗျို့။

"ဟာ ဒီကောင်မ ခက်တော့နေပြီပဲ၊ နင် လူခြောက်အကြောင်း မကြားဖူးဘူးလား"

"ကြားတော့ ကြားဖူးတယ် အရီးရဲ့၊ သေသေချာချာတော့ မသိဘူးဗျ"

ကိုသိန်းညိုက ဝင်ပြောတာဗျ။ အားလုံးကတော့ လူခြောက်ကလေးကို ဝိုင်းကြည့်နေကြတာပေ့ါဗျာ။ ကျုပ်တို့ကတော့ ဝိုင်းထဲက ကြည့်နေတာဆိုတော့ ဘယ်မြင်မှာတုံး။ သူတို့ ပြောဆိုနေတာပဲ ကြားနေရတာပေ့ါဗျာ။

"အသက်ရှိတာပေ့ါဟဲ့၊ ဒါလူပဲ၊ ဒါပေမဲ့ နင်တို့ ငါတို့လို ရုပ်နဲ့နာမ် တွဲဖြစ်တာ မဟုတ်ဘူးဟေ့၊ ရုပ်ကတခြား၊ နာမ်က တခြားဖြစ်တာ၊ ဒါပေမဲ့ ဒီရုပ်ကလေးကို တွယ်မှီပြီးဖြစ်တဲ့ နာမ်ဆိုတော့ ငါတို့လိုပဲ ရှင်သန်နိုင်တယ်။ ဒီရုပ်ထဲက ထွက်လာတဲ့ ကိုယ်ပွားရုပ်မှာ သူ့နာမ်ကိန်းပြီး နေတာ။ သူ မသေသေးသရွေ့





ဒီရုပ်ကလေးက မပုပ်မသိုးဘူးဟဲ့။ သူသေမှ ဒီရုပ်ကလေးက ပုပ်သွားလိမ့်မယ်။ ဒီရုပ်ကလေးရဲ့ ကိုယ်ပွားရုပ်ထဲမှာ သူ့ရဲ့နာမ်ကိန်းနေတော့ တခြားလူတွေလိုပဲ ကြီးထွားလာတာဟဲ့။ တခြားကလေးတွေ မွေးသလိုပဲ သူ့ကို အစားကျွေးရမယ်၊ အဝတ်ဆင်ရမယ်၊ သူပြောချင်တာရှိရင် နင်တို့ကို အိပ်မက်ပေးပြီး ပြောလိမ့်မယ်၊ ပြီးတော့ ငါ တစ်ခုပြောမယ် သိန်းညို"

"ဟုတ်ကဲ့ ပြောပါ အရီး"

"နင်တို့လင်မယား စီးပွားတက်လိမ့်မယ် ကြားလား"

"ဟာ ဟုတ်လား အရီး"

ကိုသိန်းညိုရော၊ မပိုင်းစိန်ရော မျက်နှာတွေ ဝင်းသွားကြတယ်ဗျို့။

"နို့ ကျုပ်တို့သားလေးကို ဘယ်လိုထားရမှာတုံး အရီးရဲ့"

ကိုသိန်းညိုက အရီးဘုမကို မေးတယ်။

ထန်းခေါက်ဖာတောင်း သေးသေးလေးတစ်လုံးနဲ့ ထားပေ့ါဟဲ့၊ အဖုံးကို ဟထား၊ အလုံမပိတ်နဲ့။ ပုရွက်ဆိတ် မကိုက်အောင်၊ ကြောင်တွေ၊ ခွေးတွေ၊ ကြီးကန်းတွေ မထိုးမသုတ်အောင် ဂရုစိုက်ပေ့ါ။ နောက်တော့ နင်တို့ လိုတာရှိရင် ငါပြောပြမှာပေ့ါဟာ၊ ကဲ ကဲ နင်တို့ သားဦးလေး ရပြီ၊ သူများလိုပဲ နာမည်မှည့်ရမယ်၊ အရွယ်ရောက်ရှင် ရှင်ပြုရမယ် ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အရီးရာ၊ အရီးပဲ ကျုပ်တို့သားလေးကို နာမည် မှည့်ပေးခဲ့ပါဗျာ"

"ဟေ. . . အေး၊ အေး နေဦးဟဲ့၊ ဒီနေ့က ဘာနေ့တုံး"

"အရီးကလည်း တနင်္ဂနွေလေ"

"ဩော် တနင်္ဂနွေသားလေးပဲ၊ မောင်အောင်ပေါ့ဟယ်"

"မောင်အောင်၊ မောင်အောင်၊ ဟာ ကောင်းတယ် အရီးရေ၊ ကောင်းတယ်"

ကိုသိန်းညိုက ဝမ်းသာအားရနဲ့ သူ့သား လူ့ခြောက်ကလေးရဲ့နာမည်ကို ခေါ်ကြည့်နေတယ်။ မဝိုင်းစိန်ကတော့ တစ်ခုခုကို တွေးနေပုံပဲဗျာ။

"နေပါဦး အရီးဘုမရဲ့၊ ဒီကလေးကို နို့တွေဘာတွေ တိုက်ဖို့ကြတော့ရော၊ ဘယ်လိုလုပ်ရမှာတုံး၊ ဒီသားခြောက်ကလေးက နို့စို့တတ်ပ့ါမလားတော့"

လို့ အရီးဘုမကို မဝိုင်းစိန်က မေးလိုက်တယ်။

"ဟဲ့ ဝိုင်းစိန်၊ အဲဒါတွေ နင် မပူနဲ့၊ တခြားကလေးတွေ လိုပဲ သူ့အမေနို့ သူလာစို့မှာပေါ့ဟဲ့၊ နင်ကသာ မကြောက်နဲ့ ဘာကြောက်စရာရှိတုံးဟယ်၊ ဒါ နင့်သားပဲ၊ နင် မမြင်ရ မထိရ ပေမဲ့ နင့်သားက တကယ်ရှိနေတာပဲ ဝိုင်းစိန်ရဲ့"

"ဟာ ကျုပ် မကြောက်ပါဘူး အရီးရာ၊ ကျုပ်သားလေး





ကို နို့ဝအောင် ကျုပ်တိုက်မှာပေါ့တော့"

အိမ်ပေါ်မှာ လူရှင်းသွားတော့မှ ကိုသိန်းညိုက သူ့သား လူခြောက်ကလေး မောင်အောင်ကို တဘက်ကလေးနဲ့ထုပ်ပြီး ကျုပ်တို့ဆီကို ယူလာပြတယ်ဗျ။ ဒီတော့မှ ကျုပ်လည်း လူခြောက်ဆိုတာ သေသေချာချာ မြင်ဖူးတာဗျို့။ လက်ညှိုးသာသာကလေး ပါဗျာ။ ဒါပေမဲ့ လူ့ရဲ့အင်္ဂါရပ်တော့ အပြည့်အဝ ပါတယ်ဗျ။

နောက်တော့လည်း အရီးဘုမ ပြောသလိုပါပဲဗျာ။ ကိုသိန်းညိုတို့လင်မယားမှာ စီးပွားတွေ ဖြစ်လိုက်တာ၊ အိမ်ကြီး အိမ်ကောင်း ဆောက်နိုင်ရုံမကဘဲ သူတို့သား လူခြောက် မောင်အောင်ကိုတောင် ရှင်တွေဘာတွေ ပြုပေးတာဗျို့။ တစ်ရွာလုံးကို ကျွေးလိုက်မွေးလိုက်တာမှ အလျှံပယ်ပါပဲဗျာ။ ခုဆိုရင် မောင်အောင်တောင် ဆယ်နှစ်သားလောက် ရှိပြီပေါ့ဗျာ။

ကျုပ်လည်း ဒီကိစ္စကို မေ့မေ့ပျောက်ပျောက်ပါပဲဗျာ။ ကိုယ့်အကြောင်းမှလည်း မဟုတ်ဘဲကိုး။ ဒါပေမဲ့ ညကတော့ ဒီအကြောင်းက ကျုပ်အကြောင်း ဖြစ်လာရောဗျို့။

ညက ကျုပ်အိပ်မက်တစ်ခု မက်တယ်။ ကောင်လေး တစ်ယောက်ဗျ။ ကျုပ်ကို ဝိုင်းဝကနေ လှမ်းခေါ်နေတာ။ ဒီအသံ သည်း ကျုပ် တစ်ခါမှ မကြားဖူးဘူး။ ကျုပ် ဝိုင်းဝကို လှမ်းကြည့် တယ်။ ရှပ်အကျီစိမ်းပြာလေးနဲ့ ပုဆိုးက ဝါတာတာအကွက်



www.burmeseclassic.com

www.burmeseclassic.com



ကလေး ဝတ်လို့ဗျ။ ဆံပင်ကလည်း ကျကျနနကို ဆီလိမ်းပြီး ဖြီးထားတာဗျို့။ ဘယ်သူမှန်းလည်း ကျုပ် မသိဘူးဗျ။

"လေးလေးတာတေ၊ လေးလေးတာတေ"

ဟော ကျုပ်ကို လေးလေးလို့ ခေါ်တာဗျ။ ဒီရွာမှာ ကျုပ်ကို လေးလေးတာတေလို့ ခေါ်တဲ့သူ တစ်ယောက်မှ မရှိပါဘူး။

"လာခဲ့လေကွာ၊ ဘယ်သူတုံး၊ ဝင်ခဲ့ ဝင်ခဲ့"

ကျုပ်က လှမ်းခေါ်လိုက်တယ်။ ဒါပေမဲ့ ဒီကောင်လေးက ဝိုင်းထဲ ဝင်မလာဘူးဗျ။ ဝိုင်းဝမှာပဲ ရပ်နေတယ်။

"ရော ဒီကောင်လေးကလည်း ဝင်ခဲ့ပါဆိုမှ ဝိုင်းဝမှာပဲ ရပ်နေတော့တာပဲကိုး"

ကျုပ်က ပြောပြောဆိုဆိုနဲ့ပဲ အိမ်ပေါ်က ဆင်းလာခဲ့ရောဗျို့။ ဝိုင်းဝကိုရောက်တော့ ကောင်လေးကို ကျုပ်တသေသေချာချာကြည့်တယ်။ ဟာ လူချောလေးဗျ။ အသားဖြူဖြူလေး။ နှာတံပေါ်ပေါ်၊ မျက်ခုံး မျက်လုံးလည်း လှတယ်ဗျ။ ကျုပ်ကို ပြုံးပြုံးလေး ကြည့်နေတာဗျ။ ကျုပ်လည်း သူ့ကို တစ်ခါမှ မတွေ့ဘူးတာနဲ့ မေးရတော့တာပေါ့ဗျာ။

"နို့ နေပါဦးကွ၊ မင်းက ဘယ်သူတုံး"

"လေးလေးကလည်း ကျုပ်ကိုတောင် မသိတော့ဘူး





လားဗျ၊ မောင်အောင်လေ"

"ဟေ. . . မောင်အောင်၊ နေပါဦးကွ၊ မောင်အောင်ဆိုတော့"

"ကိုသိန်းညွှန့်သားလေဗျာ၊ လေးလေးကလည်း"

"ဟာ သိပြီ၊ သိပြီ၊ မောင်အောင်၊ ဟား ဟား ဟား၊ ငါက မင်းကို သိပ်တွေ့ချင်တာကွ၊ ခုမှပဲ တွေ့ရတော့တယ်၊ မင်းက လူချောလေးပဲကွ မောင်အောင်ရ နို့ မင်း ဘာလို့ ဝိုင်းထဲ မဝင်တာတုံး"

"လေးလေးတာတေ၊ ကျုပ်တို့တွေက သူများဝိုင်းထဲကို ဝင်ချင်တိုင်းဝင်လို့ မရဘူးဗျ"

"ဟေ ဟုတ်လား၊ နို့ အခု လေးလေးဆီ လာတာက ဘာကိစ္စတုံးကွ၊ မောင်အောင်ရ"

"လေးလေးကို ပြောစရာရှိလို့ဗျ"

"ဟေ. . . ပြောလေကွာ၊ ဘာများတုံး"

"အခုတလော ကျုပ်တို့ရွာကို မကောင်းဆိုးဝါး တစ်ကောင် ဝင်ဝင်လာတာ တွေ့တယ်ဗျ"

"ဟေ. . ဟုတ်လား မောင်အောင်၊ မင်း မြင်ရသလား"

"ကျုပ်က မြင်နိုင်တယ်ဗျ၊ ညသန်းခေါင်ကျော်လောက်မှာ ဝင်ဝင်လာတတ်တယ်၊ တစ်ကိုယ်လုံး နက်မှောင်ပြီး ပါးစပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ အစွယ်တွေ ဖွေးနေတာပဲဗျ"

"ဟာ. . . ဟုတ်လား၊ ဒီကောင်မှာ အစတ်အစားရော ပါသလားကွ"

"ပါတယ် လေးလေး ပါတယ်၊ ပုဆိုးကွက်တုံးကြီးနဲ့ဗျ၊ အပေါ်ပိုင်းမှာတော့ အင်္ကျီမပါဘူး၊ ဆံပင်ရှည်ရှည်ကြီး မျက်နှာပေါ် အုပ်ကျနေတာဗျ။ မျက်လုံးတွေဆိုတာ ရဲတောက်နေတာ"

"အရွယ်ကရော ဘယ်လောက်ရှိတုံး"

"လူနှစ်ကိုယ်စာလောက် ရှိမယ်ဗျ၊ အရပ်ကတော့ သိပ်မမြင့်ဘူး၊ လူသာသာပဲ"

"ဘာကောင်လို့ မင်းထင်တုံး"

"အဲဒါတော့ ကျုပ်လည်း မသိဘူးဗျ၊ ဒီကောင်ကြီး ရွာတွေထဲ ဝင်လာတာ မကောင်းဘူးဆိုတာတော့ ကျုပ် သိတယ်ဗျ"

"ရွာတွေထဲ ဝင်တယ်ဆိုတော့ တခြားဘယ်ရွာတွေ ဝင်သေးလို့တုံးကွ"

"ဟိုဘက်ကရွာတွေမှာ ကျုပ်တို့လူတွေ တစ်ယောက်နှစ်ယောက် ရှိတယ်ဗျ၊ မနေ့က သူတို့နဲ့တွေ့တော့ သူတို့ရွာတွေထဲကိုလည်း အဲဒီကောင်ကြီး ဝင်တယ်လို့ ပြောတယ်ဗျ။ သူတို့လည်း သူတို့ရွာတွေအတွက် စိုးရိမ်နေကြတယ်"

"အေး. . . ဟုတ်ပြီ၊ မောင်အောင်၊ လေးလေး ကြည့်





လုပ်လိုက်ပါ့မယ်"

"ကျုပ် သိတယ် လေးလေး၊ ဒီကိစ္စမျိုးဆိုတာ လေးလေး လုပ်မှရမှာ၊ ပြီးတော့ လေးလေးကို ဟိုမိန်းမကြီးက စောင့်ရှောက်နေတာ"

"ဟေ. . . ဘယ်မိန်းမကြီးတုံး မောင်အောင်ရဲ့"

"ဟာ သူ့နာမည်ကို ကျုပ် မခေါ်ရဲဘူးဗျ"

"မဖဲဝါကို ပြောတာလား"

ဒီကောင် ခေါင်းညိတ်ပြတယ်ဗျ။ မဖဲဝါနာမည်ကို ပါးစပ်ကတောင် မခေါ်ရဲဘူးဗျို့။

မောင်အောင် နောက်ကိုချာကနဲ လှည့်ထွက်သွားတယ်။

"ဟဲ့ တာတေ"

"ဟေ ဘာတုံးကွ မောင်အောင်"

"ဟဲ့ ဘယ်က မောင်အောင်တုံး၊ ငါဟဲ့၊ ငါ၊ နင့်အမေ ငွေစိန်လေ"

ဒီတော့မှ ကျုပ် လန့်နိုးသွားတာဗျို့။

"ဟာ အမေ၊ ကန်တော့ဗျာ၊ ကန်တော့၊ ကျုပ် အိပ်မက်မက်နေတာ"

"နင် ဒီနေ့ ယာထဲဆင်းမလို့ဆို၊ ဒါကြောင့် နှိုးတာ၊ အရုဏ်တောင်တက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



“တုတ်တယ် အမေ၊ ကျုပ် ဒီနေ့ ယာထဲဆင်းမှာ၊ ထပြီ၊ တော့”

ယာထဲမှာ အလုပ်သာ လုပ်နေတာဗျ။ ကျုပ်မျက်စိထဲမှာတော့ ကိုသိန်းညိုသား လူခြောက်ကလေး မောင်အောင်ကိုပဲ မြင်နေတာ။ ဒါ အိပ်မက် မဟုတ်ဘူးဗျ။ ဒီကောင်လေး ကျုပ်ဆီကို အတယ်ရောက်လာတာပဲ ဖြစ်ရမယ်။

သူပြောတဲ့ မကောင်းဆိုးဝါးဆိုတာရော တကယ်ပဲလား။ ဒီကောင်လေး ကျုပ်ဆီကို တကယ်လာတာဆိုရင်တော့ သူပြောတာလည်း တကယ်ဖြစ်မှာပေါ့ဗျာ။

ဘုန်းကြီးကျောင်းက ဆွမ်းစားသံချောင်းခေါက်တော့ ကျုပ် ယာထဲက တက်လာခဲ့တယ်။

အိမ်မှာ အမေချက်ထားတဲ့ ဝက်ကလီစာဟင်းနဲ့ ထမင်းကို တစ်ဝစားပြီး ကျုပ် ခုံတန်းလျားလေးပေါ်မှာ အိပ်နေတာပေါ့ဗျာ။

ကျုပ်လည်း ယာထဲက တက်လာတော့ ပင်ပန်းပြီး အိပ်ပျော်သွားလိုက်တာ၊ ဘယ်လောက်တောင် ကြာသွားတယ် မသိပါဘူးဗျာ။

“တာတေရေ၊ တာတေ”

ဝိုင်းဝကနေ ကျုပ်နာမည် ခေါ်သံကြားတော့မှ ကျုပ်





အိပ်ရာကနေ နိုးသွားတာတို့။

ကျုပ်လည်း တန်းလျားကထပြီး ဇလီပေါက်ကလေးကနေ ဝိုင်းထဲကို လှမ်းကြည့်တယ်။

ဟင် ဘန့်ဘွေးကုန်းက အောင်မြင့်ပဲဗျ။ အောင်မြင့်တို့ အောင်တင့်တို့ ညီအစ်ကိုနှစ်ယောက်ဆိုတာ ကျုပ်နဲ့ လူခင်တွေပေါ့ဗျာ။

“လာလေ အောင်မြင့်၊ ငါ ရှိပါတယ်ကွ”

“အေး အေး လာပြီ၊ လာသာလာရတာ မင်း ရှိပုံ့မလား သို့ဟော့”

“ရှိပါတယ်ကွ၊ လာပါ”

အောင်မြင့် အိမ်ပေါ်တက်လာပြီး အမေနဲ့ အဘကို နှုတ်ဆက်တယ်ဗျ။

“အဘနဲ့ အရီး နေကောင်းရဲ့နော်”

“ဟာ ဘယ်သူများတုံးလို့ ကြည့်နေတာ၊ ဘမောင်သား ကိုး”

အဘက ဝမ်းသာအားရ ပြောတယ်ဗျ။

“ဟော. . ဒါ ဘမောင်သားလား၊ ဟ အရပ်ကြီးကလည်း ကြီးလှချည်လား၊ နင့်အဖေ ဘမောင်နဲ့ နင်နဲ့က ဘယ်သူ အရပ် ပည်တုံး”



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်တို့အဖေ ဘိုးဘမောင်ကြီးကလည်း အရပ်
[illegible] တော်တော်ရှည်တာဗျ။

"အရီး ကျုပ်တို့ထက် အငယ်ကောင် အောင်တင့်က
အရပ်ပိုရှည်တာဗျ"

"ဟေ ဟုတ်လား၊ ဩော်"

ကျုပ်က အောင်မြင့်ကို လက်ဖက်ပွဲနဲ့ ရေနွေးကြမ်း
တည်တယ်။ နဂါးဆေးပေါ့လိပ်ကလေးလည်း မီးညှိပြီး ပေးလိုက်
တယ်။ ဆေးပေါ့လိပ်ကို နှစ်ဖွာ သုံးဖွာ ရှိုက်လိုက်ပြီးတော့. . .

"တာတေရေ ငါတို့ ရွာမှာတော့ အထူးအဆန်းတွေ
ဖြစ်နေလို့ကွ"

"ဟင် ဘာအထူးအဆန်း ဖြစ်နေလို့တုံး အောင်မြင့်ရ"

"ညက တို့ရွာမြောက်ပိုင်းက ကိုဖိုးထွေးတို့ မမြင်ခင်
ကလေးအငယ်လေး ဆုံးသွားတယ်"

"ဘယ်အရွယ်တုံးကွ"

"လသားလေးပါကွာ၊ သုံးလသားလေးပါ၊ ကလေး
မွေးကတည်းက ရောဂါ ပါလာတာထင်ပါတယ် တာတေ"

"အေး အဲဒီတော့ ပြောပါဦးကွ၊ မင်းပြောတဲ့ အထူး
အဆန်းဆိုတာ"

"ကလေးက အငယ်ဆုံးဆိုတော့ ချက်ချင်းချပ်ပြီး





ပေါ့ကွာ၊ ငါတို့ပဲ မနက်စောစောထပြီး ခေါင်းသေးသေးလေး
စပ်ပြီးထည့်ကြတယ်။ နေမွန်းမတည့်ခင်ပဲ သုသာန်မှာ မြှုပ်ကြ
တာပေါ့ကွာ"

"အင်း. . ."

"အဲဒီမှာ ပြဿနာတက်တော့တာပဲဟေ့"

"ဟေ ဘာဖြစ်လို့တုံးကွ အောင်မြင့်ရ"

"မြေမြှုပ်ကာနီးမှ မမြခင်က ခေါင်းအဖုံး ဖွင့်ပေးပါ၊
သူ့သားလေးကို နောက်ဆုံးကြည့်မြင်ချင်ပါတယ်ဆိုတော့ ငါတို့က
ခေါင်းဖုံး ဖွင့်ပြရတာပေါ့ကွာ"

"အေး အဲဒီတော့ မမြခင် သတိမေ့လဲသွားရောလား"

"ဟာ မဟုတ်ဘူးကွ၊ ခေါင်းထဲမှာ ကလေးအလောင်း
မရှိတော့ဘူး"

"ဟေ. . . မင်းတို့ ကလေးအလောင်းကို ခေါင်းထဲ
သေသေချာချာ ထည့်တယ်မို့လား"

"ဟာ တာတေကလည်းကွာ၊ ခေါင်းထဲကို အသုဘ
ထည့်တာ၊ သေသေချာချာ မထည့်တဲ့သူ ရှိမလားကွ"

"အေး. . . ဒါဆိုရင် ကလေးအလောင်း ဘယ်ရောက်
သွားတုံး"

"အဲဒါကြောင့် မင်းဆီကို လာခဲ့တာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟကောင် အောင်မြင့်ရဲ့၊ သချိုင်းကုန်းမှာ သွားပြီး သင်္ဂြိုဟ်တဲ့ အသုဘတစ်ခု ခေါင်းထဲကနေ ပျောက်သွားတာမျိုး တော့ ငါလည်း တစ်ခါမှ မကြားဖူးဘူးကွ"

အောင်မြင့်က ကျုပ်စကားကိုကြားတော့ သူ့ဆံပင်ပွဲပွ ကြီးကို ဖျင်းကနဲ ဖျင်းကနဲ မြည်အောင် ကုတ်လိုက်တယ်ဗျ။ ဒီကောင် တော်တော်စိတ်ရှုပ်နေပုံပဲဗျို့။ ဒီကောင် မပြောနဲ့ ကျုပ် တောင် အံ့ဩလွန်းလို့ ဘာပြောရမှန်းကို မသိတော့တာဗျာ။

"နို့ နေပါဦး အောင်မြင့်ရဲ့၊ ကလေးအလောင်းလေး ခေါင်းထဲမှာတင် ပျောက်သွားတော့ မင်းတို့ ဘယ်လိုလုပ်ကြတုံး ကွ"

"ဟ တာတေရ၊ ဘာလုပ်ရမှာလဲကွ၊ အဲဒီခေါင်းအခွံ လေးကိုပဲ မြေမြှုပ်လိုက်ရတော့တာပေါ့ကွာ"

ကျုပ်လည်း ဘာမှတွေးလို့ မရတော့တာနဲ့ နဂါးဆေးပေါ့ လိပ်ကလေးကို မီးခတ်နဲ့ ခတ်ပြီး ဆက်တိုက်ဖွာထုတ်လိုက်တယ် ဗျို့။

"တာတေရေ့. . ဟေ့ တာတေ၊ တာတေ ရှိလား အရိုး"

ကျုပ်နဲ့ အောင်မြင့်နဲ့ ဆေးလိပ်တွေဖွာပြီး တွေးနေတုန်း မှာ ဝိုင်းဝက ခေါ်သံကြားလို့ ကျုပ်တို့လည်း လှမ်းကြည့်လိုက်မိ တာပေါ့ဗျာ။





"ဟ မီးလောင်ကုန်းက ကိုဖိုးမောင်ကြီးကွ တာတေရ"

ဟုတ်ပါ့ဗျာ။ ကိုဖိုးမောင်က အရပ်ပုပြတ်ပြတ်၊ အသား ညိုညိုဗျ။ အားကြီးရိုးတဲ့လူ။ ကျုပ်ဆီတော့ တစ်ခါ တစ်ခါ လာလည်တတ်ပါတယ်။ အခုလည်း ထနောင်းကုန်းကို ကိစ္စရှိလို့ လာရင်း ကျုပ်ဆီကို ဝင်လာပုံရတယ်ဗျ။

"ကိုကြီးဖိုးမောင် ကျုပ် ရှိတယ်ဗျ၊ အိမ်ပေါ် တက်ခဲ့ လေဗျာ"

"အေး အေး လာပြီဟေ့"

ကိုကြီးဖိုးမောင်က အိမ်ပေါ်ကို တန်းတက်လာတာဗျို့။ အိမ်ထဲဝင်ဝင်ချင်း အောင်မြင့်ကို တွေ့သွားတော့. . .

"ဟာ အောင်မြင့်၊ မင်းလည်း တာတေ့ဆီ ရောက်နေ တာကိုး"

ပြောပြောဆိုဆိုနဲ့ ကိုဖိုးမောင်က တန်းလျားခုံလေးမှာ ဝင်ထိုင်တယ်။ အောင်မြင့်က ရေနွေးကြမ်း ငှဲ့ပေးတယ်။ ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးကို မီးညှိပေးတယ်။ ကိုဖိုးမောင် ခုမှ မီးလောင်ကုန်းက ကုန်းကြောင်းလျှောက်လာပုံပဲဗျ။ မောမောနဲ့ ရေနွေးကြမ်းကို အကုန်မော့ပစ်လိုက်တယ်။ ပြီးတာနဲ့ နဂါး ဆေးပေါ့လိပ်ကို ဖွာတော့တာပဲဗျာ။

"ကိုကြီးဖိုးမောင် ဘယ်ကလှည့်လာတုံးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကမှ လှည့်မလာဘူး တာတေရေ၊ မင်းဆီကို တန်းလာခဲ့တာကွ၊ ကိစ္စအရေးကြီးလို့"

"ဟင် ဟုတ်လား ကိုကြီးဖိုးမောင်၊ ပြောပါဦးဗျ ဘာ အကြောင်းများတုံး"

ကိုကြီးဖိုးမောင်က ဆေးပေါ့လိပ်ကလေးကို ဆေးလိပ်ခွက်ကလေးထဲ ထည့်ထားလိုက်တယ်။ ပါးစပ်ထဲမှာ ငုံထားတဲ့ မီးခိုးတွေကို ရှိုက်လိုက်ပြီး နှာခေါင်းပေါက်ကနေ မှုတ်ထုတ်လိုက်တယ်။

"ဒီလိုဟေ့၊ ငါတို့ရွာမှာ မနေ့က တော်တော်လေး ထူးဆန်းတဲ့ကိစ္စတစ်ခု ဖြစ်သွားတယ်"

"ဟင် ဘယ်လိုထူးဆန်းတာတုံး ကိုကြီးဖိုးမောင်ရဲ့"

"ဒီလိုကွာ၊ မင်း သိမှာပါကွာ၊ တို့ရွာတောင်ပိုင်းမှာနေတဲ့ ကိုပေတို့ မသန်းတို့ ဆိုတာလေကွာ"

"ဩော် နှမ်းနှုတ် ပဲနှုတ် အမြဲလိုက်တဲ့ လင်မယား ထင်တယ်"

"အေး ဟုတ်တယ်၊ ဟုတ်တယ်၊ ကိုပေ ဆိုတာက ခြေထောက်ကလေးတစ်ဖက် နည်းနည်းဆာနေတယ်လေကွာ"

"သိပြီ၊ သိပြီ၊ ကိုကြီးဖိုးမောင်ရေ၊ နို့ အဲဒီလင်မယား ဘာဖြစ်လို့တုံးဗျ"





"သူတို့မှာ ကလေးနှစ်ယောက်ရှိတယ်၊ အခု တတိယ ကလေးပေါ့ကွာ၊ မသန်း မီးဖွားတာ တစ်ပတ်ပဲ ရှိသေးတာကွ၊ မီးထွက်ပြီးရုံပဲ ရှိသေးတာ၊ အဲဒါ ကလေးကို စောင်ခွေလေးထိုးပြီး သိပ်ထားတာပေါ့။ ကလေးအိပ်နေတုန်း အိမ်ထဲမှာ ထမင်းလေး ဟင်းလေး ချက်ရတာပေါ့ကွာ။ အလုပ်ပြီးလို့ ပြန်လာတော့ ကလေး မတွေ့တော့ဘူးကွ"

"ဗျာ. . ကလေး ပျောက်သွားတယ် ဟုတ်လား ကိုကြီးဖိုးမောင်"

ကျုပ်က အလန့်တကြား မေးလိုက်မိသလို အောင်မြင့်ကလည်း လန့်ပြီး ပါးစပ်ဟောင်းလောင်းကြီး ဖြစ်နေတာပေါ့ဗျာ။

"နေဦး၊ ငါ ဆက်ပြောဦးမယ်၊ ကလေးထွေးထားတဲ့ စောင်ခွေထဲမှာ သွေးစတွေ ကျန်ရစ်ခဲ့တယ်ကွ"

"ဟာ. . . သွေးစတွေ ဟုတ်လား၊ ခွေးတွေဘာတွေ များ. . ."

"မဟုတ်တာကွာ၊ ဘယ်တုံးကမှများ ခွေးက ကလေးကို စားပစ်တယ်ဆိုတာ ရှိဖူးလို့တုံး၊ ပြီးတော့ မသန်းက အိမ်ရှေ့တံခါးကို သေသေချာချာကို ဂျက်ထိုးပြီး ပိတ်ထားတာတဲ့ကွ၊ တာတေရဲ့"

"ဖြစ်မှဖြစ်ရလေဗျာ၊ အောင်မြင့် လာတာလည်း ဒီကိစ္စမျိုးပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ. . . ဘန့်ဘွေးကုန်းမှာလည်း ကလေးပျောက်သွားလို့လား"

"ဟုတ်တယ် ကိုကြီးဖိုးမောင်၊ ကျုပ်တို့ ဘန့်ဘွေးကုန်းမှာလည်း ကလေး ပျောက်သွားတယ်၊ ဒါပေမဲ့ ခင်ဗျားတို့ မီးလောင်ကုန်းမှာ ပျောက်သလို အရှင်ပျောက်တာ မဟုတ်ဘူးဗျ။ သုံးလသားလေး သေသွားလို့ အသုဘချတာ၊ ကျုပ်ပဲ အားလုံးကို ဦးဆောင်ပြီး လုပ်ပေးတာဗျ။ သချိုင်းကုန်းမရောက်ခင် ခေါင်းထဲက ကလေးအလောင်းလေး ပျောက်သွားတာဗျို့။ ဟိုရောက်လို့ သင်္ဂြိုဟ်မယ်လုပ်တော့ မရှိတော့ဘူး ကိုကြီးဖိုးမောင်ရေ"

"ဟာ မင်းတို့ရွာမှာဖြစ်တာက ပိုတောင်ဆန်းနေသေးပါရောလား အောင်မြင့်ရဲ့"

"ဆန်းချက်တော့ ပြောမနေနဲ့တော့ဗျာ၊ ဒါကြောင့် ကျုပ်လည်း တာတေ့ဆီ ပြေးလာခဲ့တာဗျ"

"ဟေ ဟုတ်လား"

"နို့ နေပါဦး အောင်မြင့်ရဲ့၊ မင်းတို့က ဘယ်တုံးက ဖြစ်တာတုံး"

ကိုဖိုးမောင်ကြီးက အောင်မြင့်ကို မေးလိုက်တယ်။

"ဒီနေ့ပဲလေ၊ ဒီနေ့မွန်းတည့်ကာနီးလောက်ကမှ ဖြစ်သွားတာဗျ"





"ဟေ ဟုတ်လား၊ ငါတို့က မနေ့က ဖြစ်တာကွ၊ ဘယ်လိုဖြစ်တာပါလိမ့်ကွာ"

"ကဲ အောင်မြင့်ရော၊ ကိုကြီးဖိုးမောင်ရော စိတ်အေးအေးထားပြီးသာ ပြန်ပေတော့။ ဒီညပဲ ဒီကိစ္စကို ကျုပ် စလုပ်မယ်၊ ဘာဆိုတာတော့ ကျုပ်လည်း မပြောတတ်သေးဘူးဗျ"

ကိုကြီးဖိုးမောင်ရော အောင်မြင့်ရော ပြန်သွားတော့ ညနေ သုံးနာရီထိုးပြီ။ ကျုပ် ချက်ချင်းရွာထဲကိုထွက်ပြီး ကျောက်ခဲနဲ့ သံမဏိကို ရှာတယ်။ ကျောက်ခဲက လှည်းကောက်ပြီး မီးလောင်ကုန်းကို သွားရမယ်။ သံမဏိက ကျုပ်နဲ့ ထမင်းတောင်းပြင်မယ်ပေါ့ဗျာ။

သံမဏိ ကြက်အမွေးနှုတ်ပြီးတော့ ညနေလေးနာရီရှိပြီ။ ကျုပ် ချက်ချင်း ကြက်သားခုတ်ရတာပေါ့ဗျာ။ ထမင်းကတော့ မီးဖိုပေါ်မှာ ချက်ထားပြီဗျ။ ငှဲ့တောင် ငှဲ့ရတော့မှာ။

ကျုပ်ကောင်လေးနှစ်ယောက်က လွတ်တော်တာဗျ။ နှစ်ယောက်လုံး ချက်တတ် ပြုတ်တတ်ချည်းပဲ။

ကျုပ်တို့ ထမင်းရော ဟင်းရော ကျက်သွားတော့ ငါးနာရီ ကျော်ပြီ။

"ဟဲ့နွား၊ ဟင် ဟဲ့၊ တည့်တည့်ဆွဲလေ၊ တောက်၊ ဟ ဘယ်တုံး ငနီ"



www.burmeseclassic.com

www.burmeseclassic.com



ဟော ကျောက်ခဲရဲ့ နွားငေါက်သံဗျ။ ကျောက်ခဲ ပြန်လာပြီ။ ဝိုင်းထဲကို လှည်းမဝင်တော့ဘူး၊ ဒေါ်တုတ်က လှည်းပေါ်က ခုန်ဆင်းလာတယ်။

"သံမဏိ ငှက်ပျောဖက်တွေ လာယူတော့"

ကဲ အဲဒါသာကြည့်တော့ဗျို့။ ဒေါ်တုတ်ကို သွားခေါ်ခိုင်းတယ်။ ငှက်ပျောဖက်ပါ ခုတ်ယူလာပြီးသားဗျ။ လွှတ်အားကိုးရတဲ့ ကောင်တွေပါဗျာ။

အိမ်ပေါ်ကိုရောက်တော့ ဒေါ်တုတ်က အမေ့ကို သူတို့ရွာက မသန်း ထူးထူးဆန်းဆန်း ကလေးပျောက်သွားတဲ့ အကြောင်း ပြောတယ်ဗျ။

"အေး ဒါကြောင့်ထင်တယ်၊ နေ့လယ်က ကိုရင်ညြရဲ့သား ဖိုးမောင် လာသွားတာ တွေ့လိုက်တယ်၊ တာတေ့ဆီ ဒီအကြောင်း လာပြောတာထင်တယ်၊ ပြီးတော့ ဘန့်ဘွေးကုန်းက ကိုဘမောင်သား အောင်မြင့်လည်း လာတာတွေ့တယ်။ ဘန့်ဘွေးကုန်းမှာလည်း ဘာဖြစ်တယ် မသိဘူး မတုတ်ရဲ့။ သူတို့ ပြန်သွားတာနဲ့ တာတေလည်း ယောက်ယက်ခတ်နေတော့တာပဲ ဟေ့"

အမေကလည်း ဒေါ်တုတ်ကို ပြန်ပြောပြတယ်။

ညရှစ်နာရီထိုးတော့ ကျုပ်တို့ ထနောင်းကုန်းသချိုင်းတို့





ထွက်လာတယ်။ ထုံးစံအတိုင်းပေါ့ဗျာ။ သံမဏိက ထမင်းတောင်းထမ်းလို့ပေါ့ဗျာ။

ထမင်းပြင်တယ်။ ကျုပ်က ခါတိုင်းလိုပဲ မဖဲဝါကို ပင့်တယ်။

"အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကွန်၊ မြောက်ခွဝံအတွင်း ရှိလေရာ ရောက်လေရာအရပ်က အမြန်ဆုံးသာ ကြွခဲ့ပါ၊ မြောက်ဘက်ရှင်မရဲ့ ပညာသိုက်စောင့်၊ မယ်တော်လေးပါးရဲ့ အစေအပါး၊ သချိုင်းမှန်သမျှရဲ့ ရှင်မ မဖဲဝါကို စားပွဲသောက်ပွဲများနဲ့ ကြိုဆိုပါတယ်၊ အမြန်ဆုံး ကြွခဲ့ပါ၊ မဖဲဝါဗျား"

ထမင်းပွဲဘေးမှာ ထွန်းထားတဲ့ ဖယောင်းတိုင်လေးက လေတိုက်လို့ ငြိမ်းမလိုတောင် ဖြစ်နေတာဗျ။ ဒါနဲ့ ကျုပ်ပြောရဦးမယ်။ မဖဲဝါကို ပင့်တိုင်း ကျုပ် ဖယောင်းတိုင်တစ်တိုင် ထွန်းတယ်။ အဲဒီဖယောင်းတိုင်က လေဘယ်လောက်တိုက်တိုက် မှိန်သွားတာပဲ ရှိတယ်ဗျ။ ဘယ်တော့မှ ငြိမ်းမသွားဘူး။ ကျုပ် ဒါကို သတိထားမိတာ ကြာပါပြီ။

"ဝူး၊ ဝူး၊ ဝူး၊ အီ၊ အီ၊ အီ"

ဟော လာပြီဗျို့။ လာပြီ။ ဂူတွေပေါ်ကနေ ဖြတ်ဖြတ်ပြီး ရွေ့လာတာ။ ရိပ်ကနဲ ရိပ်ကနဲ နေတာပဲဗျာ။

ဟော ဝင်ပြီ။ ဒေါ်တုတ်ကိုယ်ထဲကို ဝင်သွားပြီဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တုတ်လက်ကြီးတွေ ကွေးကွေးကောက်ကောက်နဲ့ မြောက်တက်လာတယ်။

ဟော ထမင်းပွဲပြင်ထားတဲ့ ဂူကြီးပေါ်ကို ခုန်တက်သွားပြီဗျို့။ ဟော စားပြီဗျာ၊ စားပြီ။ အားရပါးရကို စားတာဗျ။ တော်တော်လေး စားပြီးတော့မှ ကျုပ်ကို မျက်လုံးကြီး လှန်ကြည့်တယ်။

မဖဲဝါရဲ့ ဒီအကြည့်ကို ကျုပ် သိပြီးသားပါဗျာ။ ကျုပ် ချက်ချင်းပြောလိုက်တယ်။

"မဖဲဝါ ဘန့်ဘွေးကုန်းမှာ ကလေးတစ်ယောက်ဆုံးလို့ သင်္ဂြိုဟ်ကာနီးမှာ ထူးထူးဆန်းဆန်း ခေါင်းထဲက ကလေး အလောင်း ပျောက်သွားတယ်။ ပြီးတော့ မီးလောင်ကုန်းမှာ မွေးပြီးလို့ တစ်ပတ်သားပဲ ရှိသေးတဲ့ ကလေးတစ်ယောက်လည်း သိပ်ထားရင်းက ပျောက်သွားတယ်။ သွေးစတွေ ကျန်ရစ်ခဲ့တယ် မဖဲဝါ"

"ဟဲ့ တာတေ၊ လွန်ခဲ့တဲ့ နှစ်တစ်ရာလောက်က ရန်ကုန်မှာ ငဘိုးထူး ဆိုတဲ့အကောင် သချိုင်းကုန်းမှာ လူသေအသား တစ်ခု နှစ်ခု စားပြီး ဘီလူးမျော်သွင်းတာ အောင်သွားခဲ့ဖူးတယ်။ အဲဒီကောင် သေတော့ လူသားစားဘီလူး ဖြစ်သွားတယ်။ ဒီဘီလူးက သချိုင်းမှာ လာပြီးမြှုပ်တဲ့ ကလေးအသေကို ဖော်ပြီး





စားရတာ။ အခုတော့ ဒီဘီလူးက ဘီလူးစည်းဖောက်ပြီး ရွာတွေထဲ ဝင်ဆွဲလိုဆွဲ၊ ခေါင်းထဲက ကလေးအလောင်းကို နှိုက်လိုနှိုက် ဖြစ်နေတာ။ ဒီနယ်ကို ဒီဘီလူး ရောက်နေတာ ငါသတိမထားမိဘူး တာတေ"

"အဲ အဲဒါကြီးကို ဘယ်လိုလုပ်ရမှာတုံးဗျ မဖဲဝါရဲ့"

"ငါပြောမယ် နင် နားထောင်၊ ဒီဘီလူး နင်တို့ရွာက ကလေးတစ်ယောက်ကို ဖမ်းစားထားပြီ၊ မနက်ဖြန်ညနေ ဒီကလေး သေလိမ့်မယ်"

"ဟာ"

"အေး. . . အဲဒီကလေးကို ညတွင်းချင်း ခေါင်းသွင်းပြီး အိမ်ရှေ့မှာ ထုတ်ထား၊ ဒီဘီလူး ညတွင်းချင်း ရောက်လာလိမ့်မယ်၊ နင့်မှာ ဘီလူးထောင်ချောက်အင်း ရှိတယ်၊ အဲဒီအင်းကို ကလေးအလောင်းစင်ရဲ့ အနောက်ဘက်မှာ မြှုပ်ပြီး စည်းဝိုင်းထားထား၊ ပြီးရင် နင့်ဆရာတော်ဆီမှာ ဝါးပုံနဲ့ ယက်ထားတဲ့ ငါးယပ်တောင် ဘုရားခန်းမှာ ထားတာရှိတယ်၊ အဲဒါကို အဆင်သင့်ဆောင်ထား၊ ဘီလူးကောင် နင့်ထောင်ချောက်ထဲမှာ မိပြီဆိုရင် နင် ဂါထာရွတ်တော့"

"ဘယ်ဂါထာတုံးဗျ"

"တာတေ နင့်ဆရာ ပေးခဲ့တဲ့ စာအုပ်ထဲမှာ ရှာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



“သြော်. . . ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ မဖဲဝါ”

“ဘီလူး မီးထတောက်လိမ့်မယ်၊ နင် မကြောက်နဲ့၊ ဝါးဖုံ့ယပ်နဲ့ နာနာခပ်ပေး၊ မီးတောက်က အဲဒီဘီလူးကိုလောင်ပြီး ပြာချပစ်လိုက်လိမ့်မယ်၊ ဒီည ဒီဘီလူး အဆုံးသတ်ရမယ့်ညဝဲ”

မဖဲဝါ ပြန်ကြွသွားတော့ ဒေါ်တုတ်ကို တော်တော်လေး လှုပ်နှိုးခဲ့ရတယ်။ အချိန်နည်းနည်း ကြာသွားတာကိုး ဗျ။ ဒေါ်တုတ် သတိရတော့ ကျုပ်တို့အိမ်ကို ပြန်လာပြီ။ စကားစမြည် ပြောကြဆိုကြနဲ့ ညတော်တော်နက်မှ အိပ်ရာဝင်ကြတယ်။

ဘီလူးက ကျုပ်တို့ရွာက ကလေးတစ်ယောက်ကို ဖမ်းစားထားတယ်လို့ မဖဲဝါ ပြောတဲ့စကားကို ကျုပ် သတိရပြီး တော်တော်ကို စိတ်မကောင်းဖြစ်တာဗျာ။

နောက်တစ်နေ့လုံး ကျုပ်အိမ်ကနေ ဘယ်မှမသွားဘဲ စောင့်နေတာဗျို့။ ဘာသံမှတော့ ခုထိ မကြားရသေးဘူး။ ဒီနေ့ နေ့လယ်ဆိုရင် ကျုပ် တစ်မှေးတောင် မမှေးဘူးဗျ။ ဘယ်ကများ ဘာကြားရမလဲဆိုပြီး စောင့်နေတာ။

“ကိုကြီးတာတေ၊ ကိုကြီးတာတေ”

ဟော ကျောက်ခဲနဲ့ သံမဏိတော့ ဝိုင်းထဲကို အပြေးအလွှား ဝင်လာပြီဗျို့။

ကျုပ် နာရီလှမ်းကြည့်လိုက်တယ်။ ညနေ ငါးနာရီထိုး





ထော့မယ်ဗျ။ ဟိုကောင်နှစ်ကောင် အိမ်ပေါ်ကို ပြေးတက်လာတယ်။

“ကိုကြီးတာတေ၊ အနောက်ပိုင်းက ကိုကျောက်ဒိုးတို့ မပုတို့ရဲ့ကလေး ဆုံးသွားလို့ဗျ”

“ဟေ ဟုတ်လား၊ ဘာဖြစ်ပြီး ဆုံးတာတုံး”

“တစ်နေ့လုံး အကောင်းတဲ့ဗျ၊ နေ့လယ်လောက်ကမှ ကိုယ်ကလေး နွေးရုံနွေးတာတဲ့။ ညနေလည်းကျရော တက်တော့တာပဲတဲ့။ နှစ်ခါ သုံးခါတက်ပြီးတော့ အသက်ပါ ပါသွားတာဆိုပဲဗျ”

“ကလေးက ဘယ်အရွယ်တုံးကွ၊ ကျောက်ခဲရဲ့”

“အခါလည်သားလေးလို့ ပြောတယ်ဗျ”

ကဲ ငါတို့ အလုပ်စကြမယ်ကွာ၊ အဲဒီအိမ်ကို သွားကြမယ်၊ ဒါ စီစဉ်စရာတွေ ရှိသေးတယ်။

ကျုပ် ကလေးဆုံးတဲ့အိမ်ရောက်တော့ ကျုပ်တို့ရွာသားတွေ စုံနေပြီ။ ကျုပ်က လူကြီးပိုင်းနဲ့ လူလတ်ပိုင်းတချို့ကိုခေါ်ပြီး အကျိုးအကြောင်း ပြောပြတယ်။ ပြီးတော့ လုပ်ရမှာတွေ တိုင်ပင်တယ်။

ည ၇ နာရီထိုးတော့ ကလေးကို ခေါင်းသွင်းပြီးပြီ။ ဝိုင်းထဲမှာ ကျုပ်စိတ်ကြိုက်နေရာရွေးပြီး အလောင်းစင် ပြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အလောင်းစင်နဲ့ မလှမ်းမကမ်းမှာ မှန်အိမ်လေးတစ်လုံး ထွန်းထားတာပေါ့ဗျာ။

ကျုပ် အိမ်ခဏပြန်ပြီး ဆေးလွယ်အိတ်ယူတယ်။ ဆရာတော့်ကျောင်းက ခွင့်တောင်းပြီး ယူလာတဲ့ ဝါးပုံယပ်တောင်ကြီးလည်း ကျုပ် ယူရတာပေါ့ဗျာ။

ကျုပ် ကလေးအသုဘအိမ်ကို ပြန်ရောက်တော့ ညရှစ်နာရီကျော်ပြီ။ အိမ်ပြန်ကတည်းက ကျုပ်က မျက်ကွင်းဆေးကွင်းလာခဲ့တာဗျ။ မဖဲဝါ မှာတဲ့အတိုင်း အလောင်းစင်ရဲ့ အနောက်ဘက်မှာ ဘီလူးထောင်ချောက်အင်း မြှုပ်လိုက်တယ်။ ပြီးတော့ ဆရာနဲ့ဖတ်ဖို့ လုပ်သလို ဂါထာရွတ်ပြီး စည်းဝိုင်းချတယ်။

ညဉ့်နက်တော့ လူတွေကို အိမ်အောက်ကို ဘယ်သူမှ မဆင်းခိုင်းတော့ဘူး။ ကျုပ်တစ်ယောက်ပဲ မန်ကျည်းပင်ကြီးနောက်က ပုန်းပြီးစောင့်တယ်။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

"ဖျန်း၊ ဖျန်း၊ ဖျန်း၊ ဖျန်း"

"အား၊ အား၊ အား၊ အား"

"ဂီး၊ ဂီး၊ ဂီး၊ ဂီး"

ဟာ ခွေးတွေအူ၊ ငှက်တွေ လန့်ပျံ၊ ကျီးတွေပြီး ငှက်ဆိုးတွေထိုး၊ တစ်ပြိုင်နက်ကို ဖြစ်တာဗျို့။ ကျုပ်ဆိုတာ ကြက်သီး





တွေ ထလိုက်တာဗျာ။ ဖျန်းကနဲ ဖျန်းကနဲ နေတာပဲဗျို့။

ဟာ ဝိုင်းထဲကို ဝင်လာပြီဗျို့။ ကိုသိန်းညွှန့်ရဲ့သား လူခြောက် မောင်အောင် ပြောတဲ့အကောင်ပဲကိုး၊ တစ်ကိုယ်လုံး မဲနက်နေတာဗျို့။ ပါးစပ်က အကြီးကြီးဗျ။ ပါးစပ်ထဲမှာ အစွယ်ကြီးတွေမှ ဖွေးနေတာပါပဲဗျာ။ အရပ်ကတော့ လူအရပ်လောက်ပါပဲ။ ကိုယ်လုံးကြီးကတော့ လူနှစ်ကိုယ်စာလောက် ရှိတယ်။ ပုဆိုးကွက်တုံးကြီး ဝတ်လို့ဗျ။ အပေါ်ပိုင်းမှာတော့ အင်္ကျီမပါဘူး။ မျက်လုံးနီနီကြီးတွေနဲ့ ဝိုင်းထဲကို ဟိုကြည့် ဒီကြည့် လုပ်နေတယ်။ ကျုပ်ဖြင့် လှုပ်ကို မလှုပ်ရဲတာဗျို့။

ဟော သွားပြီ၊ လူသားစား ဘီလူးကောင် ကလေး အလောင်းစင်ဘက်ကို သွားပြီ။ အောင်မယ်။ အလောင်းစင်ကို တစ်ပတ်ပတ်ပြီး ကြည့်နေတယ်ဗျို့။ ဟော ဝင်သွားပြီ။ ကျုပ်ဆင်ထားတဲ့ ဘီလူးထောင်ချောက်ထဲကို လူသားစားဘီလူး ဝင်သွားပြီ။

ရွတ်ပြီ။ ကျုပ် 'ငရဲမီးတောက်' ဂါထာကို ရွတ်ပြီ။ ကျုပ်ဆရာကြီး ဒေါက်တာဦးမင်းအောင် သင်ပေးထားတဲ့ ဂါထာပေါ့ဗျာ။ ဒီနေ့ပဲ ကျုပ် မှတ်စုစာအုပ်ထဲမှာ ပြန်ပြီးကြည့်ထားတာဗျ။

ကျုပ် ဂါထာကို မနားတမ်းရွတ်တယ်။ ဘာမှမထူးသေးဘူး။ ဘီလူးက ကလေးရဲ့ ခေါင်းကိုနှိုက်ဖို့ လက်ပြင်နေပြီ။ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ဂါထာကို မနားတမ်းရွတ်တယ်။

"ဝုန်း"

"ဟာ မီးထတောက်ပြီဗျို့။ ကျုပ် မကြောက်ဘူး။ ဒီည ဒီကောင် အဆုံးသတ်ရမယ့်ညလို့ မဖဲဝါ ပြောလိုက်တယ်။ ကလေးတွေကို သေအောင် ဖမ်းစားပြီး လိုက်စားနေတဲ့ လူသားစားဘီလူးကို အသေသတ်ဖို့ ကျုပ် မန်ကျည်းပင်နောက်က ပြေးထွက်လိုက်တယ်။ လက်ထဲက ဝါးပျံယပ်တောင်နဲ့ ကျုပ် ခတ်လိုက်တယ်။

"ဝုန်း၊ ဝုန်း၊ ဝုန်း"

ဟာ ဝါးပျံယပ်နဲ့ ခတ်လိုက်တော့မှ မီးတောက်ကြီးတွေက ဝုန်းကနဲမြည်ပြီး ထလာတာဗျို့။ ဘီလူးက ကျုပ်ကို မျက်ထောက်နီကြီးနဲ့ကြည့်ပြီး ပါးစပ်ကြီး ဟပြတယ်။

ဟာ အစွယ်ကြီးတွေမှ အရှည်ကြီးပဲဗျာ။ ဒါပေမဲ့ 'ဘီလူးထောင်ချောက်' ထဲမှာ မိနေတဲ့ ဘီလူးက ကျုပ်ကို ဘာမှပြန်မလုပ်နိုင်ဘူးဗျ။ ကျုပ်က ဝါးပျံယပ်တောင်ကြီးကို မရပ်မနား ခတ်ပေးတယ်။

"အား၊ အူး၊ အူး၊ အူး၊ အီး"

ဘီလူးရဲ့ အော်သံက တစ်ရွာလုံးကို လွှမ်းသွားရောဗျာ။ တစ်ရွာလုံး လူသံရော၊ ခွေးသံရော တိတ်ကိုသွားရောဗျား။





"ဝုန်း၊ ဝုန်း၊ ဝုန်း"

ငရဲမီးတောက်ကြီးကလည်း ပူပါဘိဗျာ။ မီးတောက်ထဲမှာ ဘီလူး ခြေကားယား လက်ကားယားနဲ့ မြေကြီးပေါ်ကို လဲကျသွားပြီဗျို့။ အော်သံကြီးလည်း ပျောက်သွားပြီ။

ဒီလူသားစားဘီလူး အော်တဲ့အသံကို မဖဲဝါလည်း ကြားမှာပဲဗျ။ အားလုံးပြာဖြစ်သွားတော့မှ ငရဲမီးတောက်ကြီး ငြိမ်းသွားတယ်။

ဒီတော့မှ အိမ်ပေါ်ကလူတွေ ဝိုင်းထဲကို ဆင်းလာကြတာပေါ့ဗျာ။ ကျုပ်ကောင်တွေ၊ ကျောက်ခဲနဲ့ သံမဏိလည်း ကျုပ်ဆီကို စွတ်ပြေးလာတာဗျ။

ရွာထဲက ရွာသားတွေလည်း လူသံတွေ ကြားတော့မှ ကလေးအသုဘအိမ်ကို စုပြုံရောက်လာပြီး တစ်ယောက်တစ်ပေါက် ပြောကြဆိုကြနဲ့ ညံနေတော့တာဗျို့။

နောက်နေ့မနက်ပိုင်းမှာပဲ ကလေးကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်လိုက်နိုင်တာပေါ့ဗျာ။

တာတေ

□□□

www.burmeseclassic.com




ငကျောက်ဖားဂူတဲ့ဗျာ။
ဒီနှာမည်ကို ကျုပ်တို့ တစ်နယ်လုံး မကြားဘူးတဲ့သူ





ဘယ်ရှိလိမ့်မတုံး။ ငကျောက်ဖားဂူနဲ့ ပတ်သက်တဲ့သတင်းတွေကတော့ တစ်ခါ တစ်ခါ ထွက်စမြဲပဲဗျို့။ ငကျောက်ဖားဂူ ဆိုတာက အလယ်ရိုးကြီးပေါ်မှာ ရှိတာဗျ။ လူအရောက်အပေါက် အတော်နည်းတဲ့နေရာပေ့ါဗျာ။ ဝါးခုတ်တဲ့သူတွေတော့ တစ်ခါ တစ်ခါ စွန့်ပြီးသွားကြတယ်။ ဒါကလည်း တခြားနေရာမှာ ဝါးရှားမှ သွားတာပါ။ တခြားဘက်မှာ ဝါးပေါနေလို့ကတော့ အဲဒီဘက်ကို သွားဖို့ဝေးသားလားဗျာ။

လူအရောက်အဇပေါက် သိပ်မရှိတော့လည်း သစ်ဝါးလွှတ်ပေါတော့တာပေ့ါဗျာ။

လူကြီးတွေ ပြောတာသာ ကြားဖူးတာပါဗျာ။ ကျုပ်တော့ တစ်ခါမှကို မရောက်ဖူးပါဘူး။ အဲ နေဦးဗျ။ ကျုပ်အဘတော့ ငယ်ငယ်က တစ်ခါရောက်ဖူးတယ် ပြောတယ်။ ငကျောက်ဖားဂူဘက်မှာ ဝါးခုတ်ဖို့ သွားကြတာတဲ့ဗျ။

ဒါပေမဲ့ အဲဒီဂူကြီးနားလည်းရောက်ရော. . .

"အူး၊ ဝူး၊ ဝူး၊ အူး"

ဆိုတဲ့ အသံကြီး ဂူထဲက ထွက်လာရောတဲ့ဗျို့။ ဘယ်လိုသတ္တဝါမျိုးက အော်လိုက်မှန်းတော့ မသိဘူးတဲ့ဗျာ။

အဘတို့အဖွဲ့လည်း ဓားတွေထမ်းပြီး တောင်ပေါ်ကနေ ပြေးဆင်းကြတာဆိုပဲဗျ။ နောက်လည်း အဲဒီဘက်ကို တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မသွားတော့ဘူးတဲ့ဗျို့။

တချို့ပြောတကတော့ ကျောက်ဖားဂူကြီးထဲမှာ ဘီလူးကြီးတစ်ကောင် နေတယ်တဲ့ဗျ။ တောထဲမှာ သမင်၊ ဒရယ်တွေ မကြာ မကြာ ထွက်ဖမ်းတယ်ဆိုပဲ။

အဲဒီဘီလူးက လူနှစ်ပြန်လောက် အရပ်ကြီးရှည်ပြီး လူ့သုံးကိုယ်စာလောက် ကိုယ်လုံးကြီးရှိဆိုပဲဗျ။ ဆံပင်လား အမွေးတွေလားတော့ မပြောတတ်ဘူးတဲ့။ တစ်ကိုယ်လုံး ဖုံးနေတာတဲ့။ မျက်လုံးတစ်လုံး တစ်လုံးကို ဟင်းသောက်ပန်းကန်လောက်ကို ရှိတာဆိုပဲ။ နီနီရဲရဲကြီးတွေတဲ့ဗျာ။

သမင်၊ ဒရယ်တွေကိုများ နောက်က လိုက်ဖမ်းနေရတာ မဟုတ်ဘူးတဲ့ဗျ။ စိတ်ညို့သလို ညို့ခေါ်လိုက်တာဆိုပဲ။ အဲဒီ တောကောင်က ဘာမှမသိတော့သလို ဖြစ်သွားပြီး ဘီလူးကြီးဆီကို တန်းသွားတော့တာဆိုပဲ။ ဒီတော့မှ ဘီလူးက သမင်တွေ၊ ဒရယ်တွေ၊ ဂျီတွေကို နှစ်ကောင်လောက် ပခုံးမှာထမ်းပြီး တောင်ပေါ် တက်သွားတာတဲ့ဗျ။ သူ့ ဂူကြီးထဲကို ဘယ်လိုဝင်သွားမှန်းကို မသိတာတဲ့ဗျို့။ တောကြီးထဲမှာ ပျောက်သွားတာပဲ မြင်ကြရတာတဲ့။

တချို့က ပြောတော့လည်း အဲဒီဘီလူးကြီးရဲ့နာမည်က ငကျောက်ဖားလို့ ခေါ်သလိုလို၊ ဂူကြီးနာမည်ကပဲ ကျောက်ဖား





ရုပ်ကြီးရှိလို့ ငကျောက်ဖားဂူလို့ ခေါ်သလိုလို ပြောကြတာဗျို့။

တကယ်တော့ ငကျောက်ဖားဆိုတာ ဂူနာမည်လား၊ ဘီလူးနာမည်လား ဆိုတာလည်း ဘယ်သူမှ သေသေချာချာ မသိဘူးဗျ။

ဒါပေမဲ့ လူဆိုတာ သေသေချာချာ မသိတာကို ပိုပြီး ကြောက်တဲ့သဘော ရှိတာကိုးဗျ။ ငကျောက်ဖားဂူရဲ့ ဇာတ်လမ်းတွေက ကျုပ်တို့နယ်က ကလေးတွေရဲ့ အိပ်ရာဝင်ပုံပြင်တွေ ဖြစ်ခဲ့တာပေါ့ဗျာ။

ကျုပ်စိတ်ထင်တော့ ငကျောက်ဖားပုံပြင်တွေဟာ တော်တော်များများက ကျုပ်တို့နယ်သားတွေ ဖန်တီးထားတာတွေ ဖြစ်မှာပါဗျာ။ ဘာဖြစ်လို့တုံးဆိုတော့ ငကျောက်ဖားဂူကြီးနဲ့ ပတ်သက်တဲ့ ပုံပြင်တွေက ပြောရတာ ရိုးလာမှာကိုးဗျ။ ဒီတော့ သည်း ပုံပြောကောင်းတဲ့ အဘိုး၊ အဘွားတွေက ပုံပြင်အသစ်တွေ ဖန်တီးရတာနေမှာပေါ့ဗျာ။ အဲ သေချာတာတစ်ခုတော့ ရှိတယ်ဗျ။ ကျုပ်တို့နယ်က ကလေးမှန်သမျှ ကျုပ်လည်း ပါတာပေါ့ဗျာ။ ငယ်ငယ်တုန်းကဆိုရင် ငကျောက်ဖားကို မကြောက်တဲ့ ကလေးတစ်ယောက်မှ မရှိတာဗျို့။

"ဟဲ့ အိပ်စမ်း၊ ငကျောက်ဖား လာလိမ့်မယ်"

ဆိုရင် မီးခဲကို ရေလောင်းငြိမ်းလိုက်သလိုကို ငြိမ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာဗျို့။ ကလေးတွေ ပြောမရအောင် ဆော့နေရင်လည်း ဒီအတိုင်းပဲဗျ။

“ဟဲ့ တိတ်ကြစမ်း ဒီကလေးတွေ၊ ငကျောက်ဖား လာပြီထင်တယ်၊ ခြေသံကြီး ကြားတယ်၊ ဟော ကြားလား”

လို့ ခြောက်လိုက်ရင် ကလေးတွေ လန့်ပြီး ငုတ်တုတ်ကလေးတွေထိုင်ပြီး ငြိမ်သွားရောဗျို့။

ကျုပ်တို့နယ်တွေမှာ ငကျောက်ဖားပုံပြင်တွေ ပြောလာကြတော့ နှစ်ပေါင်း ဘယ်လောက်တောင်ရှိပြီဆိုတာ ဘယ်သူမှ မသိနိုင်ဘူးဗျ။ ကျုပ်အဘ ပြောတာတော့ သူတို့အဘတွေ ငယ်ငယ်တည်းက ငကျောက်ဖားကို ကြောက်ကြတာဆိုပဲဗျ။

ငကျောက်ဖားပုံပြင်တွေ၊ ဇာတ်လမ်းတွေ အများကြီးရှိတဲ့အထဲမှာ ကျုပ်ရင်ထဲမှာ စွဲနေတဲ့ ငကျောက်ဖားဇာတ်လမ်းလေးတစ်ပုဒ် ရှိတယ်ဗျ။ ဒါလည်း ကျုပ်တို့နယ်မှာ လူတိုင်းသိတဲ့ဇာတ်လမ်းပေါ့ဗျာ။ နှစ်ပေါင်း ဘယ်လောက်ကတည်းကစပြီး ပြောခဲ့တာလည်းတော့ ကျုပ် မသိဘူးပေါ့ဗျာ။ ခင်ဗျားကို ကျုပ်ပြန်ပြောပြပါ့မယ်။ သေသေချာချာ နားထောင်ကြည့်ဗျာ။

ဘုရင်ကြီးတစ်ပါးရဲ့ လက်ထက်တော်တဲ့ဗျ။ ဘယ်ဘုရင်မှန်းတော့ ဘယ်သူမှ မသိဘူးဗျ။ အဲဒီဘုရင်မှာ သားတော်နှစ်ပါး ရှိတယ်တဲ့။ သားတော်ကြီးက ထုံးစံအတိုင်း အိမ်ရှေ့စံ ဥပရာဇာ





ပေါ့ဗျာ။ သားတော်အငယ်ကတော့ သာမန်မင်းသားပေါ့။ အဲဒီသားတော်အငယ်က ကလေးဘဝကတည်းက လောဘ၊ ဒေါသ လွှတ်ကြီးတယ်ဆိုပဲ။

ဒီဘုရင်ကြီး စံမြန်းတဲ့ နန်းတော်ကြီးက သူ့လက်ထက်မှာ သူကိုယ်တိုင် တည်ဆောက်တာ မဟုတ်ဘူးတဲ့ဗျ။ သူ့အဖေဘုရင်ကြီး တည်ဆောက်ထားတာတဲ့။ အတော်ကိုလှပြီး အတော်ကို အကွက်ကျတာဆိုပဲ။

ဘုရင်ကြီးရဲ့ ကိုယ်ရံတော် တပ်မှူးကြီးမှာ သားလေး တစ်ယောက် ရှိတယ်တဲ့ဗျ။ နာမည်က မောင်မွန်လို့ ခေါ်တယ်။ ထူးခြားတာကတော့ အဲဒီတပ်မှူးကြီးရဲ့ သားကလေးကို နန်းတော်ထဲ တစ်ခါ ခေါ်ခဲ့ဖူးသတဲ့။ ဘုရင်ကြီးက အဲဒီမောင်မွန်လေးကို မြင်မြင်ချင်းကို ချစ်တာတဲ့ဗျာ။ ကလေးကို မောင်မွန်လို့တောင် မခေါ်ဘူးတဲ့။ ချစ်စနိုးနဲ့ ‘ကျောက်ဖားလေး’ လို့ ခေါ်တယ်ဆိုပဲ။

ဘုရင့်နန်းတော်ဆိုတာ ဝင်ချင်တိုင်းဝင်လို့ရတာမှ မဟုတ်တာ။ ဘုရင်ကိုယ်တိုင်က ဝင်ခွင့်ပြုမှ ဝင်ရတာလေဗျာ။ တပ်မှူးကြီးရဲ့ သားကလေးကို ဘုရင်ကြီးက ညီလာခံမှာ အရာဝင် နန်းတော်ထဲကို ‘ဝင်စေ၊ ထွက်စေ’ ဝင်ခွင့်ပေးတော်မူသတဲ့ဗျို့။



www.burmeseclassic.com

www.burmeseclassic.com



ဟာလေး မလာတာကြာရင်လည်း သူက သတိရတယ်ဆိုပဲ။

"ဟဲ့ တပ်မှူးကြီးရဲ့၊ ငါ့သား ငကျောက်ဖားလေးကို ခေါ်ခဲ့ပါဦးဟဲ့"

လို့ မှာတတ်သတဲ့။ ဒီအခါ တပ်မှူးကြီးက ခေါ်ခေါ်လာရသတဲ့။ ဘုရင်ကြီးဟာ ဒီကလေးကို ဘယ်လိုကြောင့် ဒီလောက် ချစ်မှန်း မသိဘူးတဲ့ဗျို့။ ပွဲတော်ကျကိုတောင် စားခွင့်ပြုတယ်ဆိုပဲ။

ဒီလိုနေလာရင်းနဲ့ ဘုရင်ကြီးလည်း သက်တော်ကြီးလာ၊ သားတော်ကြီး၊ သားတော်ငယ်နဲ့ ငကျောက်ဖားတို့လည်း ကြီးလာကြတာပေါ့ဗျာ။ ငကျောက်ဖားကိုလည်း သူ့သားတော်တွေနဲ့ အတူတူ ဓားခုတ်၊ လှံထိုး စတဲ့ ပညာအပြင် စစ်အင်္ဂါ အခင်းအကျင်းတွေကိုပါ အတူသင်စေတာတဲ့ဗျ။ ငကျောက်ဖားကလည်း ကြီးလာတော့ သတ္တိလည်းကောင်း၊ ဓားခုတ်၊ လှံထိုးဆင်စီး၊ မြင်းစီးမှုစလို့ ကျွမ်းကျင်ရုံမကဘဲ အတော်ကို ထူးချွန်တာဆိုပဲဗျ။

ငကျောက်ဖားရဲ့ဖခင် တပ်မှူးကြီးဟာ အသက်လည်းကြီးလာ၊ ရောဂါဘယလည်း စွဲကပ်လေတော့ ကွယ်လွန်သွားရောဆိုပဲဗျ။ ဒီမှာတင် ဘုရင်ကြီးက ငကျောက်ဖားကို ကိုယ်ရံတော်တပ်မှာ တပ်မှူးလေး ခန့်ချင်တယ်။ သားတော်နှစ်ပါးနဲ့ ဒီကိစ္စကို





တိုင်ပင်တော့ သားတော်ငယ်က ဘုရင်ကြီးကို လျှောက်တင်သတဲ့။

"ဖခမည်းတော်ဘုရား ငကျောက်ဖားဟာ ဓားခုတ်၊ လှံထိုးသာမကဘဲ စစ်ချီ၊ စစ်တက် စစ်ခင်းတဲ့ အတတ်မှာ သူမတူအောင် ကျွမ်းကျင်လှပါတယ်ဘုရား၊ ငကျောက်ဖားလို လူတစ်ယောက်ကို နန်းတော်ရဲ့ ကိုယ်ရံတော်တပ်မှာ ထားလိုက်ရင် အလွန်ကို နှမြောဖို့ ကောင်းလှပါတယ်ဘုရား။

ဒါ့အပြင် သားတော်နှစ်ပါး ဝန်းရံထားတဲ့ ဖခမည်းတော်မှာ ဘယ်လိုရန်မျိုးမှ မရှိနိုင်ပါဘူးဘုရား။ ဒါကြောင့် ငကျောက်ဖားကို သားတော်ရဲ့တပ်မှာ တပ်မှူးခန့်ပါရစေဘုရား။ သားတော်တို့မှာ တိုင်းတစ်ပါးရဲ့ ခြိမ်းခြောက်မှုလည်း မကြာမကြာ ပေါ်နေတော့ ငကျောက်ဖားလိုလူကို သားတော် အားပြုချင်လို့ပါဘုရား"

လို့ လျှောက်သတဲ့ဗျ။ ဘုရင်ကြီးရော၊ နောင်တော်အိမ်ရှေ့မင်းသားကရော သားတော်အငယ် လျှောက်တင်တာဟာ သဘာဝကျလှပေတယ်ဆိုပြီး ငကျောက်ဖားကို သားတော်ငယ်ရဲ့တပ်မှာ တပ်မှူးခန့်ဖို့ ခွင့်ပြုလိုက်တယ်တဲ့ဗျာ။

ငကျောက်ဖားတို့ တိုင်းပြည်ကို တချို့တိုင်းပြည်တွေက အနှောက်ယှက်ရန်စတာတွေကို သားတော်နှစ်ပါးနဲ့ ငကျောက်ဖားတို့က စစ်ကြောင်းတစ်ကြောင်းစီနဲ့ ခံတိုက်ကြတာ တိုက်ပွဲတိုင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်ကြသတဲ့ဗျာ။

ဒီမှာတင် သားတော်အငယ်ဟာ မာန်မာနတွေ တက်လာရောတဲ့ဗျို့။ ငကျောက်ဖားလို လူတစ်ယောက် သူ့ဘက်မှာ သာရှိရင် ဘာမဆို သူရင်ဆိုင်နိုင်ပြီလို့ ထင်လာရောတဲ့ဗျာ။ ငကျောက်ဖားကိုလည်း သူ့လူရင်းဖြစ်အောင် မွေးတော့တာတဲ့ဗျို့။ ငကျောက်ဖား လိုသမျှ ဘာမဆို ရစေတာတဲ့ဗျာ။ ဒီလိုနဲ့ ငကျောက်ဖားဟာ သားတော်ငယ်ရဲ့ ကျွန်ယုံလူရင်း ဖြစ်တော့တာပေါ့ဗျာ။

သားတော်ငယ်ဟာ ကိစ္စတစ်ခုကို ကြိတ်ပြီးကြံစည်တယ်တဲ့ဗျ။ ငကျောက်ဖားကိုတောင် အသိမပေးဘူးဆိုပဲ။ အားလုံးစီမံလို့ပြီးမှ ငကျောက်ဖားကို သစ္စာရေတိုက်ပြီး ကျိန်ခိုင်းသတဲ့ဗျို့။

"ကျုပ် ငကျောက်ဖားဟာ ကိုယ်တော်လေးရဲ့ သစ္စာခံယူပါတယ်။ ဒီသစ္စာကို ချိုးဖောက်ခဲ့ပါက အသေဆိုးနဲ့ သေရစေ၊ သေပြီးတဲ့နောက်မှာလည်း လူ့ပြည် လူ့ရွာ ပြန်မလာရပါဘီလူး၊ သဘက်ကြီးဘဝနဲ့ နှစ်ပေါင်းများစွာ တစ်ရာမက ခံရစေသား"

သစ္စာရေသောက်ပြီး သုံးလေးလ ကြာတော့မှ သားတော်အငယ်က သူကြိတ်ကြံထားတဲ့ အစီအမံကို ငကျောက်ဖား





ကို ဖွင့်ပြောပြတယ်။

လွန်သွားပြီပေါ့ဗျာ။ ငကျောက်ဖားက ကိုယ်တော်လေးရဲ့ သစ္စာရေကို သောက်ပြီးခဲ့ပြီလေ။

သားတော်အငယ်ရဲ့ အကြံအစည်က ခမည်းတော်နဲ့ နောင်တော်ကို ပုန်ကန်တိုက်ခိုက်ပြီး လုပ်ကြံသတ်ဖြတ်ဖို့နဲ့ ထီးနန်းကို သိမ်းပိုက်ဖို့တဲ့ဗျာ။

အဲဒီအကြံအစည်မှာ ငကျောက်ဖားရဲ့ တာဝန်က ဘုရင်ကြီးကို နန်းတော်ထဲဝင်ပြီး လုပ်ကြံဖို့နဲ့၊ ဘုရင်ကြီးကိုင်တဲ့ သန်လျက်နဲ့ မင်းမြောက်တန်ဆာတွေ သိမ်းပိုက်ဖို့ဗျ။

သားတော်အငယ်ကတော့ နန်းတော်ရဲ့ ကိုယ်ရံတော်တပ်တွေကို တိုက်ခိုက်မယ်ပေါ့ဗျာ။

သူ့မှာ ငကျောက်ဖားလို သစ္စာခံတပ်သား လူတော်တွေ တစ်ကျိပ်ရှိတယ်တဲ့ဗျ။ အဲဒီလူစွမ်းကောင်းတစ်ကျိပ်နဲ့ နန်းရိပ်ထီးမြူကို လုယူဖို့ ကြံစည်တာပေါ့ဗျာ။ နန်းတော်ကို သိမ်းပိုက်ပြီးမှ နောင်တော်ကို လက်ရဖမ်းပြီး သုတ်သင်ဖို့တဲ့ဗျို့။

ဖခင်အရင်းတစ်ယောက်ကို သူ့လက်နဲ့ သတ်ဖို့ဆိုတာ မဖြစ်သင့်လို့ အဲဒီတာဝန်ကို ငကျောက်ဖားကို လွှဲအပ်တာတဲ့ဗျ။

သတ်မှတ်ထားတဲ့အချိန်မှာ နန်းရပ်ထီးမြူ လုယူတဲ့ပွဲကြီး ဆင်တော့တာပေါ့ဗျာ။ ဘုရင်မင်းမြတ်ရဲ့ နန်းတော်ကြီးထဲမှာ သား



www.burmeseclassic.com

www.burmeseclassic.com



တော်ငယ်ရဲ့ လက်ရွေးစင်တပ်တွေနဲ့ ခုတ်ကြထစ်ကြတော့တာ ပေါ့ဗျာ။

ငကျောက်ဖားက နဂိုအစီအစဉ်အတိုင်း နန်းတော်ထဲကို ထိုးဖောက်ဝင်သွားတယ်။ ကိုယ်ရံတော်တပ်တွေဟာ ငကျောက်ဖားရဲ့နောက်ကို လိုက်မယ်အလုပ်မှာ သားတော်ငယ်ရဲ့ လက်ရွေးစင်တပ်က ကာပြီးတိုက်ထားတာပေါ့ဗျာ။

"ချွင်၊ ချွမ်၊ ခွပ်၊ အား၊ ဒုန်း"

ဆိုတဲ့ ခုတ်သံ၊ အော်သံ၊ လဲပြိုကျတဲ့အသံတွေ နန်းရင်ပြင်ကြီးထဲမှာ ဆူညံနေတော့တာပေါ့ဗျာ။

ငကျောက်ဖားက မင်းကြီးရဲ့ အိပ်ဆောင်ထဲကို ဓားကြီးဝင့်ပြီး ပြေးဝင်လာတော့ မင်းကြီးက ငကျောက်ဖားကို မြင်သွားပြီး အံ့ဩသွားတာပေါ့ဗျာ။ ဒါပေမဲ့ အခြေအနေကို ချက်ချင်း သဘောပေါက်သွားသတဲ့ဗျို့။

"ဩော်. . . ငါကိုယ်တော် ချစ်ခင်ခဲ့တဲ့ ကျောက်ဖားလေးက ငါ့ကို လုပ်ကြံတော့မှာပါလား"

မင်းကြီး ပြောလိုက်တဲ့ ဒီအသံကို ကြားလိုက်တော့ ငကျောက်ဖားဟာ ဘာလုပ်ရမှန်း မသိတော့ဘဲ မြှောက်ထားတဲ့ဓားကို အောက်ပြန်ချလိုက်ပြီး. . .

"အရှင်မင်းမြတ် ငကျောက်ဖား နားမလည်ပါးမလည်နဲ့





ကိုယ်တော်လေးရဲ့ သစ္စာတွေ စူးသွားလို့ပါဘုရား"

"ဩော် ဩော် ဒါကြောင့်ကိုး၊ ကဲ ဒါဆိုရင်လည်း သတ်ပေါ့ ကျောက်ဖားလေးရယ်"

မင်းကြီးက ပြောပြောဆိုဆိုနဲ့ ဇက်စင်းပေးတယ်တဲ့ဗျာ။ ဒီမှာတင် ငကျောက်ဖားရဲ့ မျက်လုံးအိမ်ထဲက မျက်ရည်တွေ ပါးပေါ်ကို တသွင်သွင် စီးကျလာပြီး. . .

"မင်းကြီး အချိန်မရှိတော့ဘူး၊ ခုချက်ချင်း ကြွပါဘုရား"

လို့ မင်းကြီးကို လျှောက်လိုက်ပြီး မင်းကြီးရဲ့လက်ကို ဆွဲခေါ်ခဲ့တယ်။ ပြီးတော့ နန်းဆောင်တစ်ခုထဲကို ပြေးဝင်ပြီး ဘယ်သူမှ မသိနိုင်တဲ့ လျှို့ဝှက်တံခါးကို ဖွင့်လိုက်တယ်။

"ဟာ ကျောက်ဖားလေး၊ ဒီနေရာမှာ လျှို့ဝှက်တံခါးရှိတာ ငါကိုယ်တော်တောင် မသိခဲ့ပါလား၊ မင်း ဒါကို ဘယ်လိုလုပ်ပြီး သိနေတာတုံး"

"ကျွန်တော်မျိုးရဲ့ဖခင် မသေခင်က ပြသွားခဲ့တာပါဘုရား၊ မင်းကြီးမှာ အသက်အန္တရာယ်ကြုံတဲ့အခါမှာ ဒီလျှို့ဝှက်တံခါးက ကယ်ထုတ်သွားဖို့ မှာခဲ့ပါတယ်ဘုရား၊ ကြွတော်မူပါဘုရား၊ တံခါးကို သေသေချာချာ ပြန်ပိတ်လိုက်ပြီး မြေတိုက်လှေကားကို ဆင်းတယ်။ အသင့်ရှိတဲ့ မီးတိုင်ကို မီးထွန်းပြီး လိုဏ်ခေါင်းလမ်းအတိုင်း မင်းကြီးကို ငကျောက်ဖား ခေါ်ထုတ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီလိုဏ်ခေါင်းဆုံးရင် မြောက်ဘက်ဥယျာဉ်တော်ထဲက မင်းကြီးရဲ့ ပင်မကိုယ်ရံတော်တပ်ကြီးထဲကို ရောက်သွားမယ်တဲ့ဗျာ။

လိုဏ်ခေါင်းဆုံးတော့ မြောက်ဘက်ဥယျာဉ်ရဲ့ မင်းကြီး စံနန်းဆောင်ထဲကို ရောက်သွားတယ်။ မင်းကြီးဟာ အံ့ဩလွန်းလို့တဲ့။ ဒီတော့မှ မမျှော်လင့်ဘဲ စံနန်းဆောင်ထဲကို ရောက်နေတဲ့ ဘုရင်ကြီးကို တွေ့တော့မှ ကိုယ်ရံတော် တပ်မှူးတွေ အံ့ဩပြီး ပြေးလာကြတယ်။

မင်းကြီးက ချက်ချင်းအမိန့်ပေးပြီး သားတော်ကြီးကို အကြောင်းကြားခိုင်းတယ်။

ငကျောက်ဖားကတော့ မင်းကြီးကို ရှိခိုးပြီး ဥယျာဉ်ကြီးထဲက ထွက်ခဲ့တာပေါ့ဗျာ။ ငကျောက်ဖား ဥယျာဉ်ထဲက မထွက်ခင်မှာ မင်းကြီးက. . .

"ဟဲ့ ကျောက်ဖားလေး၊ ရှေ့တော်တိုးစမ်း"

ဆိုပြီး သူ့လက်မှာ ဝတ်ထားတဲ့ နန်းစဉ်ပတ္တမြားလက်စွပ်ကို ချွတ်ယူပြီး ငကျောက်ဖားရဲ့လက်မှာ ကိုယ်တိုင် ဝတ်ပေးလိုက်တယ်။

"ကျောက်ဖားလေးရယ်၊ မင်းကို ငါ ချစ်ခင်ခဲ့ရကျိုး နပ်လိုက်လေကွယ်၊ မင်းတို့သားအဖဟာ ငါ့ရဲ့ အသက်သခင်တွေ ပါပဲကွယ်"





လို့ မိန့်လိုက်သတဲ့ဗျာ။ အဲဒီအချိန်မှာပဲ နန်းတော်ထဲမှာတော့ သားတော်အငယ်ဟာ အံ့ဩစရာကောင်းလောက်အောင် ပျောက်သွားတဲ့ ဘုရင်မင်းမြတ်နဲ့ ငကျောက်ဖားကို ပိုက်စိပ်တိုက်ပြီး လိုက်ရှာကြရောတဲ့ဗျို့။ ဒီအချိန်မှာပဲ. . .

"ကိုယ်တော်လေး၊ ကိုယ်တော်လေး အိမ်ရှေ့မင်းရဲ့တပ်တွေ ချီလာကြပြီတဲ့၊ အင်အားအများကြီးပဲတဲ့၊ ခုချက်ချင်း ရှောင်ကြမှဖြစ်မယ်ဘုရား"

လို့ လျှောက်တင်ကြတာနဲ့ လက်လွတ်ပြေးရတော့တာတဲ့ဗျာ။ နန်းရပ်ထီးဖြူ လုယူတဲ့ပွဲမှာ သားတော်ငယ် ရှုံးနိမ့်ခဲ့ပြီပေါ့ဗျာ။ တောထဲတောင်ထဲဝင်ပြီး လွတ်အောင်ပြေးရုံပဲ ရှိတော့တာပေါ့။

တောထဲကို သားတော်ငယ်နဲ့ သူ့ရဲ့ ရဲမက်တစ်ကျိပ် တိုးဝင်လိုက်တာနဲ့ မားမားကြီးရပ်ပြီး သူတို့ကို ကြိုစောင့်နေတဲ့ ငကျောက်ဖားကို တွေ့ရောတဲ့ဗျာ။

"သစ္စာဖောက် ငကျောက်ဖား"

လို့ သားတော်ငယ်က အသံကျယ်ကြီးနဲ့ ကုန်းအော်သိုက်ပြီး ငကျောက်ဖားကို ကြိုးနဲ့တုပ်ခေါ်ခဲ့ဖို့ အမိန့်ပေးလိုက်တယ်။

ငကျောက်ဖားကတော့ ဘာမှကို မပြောတော့ဘူးတဲ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ဒင်းရဲ့လက်မှာ နန်းစင်ပတ္တမြားလက်စွပ်ကြီးနဲ့ပါလား။ လက်စသတ်တော့ ငါ့ခမည်းတော်က သူ့အသက်ကို ကယ်ခဲ့လို့ ဒီလက်စွပ် မင်းကို ချီးမြှင့်လိုက်တာပေါ့လေ"

ပြောပြောဆိုဆိုနဲ့ လက်စွပ်ကို ဆောင့်ဆွဲပြီး သားတော်ငယ်က ချွတ်ယူလိုက်သတဲ့ဗျ။

"မင်းလိုကောင်ကို ငါ ဓားနဲ့ မသတ်ဘူး၊ သစ္စာဆိုတာ ဖောက်ရင် ဘယ်လိုဒဏ်မျိုးခံရတယ်ဆိုတာ မင်း သိစေမယ်ဟေ့ ငကျောက်ဖားရဲ့"

လို့ ပြောပြီး ရိုးမပေါ်က ကျောက်ဂူထဲမှာ ငကျောက်ဖားကို မလှုပ်နိုင်အောင် ကြိုးနဲ့တုပ်ပြီး ကျောက်ဂူကြီးကို ကျောက်တုံးတွေနဲ့ အသေပိတ်ပစ်လိုက်တယ်။

"အဲဒီဂူထဲမှာ တစိမ့်စိမ့် ခံစားပြီး မင်းသေရစ်ပေတော့၊ မင်းဆိုခဲ့တဲ့ သစ္စာဟာ မင်းအတွက်တော့ ကျိန်စာဖြစ်ပြီပေါ့ ငကျောက်ဖားရယ်"

လို့ ပြောပြီး ရိုးမတောကြီးထဲကို ဝင်သွားတယ်။ ဒါပေမဲ့ ဘုရင့်တပ်က ရဲမက်တွေဟာ နောက်က ထပ်ကြပ်မကွာ လိုက်သွားပြီး အားလုံးကို သုတ်သင်ပစ်လိုက်သတဲ့ဗျာ။

ငကျောက်ဖားကတော့ အဲဒီဂူကြီးထဲမှာ သေသွားပြီး သူဆိုခဲ့တဲ့ သစ္စာတွေစူးပြီး ဘီလူးကြီး ဖြစ်သွားသတဲ့ဗျို့။





ဒါဟာ ကျုပ်ငယ်ငယ်က သိပ်ကြိုက်ခဲ့တဲ့ ငကျောက်ဖားလို့ခေါ်တဲ့ ကိုယ်ရံတော်တပ်မှူးကြီးရဲ့သား မောင်မွန်ရဲ့ ဇာတ်လမ်းတစ်ပုဒ်ပေါ့ဗျာ။

ခင်ဗျားကို ကျုပ် ဒီအကြောင်းတွေ ပြောပြနေတာ အကြောင်းရှိလို့ဗျ။ ပြီးခဲ့တဲ့ နှစ်ရက်က ရိုးမအခြေက ရွာလေးမှာ နွားတစ်ကောင်ကို ဘီလူးကြီး ဝင်ဆွဲသွားလို့တဲ့ဗျာ။ ရွာသားတွေက ညဘက်ဆိုပေမဲ့ သေသေချာချာကို မြင်လိုက်ရတာတဲ့ဗျို့။ အားလုံးကတော့ အဲဒါ ငကျောက်ဖားကြီးလို့ ပြောကြတာဗျ။ နွားကို လည်ပင်းလိမ်ချိုးပြီး ချိုင်းကြားမှာ ညှပ်ယူသွားတာတဲ့ဗျာ။ ခင်ဗျား စဉ်းစားကြည့်လေ။ နွားတစ်ကောင်ကို ချိုင်းကြားမှာ ညှပ်ယူသွားတဲ့ အရွယ်အစားဟာ ဘယ်လောက်ကြီးမလဲဆိုတာလေဗျာ။

အဲဒီတော့ ကျုပ်တို့ရွာတွေမှာ ငကျောက်ဖားပုံပြင်တွေဟာ ချက်ချင်းကို သက်ဝင်လာတော့တာပေါ့ဗျာ။

အိမ်တိုင်းမှာ ပြောနေတာက ဒီအကြောင်းချည်းပဲဗျို့။ ညရောက်ရင် ကလေးတွေတင်မကဘဲ လူကြီးတွေပါ အိမ်ပြင်မထွက်ရဲကြတော့ဘူးဗျ။

ကျုပ် ထမင်းစားသောက်ပြီး ဆေးလိပ်ဖွာတယ်။ ခဏနေတော့ နာရီမော့ကြည့်တယ်။ ညဆယ်နာရီတောင် ရှိပြီဗျ။

www.burmeseclassic.com



အဘနဲ့ အမေကတော့ ကျောက်ဖားအကြောင်း ပြောလို့ဗျ။ အဘကလည်း ကျောက်ဖားဂူကို သူရောက်ခဲ့ဖူးတဲ့အကြောင်း ပြောသဗျ။ အမေကလည်း သူကြားဖူးတဲ့ ကျောက်ဖား အကြောင်းတွေ ပြောတာပေါ့ဗျာ။

"ဘီလူးကြီးဟေ့၊ ဘီလူးကြီး၊ နွားကြီး ဆွဲသွားပြီ"

မြောက်ပိုင်းက အော်လိုက်တဲ့အသံဗျ။

"ဒုန်း၊ ဒုန်း၊ ဒုန်း၊ ဒေါင်၊ ဒေါင်၊ ဒေါင်"

ဟာ သံပုံးတွေတီးကြ၊ သံချောင်းတွေ ခေါက်ကြနဲ့ ကျုပ်တို့တစ်ရွာလုံး ဆူညံသွားလိုက်တာဗျာ။

"ဟဲ့ ကလေးတွေ ဘယ်ထွက်တာတုံး၊ အိမ်ထဲဝင်နေ စမ်း"

"ဝါး၊ ဝါး"

မအေတွေက ကလေးတွေကို ဆောင့်ဆွဲတွန်းထိုးလုပ် တော့ ကလေးတွေက အော်ငိုတဲ့သူ ငိုပေါ့ဗျာ။

ချက်ချင်းပါဗျာ။ တစ်ရွာလုံး ညံသွားတာဗျို့။ ကျုပ် မြောက်ပိုင်းကို ထွက်လာခဲ့တယ်။

"ဟဲ့တာတေ မြန်မြန်ပြန်ခဲ့"

လို့ အမေက လှမ်းအော်လိုက်သေးတာဗျ။

ကျုပ်လိုပဲ ရွာထဲက ယောကျ်ားတွေ တုတ်တွေ၊ ဓားတွေ





ဆွဲပြီး မြောက်ပိုင်းကို ပြေးကြတာဗျ။

"ဟေ့ ဘယ်သူ့နွားတုံး၊ ဘယ်သူ့နွားတုံး"

"မြောက်ပိုင်းက ဘိုးညီမောင်ရဲ့ နွားကြီးတဲ့ကွ"

"ဟာ နွားကြီး အကြီးကြီးပါလား"

ကျုပ်တို့ ဘိုးညီမောင်ရဲ့ ဝိုင်းထဲကိုရောက်တော့ နွား တင်းကုတ်ထဲမှာ သွေးကွက်ကြီးတွေဗျာ နွားဖြူကြီးကို လည်ပင်း လိမ်ချိုးပြီး ချိုင်းကြားမှာ ညှပ်သွားတာတဲ့ဗျ။ ခြံစည်းရိုးကို ဆောင့် တိုးပြီး ဝင်လာတာတဲ့ဗျ။ နွားတင်းကုတ်နောက်က ခြံစည်းရိုးတွေ ကြေမွနေတာဗျ။

"ဟာ ဒီမှာ ခြေရာကြီးတွေဟေ့၊ နဲ့တာကြီးတွေ မဟုတ် ဘူးကွ"

ကိုသာမောင်ကြီး အော်နေတာဗျို့။ ကျုပ်လည်း ကိုသာ မောင် ဓာတ်မီးထိုးပြတဲ့နေရာကို ကြည့်လိုက်တယ်။ ဟာ ဟုတ်ပါ ရဲ့ဗျာ။ လူခြေရာ အကြီးကြီးဗျ။ ကျုပ်တို့ လူခြေရာ ငါးဆလောက် ကြီးတယ်ဗျို့။

"ဟာ ဒါ ကျောက်ဖားကြီးပဲ ဖြစ်မှာဟေ့"

တစ်ယောက်တစ်ပေါက်ပေါ့ဗျာ။ ကွက်စီ ကွက်စီနဲ့ နေတာဗျို့။

"ဘကြီးသာမောင်၊ ဘကြီးသာမောင်"

www.burmeseclassic.com



"ဟေ ဘာတုံး ပြေး"

"ကျုပ်နဲ့ ညွှက်စိနဲ့ နှမ်းထောင်းစောင့်နေကြတာဗျ၊ ဘီလူးကြီး ထန်းတောဘက်ကို ပြေးသွားတာမြင်လိုက်လို့ ကျုပ်တို့နဲ့ နီးတော့မနီးဘူးပေါ့ဗျာ။ နွားဖြူကြီးကို ချိုင်းကြားမှာညှပ်ပြီး ပြေးတာဗျ၊ အရပ်ကြီးက ထန်းပင်တစ်ဝက်လောက် ရှိမယ်ထင်တယ်"

"ဟေ ဟုတ်လား ညွှက်စိ"

"ဟုတ်တယ်ဗျ၊ ပြေး ပြလို့ ကျုပ်မြင်တာ"

လူတွေစုပြီး ရွာစည်းရိုးတွေ လိုက်စစ်ကြတယ်။ ဟုတ်တာပေါ့ဗျာ။ ရွာစည်းရိုးတွေ ကြေမွနေတာဗျို့။ ဒီအကောင်ကြီး ရွာစည်းရိုးကို တိုးဝင်ပြီး အဲဒီအပေါက်ကပဲ ပြန်ထွက်သွားပုံပဲဗျ။

တစ်ညလုံး ဘယ်သူမှကို မအိပ်ရဲကြတော့ဘူးပေါ့ဗျာ။ တစ်အိမ် တစ်အိမ်မှာ လူတွေစုပြီး ဓာတ်မီးနဲ့ ဟိုထိုး ဒီထိုးပေါ့ဗျာ။

ရွာထဲက ခွေးတွေကတော့ လွှတ်အားကိုးရတာဗျို့။ အမြီးတွေကုပ်ပြီး အသားတောင် တဆတ်ဆတ် တုန်နေသေးသဗျို့။ တချို့ခွေးတွေဆိုရင် ကြောက်လွန်းလို့ တဆတ်ဆတ်တုန်ပြီး သေးတွေတောင် ထွက်ကြတာဗျာ။

နွားကြီး ပါသွားတဲ့ ဘိုးညီမောင်ရဲ့ မိန်းမကြီး ဒေါ်ဝိုင်းကြည်ကတော့ တရှုံ့ရှုံ့နဲ့ ငိုလို့တဲ့ဗျို့။





ကျုပ်တို့ငယ်ငယ်က ကြားခဲ့တဲ့ ကျောက်ဖားပုံပြင်တွေဟာ တကယ်ဆိုတော့ ယုံရတော့မလို့ ဖြစ်ပြီပေါ့ဗျာ။

ကျုပ်ကတော့ နဂါးဆေးပေါ့လိပ်ကလေးဖွာပြီး ဘာလုပ်ရမလဲလို့ တွေးရတော့တာပေါ့ဗျာ။ ဒီလိုသာ ရွာထဲတွေ ဝင်ဆွဲနေရင် တစ်ခါမဟုတ် တစ်ခါတော့ လူနဲ့ ပက်ပင်းတိုးမှာပေါ့ဗျာ။ အဲဒီအခါကျရင် လူကို ဆွဲသွားမလားလို့ ကျုပ်တွေးပြီးပူရောဗျို့။ ပြီးတော့ ကျုပ်လည်း ကြောက်လာတာပေါ့ဗျာ။

နောက်နေ့ မိုးလင်းကတည်းက ကျုပ်ရယ်၊ ကျော်ခဲရယ်၊ သံမဏိရယ် လုပ်စရာတွေ ပြင်ဆင်လုပ်ကိုင်ရတော့တာပေါ့ဗျာ။ ဒေါ်တုတ်ကိုလည်း အဆင်သင့် ခေါ်ထားရတယ်။

ညမိုးချုပ်သွားတော့ ကျုပ်မှာ စိတ်တွေတောင် လှုပ်ရှားနေတာဗျို့။

"တာတေရယ်၊ နင် သချိုင်းထဲသွားလို့ ဖြစ်ပါ့မလား"

ကျုပ်ကိုကြည့်ပြီး ဒေါ်တုတ်က ပြောတယ်။

ဒီတော့မှ ကျုပ်လည်း နည်းနည်းလန့်သွားရောဗျို့။ ကဲ ကျုပ်တစ်ယောက်တည်းသွားမယ် လုပ်ရတော့တာပေါ့ဗျာ။ မသွားလို့တော့ ဘယ်လိုမှကို မဖြစ်တာဗျ။

"ကိုကြီးတာတေ ကျုပ်တို့ကတော့ လိုက်မှာဗျ"

"ဟဲ့ ငါကလည်း နောက်မတွန့်ပါဘူးဟဲ့ တာတေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒါဆိုလည်း သွားစို့ကွာ၊ ကျောက်ခဲရာ"

ကျုပ်တို့ သချိုင်းထဲရောက်တော့မှ ပိုတောင်ကြောက်လာသလိုပဲဗျ။

ကျုပ် ဂူကြီးပေါ်မှာ ခါတိုင်းလိုပဲ မဖဲဝါအတွက် ထမင်းပွဲပြင်တယ်။ ဒေါ်တုတ်ကလည်း အဆင်သင့်ဖြစ်နေပြီ။ ကျုပ် မဖဲဝါကို ပင့်ရပြီပေါ့ဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"

ဟာ မဖဲဝါ လာပြီဗျို့။ ချက်ချင်းကို ရောက်လာပါလား။ ဟာ မြူမြူကြီး ရွေ့လာတာဗျ။ ဟော ဝင်ပြီ၊ ဒေါ်တုတ်ဆီကို ပြေးဝင်သွားပြီဗျာ။

ဒေါ်တုတ် ဂူကြီးပေါ် ခုန်တက်သွားတယ်။ ထမင်းစားပြီဗျို့။ အားရပါးရကို စားတာဗျာ။ ဟော ကျုပ်ကို လှမ်းကြည့်ပြီ။ ကျုပ် ပြောဖို့ဟန်ပြင်လိုက်တယ်။

"တာတေ၊ ငါ နင့်ကို တွေ့ချင်နေတာ"

ဟာ ကျုပ် မပြောခင် မဖဲဝါက စပြောတာဗျို့။

"အဲဒါ ဘီလူး မဟုတ်ဘူး၊ ဖုတ်ကောင်၊ တပ်မှူး ငကျောက်ဖား သစ္စာစူးပြီး ဖုတ်ကောင်ကြီး ဖြစ်နေတာဟေ့၊ တောထဲမှာ သားကောင်ရှားသွားလို့ ရွာတွေဘက်ကို ရောက်လာပြီး နွားတွေ ဝင်ဆွဲတာ"





"ဟာ ငကျောက်ဖားဆိုတာ တကယ်ရှိတာပေါ့ ဟုတ်လားဗျ မဖဲဝါ"

"ရှိတယ် တာတေ၊ ဂူထဲမှာ အပိတ်ခံရပြီး သေသွားတာ၊ အဲဒီမှာ တော်တော်ကို ထူးထူးဆန်းဆန်း ဖြစ်သွားတာ၊ သေပြီးမှ ငကျောက်ဖားရဲ့ ဝိညာဉ်က သူ့ကိုယ်ထဲကို ပြန်ဝင်သွားတာ။ ဒါပေမဲ့ သေပြီးပြီဆိုတော့ ဘဝပြောင်းသွားပြီပဲ၊ သူ ဘာမှမသိတော့ဘူး၊ သရဲသဘက်ကြီးတစ်ကောင် ဖြစ်သွားရောဟေ့။ ဂူကြီးကို သူ့ဟာသူ ဝင်ပေါက် ထွက်ပေါက် ဖောက်ပြီး ဂူထဲမှာပဲ နေတယ်။ တောထဲမှာ သားကောင် ရှာစားတယ်။ ငကျောက်ဖား သေတာ နှစ်ခါရှိပြီ၊ သေပြီးတိုင်း သူ့ကိုယ်ထဲကို ပြန်ပြန်ဝင်သွားပြီး ဘဝအသစ် ပြန်ပြန်ဖြစ်သွားတယ်။ အဲဒါ ကျိန်စာမိနေတာဟဲ့ တာ့တေရဲ့။ အကောင်ကြီးလည်း အကြီးကြီး ဖြစ်ဖြစ်လာတယ်။ အခုတစ်ခါသေဖို့ အချိန်ရောက်ပြန်ပြီ။ ဒီတစ်ခါတော့ ကိုယ်ထဲကို ပြန်မဝင်နိုင်အောင် သူ့ကိုယ်ကြီးကို ဖျက်ဆီးပစ်ရမယ်။ ပြီးရင် သူ့ကို ကျွတ်အောင်လွတ်အောင် လုပ်ပေးရမယ်။ အဲဒါကို နင် လုပ်ပေးပေတော့ တာတေ"

မဖဲဝါက ကျုပ်လုပ်ရမှာတွေကို ညွှန်ကြားတယ်ဗျ။

ကျုပ် မဖဲဝါ ညွှန်ကြားတဲ့အတိုင်း လိုတဲ့ပစ္စည်းတွေ အကုန်ယူပြီး ငကျောက်ဖားဂူရှိတဲ့ ရိုးမတောကြီးထဲကို ဝင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ညမိုးချုပ်တော့ ကောင်းကင်မှာ လကွေးကွေးလေး သာနေတယ်။ အလင်းရောင်ဖျော့ဖျော့လေးက တောထဲကို မှိန်မှိန်လေး ထိုးကျနေတာဗျ။

"အား၊ အီး၊ အား၊ အီး၊ အီး"

ဟာ ဂူထဲက အော်သံကြီးဗျို့။ ကျုပ်ဖြင့် ကျောထဲမှာ ဖျန်းကနဲ ဖျန်းကနဲ ဖြစ်သွားတာ။

"ဖျန်း၊ ဖျန်း၊ ဖျန်း၊ ဖျန်း"

တောကျီးကန်းကြီးတွေလည်း လန့်ပျံကုန်ပြီဗျို့။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီ၊ အီ"

ဟာ မဖဲဝါရဲ့ ခွေးကြီးအသံဗျ။ မဖဲဝါ ကျုပ်နောက်ကနေ ပါလာတာပဲ။ ကေန္တတော့ အချိန်ကျပြီထင်တယ်။

"ဖျောင်း၊ ဖျောင်း၊ ဖျောင်း"

ဝါးပင်တွေ ကျိုးတဲ့အသံဗျ။ ဟာ ဝါးပင်တွေ လှုပ်သွားတဲ့ နေရာကနေ ဘွားကနဲ ပေါ်လာတာဗျို့။ အောင်မယ်လေး နည်းနည်းနောနော အကောင်ကြီးမှ မဟုတ်တာ။ သူထွက်လာတဲ့ ဂူပေါက်ဝမှာ မားမားကြီးရပ်ပြီး အကဲခတ်နေတာဗျ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

မဖဲဝါရဲ့ ခွေးကြီးအသံက ကျုပ်ကို ကျော်ပြီး ကျောက်ဖားကြီးဘက်ကို သွားနေတာဗျ။ ဟာ တွေ့ပြီဗျို့၊ တွေ့ပြီ။ မဖဲဝါရဲ့





ခွေးကြီးဗျ။ ကျောက်ဖားကြီးဆီကို တန်းတန်းမတ်မတ် သွားနေတာဗျို့။ နွားပေါက်လောက်ရှိတဲ့ ခွေးနက်ကြီးလေဗျာ။

ကျောက်ဖားက ခွေးနက်ကြီးကို သေသေချာချာ ကြည့်နေတယ်။ ခွေးနက်ကြီးကလည်း သူ့ကို ကြည့်နေတယ်ဗျ။ ဟော ကျောက်ဖားက ခွေးနက်ကြီးကို စိတ်ညို့သလို ညို့နေတဲ့ ပုံပဲဗျ။ ဟော သွားပြီ၊ သွားပြီ ခွေးနက်ကြီးက ကျောက်ဖားကြီး ဆီကို တစ်လှမ်းချင်း ကပ်သွားနေပြီဗျ။

ဟော ကျောက်ဖားက ခါးကြီးကုန်းပြီး ခွေးနက်ကြီးကို လှမ်းဆွဲတယ်။ ခွေးနက်ကြီးက နောက်ကျွမ်းပစ်ပြီး ခုန်ထွက်လိုက်တယ်။

"ဘုန်း၊ ဘုန်း၊ ဒုန်း၊ ဒုန်း၊ ဒုန်း"

ဟာ ကျောက်ဖား အရှိန်လွန်ပြီး တောင်ပေါ်က ကျလာပြီဗျို့။ အို အရှိန်နဲ့ကို လိမ့်ဆင်းလာတာဗျို့။

"ခွပ်"

ဟာ ကျောက်တုံးကြီးနဲ့ ခေါင်းနဲ့ ဝင်ဆောင့်ပြီး ငြိမ်သွားပြီဗျို့။ ကျောက်ဖား တတိယအကြိမ် သေပြန်ပြီပေါ့ဗျာ။

"တာတေ လုပ်တော့"

မဖဲဝါရဲ့ အော်သံကြီးဗျို့။ ကျုပ်နောက် ခပ်လှမ်းလှမ်းက ထွက်လာတဲ့အသံဗျ။ သူ ကျုပ်ကို ဘာလုပ်ရမယ်ဆိုတာ ညွှန်



www.burmeseclassic.com

www.burmeseclassic.com



ကြားပြီးသားဗျ။ ကျုပ် ငကျောက်ဖားရဲ့ အလောင်းကြီးဆီကို ပြေးပြီး ကျုပ်လွယ်လာတဲ့ အိတ်ထဲက ရေနံဆီပုလင်းကိုထုတ်၊ အဖုံးဖွင့်ပြီး ဖုတ်ကောင်ကြီးရဲ့ တစ်ကိုယ်လုံးကို လိုက်ဖြန်းလိုက်တယ်။ ပြီးတော့ ယမ်းမီးခြစ် သုံးလေးဆံပူးပြီး မီးခြစ်တယ်။

"ရှဲ"

လေကွယ်ပြီး မီးတောက်ကို အရှိန်ယူလိုက်တယ်။ ကျုပ်ပစ်လိုက်ပြီဗျို့။ ငကျောက်ဖားရဲ့ အလောင်းကြီးပေါ်ကို မီးတောက်ပစ်တင်လိုက်တယ်။

"ဝုန်း"

ရေနံဆီက ချက်ချင်းထတောက်တယ်။ လောင်ပြီဗျို့၊ လောင်ပြီ။

"ဝုန်း၊ ဝုန်း၊ ဝုန်း"

မီးက ချက်ချင်းကို အရှိန်ရလာပြီး ငကျောက်ဖားရဲ့ အလောင်းကြီးကို လောင်ရောဗျို့။

"အီး၊ အီး၊ အီး၊ အီး"

ဟာ ခန္ဓာကိုယ်ကြီးထဲက ထွက်သွားတဲ့ ငကျောက်ဖားရဲ့ ဝိညာဉ်ဗျ။ ဖြူဖြူပုံစံကြီးဗျို့။ တောတွေထဲကဖြတ်ပြီး ပြန်ရောက်လာတယ်။ သူ့ကိုယ်ထဲကို ပြန်ဝင်ဖို့ ရောက်လာတာပေါ့ဗျာ။ မီးဟုန်းဟုန်းတောက်နေတဲ့ သူ့ခန္ဓာကိုယ်ကြီးကိုတွေ့တော့





တုန့်ကနဲရပ်သွားတယ်။ ကျုပ် မဖဲဝါ ညွှန်ကြားထားတဲ့အတိုင်း သစ်ပင်မှာ ချိတ်ထားတဲ့ ကျုပ်ရဲ့ လွယ်အိတ်ထဲက ဘုရားဆင်းတုတော်ကို ပင့်ယူလိုက်တယ်။ ပြီးတော့ ကျုပ်ရင်ဘတ်မှာ ဆင်းတုတော်ကို ကပ်ပြီးပိုက်ထားတယ်။ ငကျောက်ဖားရဲ့ ဝိညာဉ်ဆီကို ကျုပ် တစ်လှမ်းချင်း တိုးသွားတယ်။ ဟာ ဒူးထောက်လိုက်ပြီဗျို့။ ကျိန်စာတွေ ပြီးဆုံးချိန် ရောက်ပြီထင်ပါရဲ့ဗျာ။

ဝိညာဉ်ဖြူဖြူကြီးက ဘုရားဆင်းတုတော်ကို စိုက်ကြည့်နေတယ်ဗျ။ ဟော ရှိခိုးပြီ၊ ရှိခိုးပြီ။ ဘုရားဆင်းတုတော်ကို ဦးသုံးကြိမ်ချပြီး ရှိခိုးတယ်ဗျို့။

ဟာ ပျောက်သွားပြီဗျာ။ ငကျောက်ဖားရဲ့ ဝိညာဉ်ဖြူကြီး ဖြုန်းကနဲ ပျောက်သွားတာဗျို့။ ကျုပ်တောင် အံ့အားသင့်ပြီး ကြည့်နေမိတာ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီ၊ အီ"

ဟာ မဖဲဝါရဲ့ခွေးကြီး ပြန်သွားပြီဗျ။ မဖဲဝါလည်း ပြန်ပြီထင်တယ်။ ငကျောက်ဖားရဲ့ အလောင်းကြီးကတော့ တဖြည်းဖြည်း ပြာကျသွားပြီဗျို့။ ကျုပ်လည်း လွယ်အိတ်ကို စလွယ်သိုင်းလွယ်ပြီး ဘုရားဆင်းတုတော်ကို တစ်ဖက်ကပွေ့၊ တစ်ဖက်က ဓားတောင့်ထိုးဓာတ်မီးကို ထိုးရင်း ရိုးမပေါ်က ပြန်ဆင်းလာခဲ့တယ်။ လူတွေက ဘီလူးကြီးလို့ ထင်ကြတဲ့ ဖုတ်ကောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဖားရဲ့ရန်က ကင်းဝေးကြပြီပေါ့ဗျာ။ ကျောက်ဖားလည်း ကျွတ်လွတ်သွားပြီဆိုတော့ ကျုပ်ရင်ထဲမှာ ဝမ်းသာမိတယ်။ အဲဒီညက ကျုပ်အိမ်ပြန်ရောက်တော့ လင်းကြက်တောင်တွန်ပေါ့။

တာတေ

◻◻◻





# သရဲနက်ကျော်

"နက်ကျော်
နက်ကျော်



www.burmeseclassic.com

www.burmeseclassic.com



အိမ်တိုင်းရောက်တဲ့
ငနက်ကျော်၊
ငနက်ကျော် တော်တော်ဆိုး
ဘင်နာဆတ်ဆတ်ကျိုး”

ပုဗ္ဗာရုံကျောင်းကို ကျုပ်ရောက်တဲ့အချိန်မှာ ဆရာတော်ကျောင်းက ကိုရင်လေးတွေ ဆိုနေကြတာဗျ။ ဒီလင်္ကာလေးကို ကျုပ် နားရည်ဝနေပါပြီဗျာ။

အဂ္ဂိရတ်ပညာကို ဝါသနာပါတဲ့ ဆရာတော်တွေ ဆုံမိတဲ့အခါမှာ ပြောကြဆိုကြ၊ ပညာတွေ ဖလှယ်ကြ၊ လင်္ကာတွေ ရွတ်ကြနဲ့ လွတ်နားထောင်လို့ ကောင်းတာဗျ။ တချို့ဆရာတော်ကြီးတွေက ဒီလင်္ကာထဲမှာပါတဲ့ 'ငနက်ကျော်' ဆိုတာ ကျပ်ခိုးကို ပြောတာလို့ ဆိုကြသဗျ။ တချို့ကိုယ်တော်ကြီးတွေကကျတော့ 'ငနက်ကျော်' ဆိုတာ ကွမ်းစားရင် ထည့်စားတဲ့ စမုံနက်လို့ ပြောကြသဗျ။

ဆရာတော် ခိုင်းတာလေးတွေ လုပ်ကိုင်ပေးပြီးတော့ ကျုပ်ကျောင်းကြီးပေါ်က ဆင်းလာတော့လည်း ဒီကိုရင်တွေ လင်္ကာတွေ ရွတ်နေကြတုန်းပဲဗျ။ အဓိပ္ပာယ်တော့ ကိုရင်တွေ ဘယ်သိမှာတုံးဗျာ။ ဆိုကောင်းလို့သာ ဆိုတာပေါ့။





“ကျီးဖြူ၊ ကျီးမည်း
တစ်တောင်တည်း
ကျီးမည်းလေးက ဒီမှာနေ
ကျီးဖြူအိမ် ဒီမှာဆောက်
အာလောက်လောက်၊ အာလောက်လောက်”

ဒါလည်း အဂ္ဂိရတ်ပညာနဲ့ဆိုင်တဲ့ လင်္ကာပဲဗျ။ ကြေးနက်လုံး စီရင်တာပေါ့ဗျာ။ ပထမဆုံးကြေးနီကို နက်အောင် ထိုးရသဗျ။ နောက်တစ်ခါ အဲဒီကြေးနက်ကို ဖြူလာအောင် ထိုးရသဗျ။

ကိုရင်လေးတွေက ဆရာတော် အဂ္ဂိရတ်ထိုးမယ့် မီးသွေးတုံးကြီးတွေကို အနေတော် ခုတ်ထစ်ပေးနေရတာဗျ။ ကျုပ်တို့ဆရာတော်က အဂ္ဂိရတ်ထိုးရင် ကြုံရာတွေ့ရာ မီးသွေးကို ဖိုထဲပစ်ထည့်ပြီးထိုးတာ မဟုတ်ဘူးဗျို့။ သစ်မာမီးသွေးကို ရအောင်ရှာရတာ။ ပြီးရင် အနေတော်ကလေးတွေခုတ်ပြီး တုံးပေးရသေးတယ်။ အဲဒီမီးသွေးကို ရေနဲ့ သန့်နေအောင် ဆေးကြောပြီး နေလှမ်းရသေးတယ်ဗျို့။ ဒီတော့ မီးသွေးပေါက်တာ မရှိတော့ဘူးပေါ့ဗျာ။

ရေတိုင်ကီတွေအနားမှာ မီးသွေးတွေ ရေဆေးနေတဲ့ ကိုရင်သေးသေးလေးကတော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဖားမြွေကိုက်
ဒုတ်နဲ့ရိုက်၊
ဖားမြွေကိုက်
ဒုတ်နဲ့ရိုက်"

လို့ အလုပ်လုပ်ရင်း ဆိုနေတာဗျ။ သူဆိုနေတာလည်း အဂ္ဂိရတ်လက်ာပဲဗျ။ ဖားလို့ခေါ်တဲ့ ပြဒါးနဲ့ မြွေလို့ခေါ်တဲ့ နာကို တွဲထားပြီး နာကို ဖယ်ထုတ်ချင်တယ်ဆိုရင် ဒုတ်လို့ခေါ်တဲ့ ဒုဋ္ဌာနဲ့ထည့်ပြီး ထိုးရတယ်လို့ ပြောတာဗျ။ နာဆိုတာ ခဲကို ခေါ်ကြတာလေဗျာ။ အဲဒီလိုထိုးရင် ပြဒါးချည်းပဲ ကျန်နေတာပေါ့ဗျာ။

ကျုပ်လည်း ဆရာတော်တို့လုပ်တဲ့ အဂ္ဂိရတ်နည်းစဉ်တွေကို စဉ်းစားရင်း ရွာလယ်လမ်းအတိုင်း လျှောက်လာတာဗျ။

"ကိုကြီးတာတေ၊ ကိုကြီးတာတေ"

"ဟေ. . ကျောက်ခဲပါလားကွ၊ မောကြီးပန်းကြီးနဲ့ ဘယ်ကပြန်လာတာတုံး"

"ပုဗ္ဗာရုံကျောင်းကဗျ"

"ဟေ ဟုတ်လား၊ ငါလည်း ခုပဲ ဆရာတော့်ဆီက ပြန်လာတာလေကွာ"

"ဟုတ်တယ်ဗျ၊ ကိုကြီးတာတေက ဒီဘက်အထွက် ကျုပ်က ဟိုဘက်က အဝင်ဖြစ်သွားတာလေဗျာ၊ ကိုရင်တွေပြောလို့





ကျုပ် ချက်ချင်းလိုက်လာခဲ့တာပေါ့"

"ဟ ငါ့ကို လိုက်ရှာတာဆိုတော့ ဘာများအကြောင်းထူးရှိလို့တုံးကွ၊ ကျောက်ခဲရ"

ကျောက်ခဲက အမောပြေအောင် ခဏနေလိုက်သေးတယ်။ ပြီးတော့မှ. . .

"ရွာရှေ့ပိုင်းက ကိုဘိုကိုးကို ကိုကြီးတာတေ သိတယ်မို့လား"

"သိတာပေါ့ကွာ၊ တောထဲဝင်ပြီး ယုန်ထောင်၊ ကြောင်ထောင် လုပ်နေတဲ့ ဘိုကိုးမို့လား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီကိုဘိုကိုးကို ပြောတာ"

"အေး ဘိုကိုး ဘာဖြစ်လို့တုံး"

"မနေ့က တောတက်ပြီး ယုန်ထောင်တာတဲ့ဗျာ၊ သရဲနတ်ကျော် ရိုက်လွှတ်လိုက်လို့တဲ့ဗျာ"

"ဟေ ဟုတ်လားကွ၊ ဒီတောကို ဘိုကိုး ဆိုတဲ့ကောင် တက်နေကျပါကွ၊ အကြိမ်တစ်ထောင်တောင်ကမှာ မဟုတ်တော့ဘူး"

"ဟုတ်ပ့ါဗျာ၊ မနေ့ကတော့ ဘာများမှားသွားတုံး မပြောတတ်ပါဘူးဗျာ၊ ကျောကုန်းမှာလည်း လက်ဝါးရာကြီး ပါလာတယ် ပြောတယ်၊ လူကတော့ သတိတောင် သိပ်မရဘူးဆိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ဟုတ်လား၊ ဒါဆိုရင် မလွယ်ဘူး ကျောက်ခဲရ"

"အဲဒါ ကိုဘိုကိုးကြီးရဲ့ မိဘတွေက ကိုကြီးတာတေကို ရှာပြီးခေါ် ပေးပါဆိုလို့ ကျုပ်လာတာဗျ"

"ဟာ ဒါဆိုရင် နေဦးကွာ၊ ငါအိမ်ပြန်ပြီး ဆေးလွယ်အိတ် ယူဦးမှ ကျောက်ခဲရ"

ကျောက်ခဲနဲ့ ကျုပ်နဲ့ ဆေးလွယ်အိတ်ယူပြီး ရွာရှေ့ပိုင်းက ဘိုကိုးတို့အိမ်ကိုရောက်တော့ သူတို့ဝိုင်းချင်းကပ်က လူတွေ အိမ်မှာ အုံနေတာဗျို့။

"ဟော တာတေ လာပဟော့"

ဘိုးသာဒွန်းကြီးရဲ့ အသံဗျ။ ဘိုကိုးတို့ တောင်ဘက်ဝိုင်းက ဘိုးတော်ကြီးလေဗျာ။

ကျုပ် ဘိုကိုးကို ကြည့်လိုက်တယ်။ ဟုတ်တယ်ဗျ။ ဒီကောင် သတိကောင်းကောင်း မရဘူး။

"ဘိုကိုး၊ ဘိုကိုး၊ ငါပါကွ၊ တာတေပါ"

"ဟင်၊ အင်း၊ အင်း"

ဒီကောင် ခေါင်းကြီးငိုက်စိုက် ကျနေတာဗျ။ ကျုပ် သစ်စုန်းဆေးတော်ကို အပ်ကလေးနဲ့ခြစ်ပြီး ရေထဲကို ထည့်လိုက်တယ်။ အဲဒီရေနဲ့ ဘုရားစင်မှာ ဖယောင်းတိုင်ထွန်း၊ ဆရာကြီး ဦးမင်းအောင်တို့ ဆရာနှဲ့ဖတို့ကို ကန်တော့ပြီး ဘိုကိုးကို ဆေး





ရည်နဲ့ မျက်နှာရော ကိုယ်တွေရော တောက်ပေးလိုက်တယ်။

"ဟီး၊ ဟီး၊ ဟီး ငါ့ကို ဘယ်သူလုပ်တာတုံးကွ၊ သေချင်လို့ လား၊ နက်ကျော်တဲ့ဟေ့၊ တစ်ကျော်တည်းရှိတယ်၊ အားလုံး မသာပေါ် သွားမယ်၊ ဟီး၊ ဟီး၊ ဟီး"

လက်စသတ်တော့ ဘိုကိုးကို ဝင်ကပ်နေတာ နေက်ကျော်ကြီးပဲကိုး။

"အဘဦးနက်ကျော်၊ ဒီကောင် ဘိုကိုး ဘာများအမှား လုပ်မိလို့ပါလဲ အဘ၊ အဘ ဘာကို မကျေနပ်လို့ပါလဲဗျာ"

"မင်းက ဘယ်သူတုံး၊ ဆရာလား"

"ဟာ ဆရာ မဟုတ်ပါဘူး၊ အဘဦးနက်ကျော်ရဲ့ ကျုပ်တာ ဒီထနောင်းကုန်းသားပါဗျ၊ တာတေပါ"

"ဟေ မင်းက တာတေလား၊ မဖဲဝါ စောင့်ရှောက်တဲ့ တောင်ပေါ့"

"ဗျာ. . . အဲ ဟုတ်၊ ဟုတ်ပါတယ်ဗျ"

"အေး အေး၊ မင်းအကောင် ဘိုကိုး ဟုတ်လား"

"ဟုတ်ပါတယ် အဘရယ်၊ ဟုတ်ပါတယ်"

"ဒီကောင် မနေ့က ငါ့တောမှာ ယုန်လာထောင်တယ်၊ ..နဲ့ရအောင်လည်း ငါလုပ်ပေးလိုက်တယ်၊ ဒီကောင်က ငါနေတဲ့ ..ပင်အောက်မှာထိုင်ပြီး အမဲသားနဲ့ ထမင်းစားတယ်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင့်မှာ အရက်ပုလင်းကလည်း ပါသေးတယ်။ အရက်ပုလင်းကိုဖွင့်ပြီး ငါ့အပင်အောက်မှာ မော့မနေတာ၊ ငါ့ကို တစ်ချက်မြှောက်ရမှန်း မသိဘူး။ ငါက အရက်နံ့ရတော့ မနေနိုင်တာနဲ့ သစ်ကိုင်းလှုပ်ပြတယ်။ ဒီအကောင် ဘာပြောတယ်ထင်တုံး။ 'ငနက်ကျော်ကြီး မင်းဖို့ မပါဘူး၊ ငါတောင် သောက်လို့စားလို့ မဝရတဲ့အထဲမှာ လာခြောက်မနေနဲ့၊ ကိုယ့်ဟာကိုယ် အေးအေး နေ'တဲ့။ တော်တော်မိုက်ရိုင်းတဲ့ကောင်ကွာ"

"ဪ ဒါကြောင့်ကိုး။ ဘိုကိုး တောတက်တာကြာပြီပဲ ဘိုးနက်ကျော်တို့ အထာတွေ ဒီကောင် သိပြီးသားပဲ၊ အခုမှ ဘာဖြစ်သွားတာတုံးဗျာ"

ကျုပ်က နောက်မှာ ထိုင်နေတဲ့ ဘိုကိုးအမေကို မေးလိုက်တယ်။ ဘိုကိုးအမေ အရီးသိန်းလှက. . .

"ငါလည်း မသိပါဘူး တာတေရယ်၊ ဒီတစ်ခါမှ ဘာဖြစ်သွားတယ် မပြောတတ်ပါဘူးဟယ်"

"ဘနက်ကျော်ကြီးဗျား ဘိုကိုးအစား ကျုပ်က တောင်းပန်ပါတယ်၊ ဘိုကိုးရဲ့ မိဘများကလည်း တောင်းပန်ပါတယ်ဗျာ ခွင့်လွှတ်ပါ၊ ပြီးတော့ ဘနက်ကျော်ကြီး ဘာများစားချင်သောက်ချင်ပါလဲဗျာ"

"တာတေ ကြက်တစ်ကောင်နဲ့ အရက်နှစ်ပုလင်း ရှာပေး"





"ဟာ ရစေမယ်၊ ရစေမယ်၊ အခုချက်ချင်း စီစဉ်ပေးပါ့မယ်"

ဘိုကိုးရဲ့မိဘတွေက ပျာပျာသလဲ ဝင်ပြောကြတာမျိုး။

"ဟဲ့ မောင်မြင့်တို့ စိန်ကြည်တို့ စီစဉ်လိုက်ကြဟေ့"

"ဟုတ်ကဲ့ အမေ၊ ခုပဲ ကိုမောင်မြင့် သွားဝယ်တော့မှာ"

"အေး အေး"

ကျုပ်တို့ နေတာက တောလေဗျာ၊ ဒီကိစ္စမျိုးတွေနဲ့ မကင်းကြဘူးဗျ။ တောထဲဝင် တောင်တက် ကွင်းထဲသွားနဲ့ တစ်ခါ တစ်ခါတော့လည်း အများပါကြတာပေါ့ဗျာ။ ဒီလိုကြုံလာရင် ဘာလုပ်ရမယ်ဆိုတာ အားလုံးက သိပြီးသားဗျ။ ခင်ဗျားကို ကျုပ်ပြောရဦးမယ်။ ဘနက်ကျော်က ချော်တွင်းကုန်းသားဗျ။ လူ့ဘဝတုန်းက မုဆိုးကြီးလေ။ ဘနက်ကျော် တောတက်ရင် အမဲ မရတာ ဘယ်တုန်းကမှ မရှိဘူးဗျ။ သူ့အလုပ်ကို သူလွှတ်ကျွမ်းကျင်တာ။

ကုန်ကုန်ပြောရရင် လေထဲမှ အနံ့ခံရုံနဲ့တင် သားကောင်အနံ့ရတာဗျ။ ဘယ်လောက်အကွာမှာ ဘယ်လိုသားကောင်ရှိတယ်၊ ဘယ်နှကောင်ရှိတယ်ဆိုတာ တန်းသိတာမျိုး။ ဒါပေမဲ့ မုဆိုးအလုပ်ဆိုတာ အကုသိုလ် အလုပ်လေဗျာ။

အသက်ကြီးကြီးလာတော့ ဘနက်ကျော်က ဆစ်ပွဲစား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရောဗျို့။ အိမ်မှာ အိပ်နေရင်းနဲ့ကို ဘယ်နားမှာ ဘာကောင် ရောက်နေတယ်ဆိုတာ အလိုလို သိနေတော့တာဗျ။

ရှာနီးချုပ်စပ်က မုဆိုးတွေက ဘနက်ကျော်ကို လာပြီးမေးစမ်းပြီးမှ တောဝင်ရင် အမဲ မရတဲ့အခါ မရှိဘူးဆိုပဲ။

နောက်တော့ မုဆိုးတွေက သားကောင်ရရင် ဘနက်ကျော်ကို တင်ကြ မြှောက်ကြတယ် ဆိုပဲဗျ။ ဒီလိုနဲ့ ဘနက်ကျော်က တစ်ပွဲစားကြီးဖြစ်မှန်းမသိ ဖြစ်လာရောဗျို့။

တချို့မုဆိုးတွေက တောဝင်ကာနီးရင် ဘနက်ကျော်ကို အရက်နဲ့ ကြက်ကြော်နဲ့တောင် တင်မြှောက်ကြတယ်ဆိုပဲဗျ။

ထမင်းတွေ ဟင်းတွေ ကျက်တော့ ပူပူလောလော ခူးခပ်ပြီး အရက်နှစ်ပုလင်းနဲ့ ဘနက်ကျော်ကို ကျွေးကြတယ်ဗျ။ ဘနက်ကျော်က စားပွဲခုံပုလေးနဲ့ အားရပါးရကို စားတာဗျို့။

ထူးဆန်းတာ တစ်ခုကတော့ ကြက်သားကို အရိုးတွေရော၊ အသားတွေပါ အကုန်လုံး ဝါးစားပစ်လိုက်တာဗျို့။ အရက်နှစ်ပုလင်းလည်း မော့လိုက်တာ ပြောင်တလင်းကို ခါသွားတာပဲဗျာ။

"ဘနက်ကျော် ဘိုကိုးကို မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်အောင် လုပ်ပေးခဲ့ပါဗျာ"

"စိတ်ချ တာတေ၊ စိတ်ချ၊ မင်း မဖဲဝါကို ပြောလိုက်ဦး





ငါ့တောထဲမှာ အောက်လမ်းဆရာတစ်ယောက် ရောက်နေတယ်၊ ဒီကောင်က ကျားနက်မှော်အောင်ထားတဲ့ အကောင်ကွာ၊ သူ့ကိုယ်သူ ကျားနက်ကြီးဖြစ်အောင် ဖန်ဆင်းတတ်တယ်။ ပြီးရင် တောထဲမှာ သားကောင်ကိုဖမ်းပြီး အစိမ်းစားတဲ့အကောင်ကွ။ ကျားနက်ကြီးဖြစ်သွားရင် ဆယ့်သုံးတောင်လောက်ရှိတယ်၊ အဲဒီကောင် ရွာတွေကို ဒုက္ခပေးမှာစိုးရတယ်၊ မင်း မဖဲဝါကို ကြိုပြီး ပြောထား ကြားလား"

"ဟုတ်ကဲ့ပါ ဘနက်ကျော်၊ ကျုပ် ပြောထားပါ့မယ်"

စားလို့သောက်လို့ ဝတော့ ဘနက်ကျော် ထွက်သွားတယ်။ ကျုပ်က သစ်စုန်းဆေးတော်ရည်နဲ့ ဘိုကိုးမျက်နှာကို တောက်လိုက်တယ်။

"အင်း အင်း"

ဘိုကိုး သတိလည်လာပြီဗျ။ ကျုပ်က ဆေးတော်ရည်နဲ့ ထပ်တောက်လိုက်တယ်။

"ဘိုကိုး၊ ဟေ့ကောင် ဘိုကိုး"

"ဟေ ဟင် တာတေ၊ ငါ ဘာဖြစ်လို့တုံး"

ဒီကောင် ဘာမှကို သိပုံမပေါ်တာဗျို့"

"မင်းကွာ တောတက်တာ ကောင်းကောင်းမတက်ဘူး၊ ဘနက်ကျော်ကြီးကို မထီလေးစားတွေ သွားပြောရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကပြောတော့ ဒီကောင် ရယ်ကျဲကျဲလုပ်နေရောဗျ"

"အေး နင်က ရယ်နေ၊ မိဘတွေတော့ နင့်အတွက် ပူလိုက်ရတာဆိုတာ၊ တာတေ ရောက်လာပြီး တောင်းပန်ပေးလို့ ဟိုက ကျေနပ်သွားတာ သိလား၊ အရက်နှစ်ပုလင်းနဲ့ ကြက်တစ်ကောင် ချက်ကျွေးလိုက်ရတယ် ဘိုကိုးရဲ့"

"ဟင် ဟုတ်လား၊ အဲဒါတွေ ကျုပ်စားတာ သောက်တာလား"

"အေးလေ၊ စားတာကတော့ နင်ပဲ စားတာပေါ့"

"ကျုပ် စားတယ်၊ သောက်တယ်သာ ပြောတာ၊ ကျုပ်ဖြင့် ဗိုက်တွေ ဆာလို့ဗျ အမေရ၊ ပြီးတော့ အရက်နှစ်ပုလင်းသာ သောက်ရရင် ကျုပ် လူမှန်းတောင် သိမှာမဟုတ်တော့ဘူးဗျ၊ အခု နည်းနည်းတောင် မူးတာမှ မဟုတ်တာ"

ဒီတော့ လူတွေအားလုံး အံ့သြသွားတာဗျ။

"အေး ဟုတ်သားပဲ၊ ဘိုကိုးပြောတာ ဟုတ်တာပေါ့၊ ဒီကောင် အရက်နှစ်လုံး ဘယ့်နှယ်လုပ်ပြီး သောက်နိုင်မှာတုံးကွ"

"ဟေ ဒါဆိုရင် ဘနက်ကျော်ကြီး တကယ်ဝင်သွားတာပေါ့၊ ဟာ တာတေရေ ဒါဆိုရင် သူပြောသွားတဲ့ ကျားနက်မှော်ဆိုတဲ့လူကို သတိထားမှ ဖြစ်မှာနော်၊ ဘနက်ကျော် တကယ်ဝင်တာကွ"





ဘနက်ကျော် တကယ်ဝင်မှန်း ကျုပ်ကတော့ သိတာပေါ့ဗျာ။ ဒါမျိုးတွေက ကျုပ် ကြုံခဲ့ဖူးပေါင်း များပြီပဲဗျာ။

ဘိုကိုးကလည်း နောက်ကို ဒီလိုမဖြစ်စေရပါဘူးလို့ ပြောတယ်ဗျ။

"ဟဲ့ ဘိုကိုး၊ နင် ဒီရက်တွေမှာ တောထပ်မတက်နဲ့တော့၊ တောထဲမှာ ဘနက်ကျော် ပြောသွားတဲ့ ကျားနက်မှော်ဆရာ ရောက်နေတယ်တဲ့ နင် ကြားလား"

နောက်ညမှာပဲ ပြဿနာပေါ်တော့တာဗျို့။

"ဝေါင်း၊ ဝေါင်း၊ ဝေါင်း၊ ဝေါင်း"

ညဆယ်နာရီလောက်မှာ ကျားဟိန်းသံကြီး ပေါ်လာတယ်ဗျို့။ အရင်တစ်ခါလည်း ဒါမျိုးကြုံဖူးနေတာဆိုတော့ ကျုပ်တို့ရွာသားတွေ ကြောက်ကြတာပေါ့ဗျာ။

တစ်ညလုံးကို ပတ်ပြီးဟိန်းနေတာဗျို့။ ကျုပ်တို့တွေ ရွာထဲကို ထွက်ကို မထွက်ရဲကြတာ။ မနက်မိုးလင်းတော့မှ ဝိုင်းထဲဆင်းပြီး ရွာလမ်းတွေပေါ် တက်လျှောက်ရဲကြတာပေါ့ဗျာ။

"ဟာ ဒီမှာ ကျားခြေရာတွေဟေ့၊ အများကြီးပဲဟ"

ရွာမြောက်ပိုင်းက ကျွက်စီ ကျွက်စီနဲ့ ကြားရတာဗျ။ ကျုပ်လည်း ချက်ချင်းထွက်လာခဲ့တာပေါ့ဗျာ။

"ကျားခြေရာတွေ့တာ ဘယ်မှာတုံးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကိုကြီးတာတေ လာ၊ ကျုပ် လိုက်ပြမယ်"

မျက်ပြူးက ကျုပ်ကို ခေါ်သွားတာဗျ။ ဒီကောင် ခေါ် သွားတဲ့နေရာက ဘယ်နေရာများလဲလို့။

"ဟာ ဒါ အရီးမယ်ခ ဝိုင်းပဲကွ"

အရီးမယ်ခအကြောင်းကို ကျုပ်ရေးခဲ့တဲ့ 'စုန်းမ' ဆို ဝတ္ထုမှာ ရှာပြီးဖတ်ကြည့်ပေါ့ဗျာ။

ဟုတ်တယ်ဗျ။ ကျားခြေရာကြီးတွေ အရီးမယ်ခရဲ့ အိ ဝိုင်းရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတဲ့ပုံပဲဗျ။

"ကိုကြီးတာတေ၊ ဒီဝိုင်းထဲမှာ အစတုန်းက စုန်းမကြီ တစ်ယောက် နေသွားဖူးတယ်ဆိုတာ ဟုတ်လားဗျ"

မျက်ပြူးက ကျုပ်ကို မေးတယ်ဗျ။

"အရီးမယ်ခပါကွာ၊ ငါနဲ့ လွှတ်ခင်တာကွ မျက်ပြူး စုန်းမ ဆိုပေမဲ့ အရီးမယ်ခက ဘယ်သူ့ကိုမှ ဘာမှမလုပ်ဘူး ဒီရွာကိုလာပြီး စော်ကားတဲ့ ပညာသည်တွေရဲ့ရန်ကိုသာ ကွယ်ပေးတာကွ၊ သူသေတော့လည်း ရွာကိုလာပြီးစော်ကား ပညာသည်နဲ့ ပညာပြိုင်ရင်း သေရတာကွ"

"ဩော် ဟုတ်လားဗျ"

ကျုပ် စဉ်းစားနေတာက တခြားမဟုတ်ဘူး။ ဒီကျား ရွာထဲကို ဝင်လာပြီး လူ့လောကမှာ မရှိတော့တဲ့ အရီးမယ်





အိမ်ဝိုင်းရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာ ဘာ သဘောတုံး ဆိုတာပဲဗျ။

ကျုပ်တို့ရွာသားတွေတော့ လွှတ်လန့်ကုန်ပြီပေါ့ဗျာ။ ဟိုနေ့ကတင် ဘိုကိုးကို ဘနက်ကျော်ကြီး ဝင်စီးထားတုန်းက ကျုပ်ကို ပြောသွားတဲ့ ကျားနက်မှော်အောင်တဲ့ ကဝေကြီး တောထဲရောက်နေတဲ့အကြောင်းက တစ်ရွာလုံး ပြန့်နေတုန်းမှာ ကျားက ရွာကိုပတ်ပြီး ဟိန်းတယ်။ ပြီးတော့ ရွာထဲဝင်ပြီး အရီး မယ်ခရဲ့ အိမ်ရှေ့မှာ ခြေရာချင်းထပ်အောင် လျှောက်သွားတယ် ဆိုတော့ လန့်တော့မှာပေါ့ဗျာ။

"လူလေး တာတေ၊ ဘာတွေ ဘယ်လိုဖြစ်ကုန်တာတုံး ကွာ၊ ဟိုတစ်လောကလည်း ငါတို့ရွာထဲကို ဘီလူးကျောက်ဖား ဝင်လိုဝင်၊ အခုလည်း ကျားနက်ကြီး ဝင်လိုဝင်နဲ့ လူလေးပဲ ရွာကို တာကွယ်မှဖြစ်မယ်ထင်တယ်"

ဘိုးညိုကြီး ပြောတာဗျ။ ဘိုးညိုကြီးက ကျုပ်တို့ရွာလယ် ပိုင်းမှာ နေတာလေဗျာ။ အသက်ကိုးဆယ်ကျော်နေပြီဗျ။ ဒီရွာမှာ မွေးတဲ့ ထနောင်းကုန်းသားဇာတိစစ်စစ်ဗျ။

"ကျုပ်လည်း အခုပဲ ဒီအကြောင်းတွေးနေတာ ဘိုးရဲ့၊ တောပိုင်ကြီး ဘနက်ကျော်၊ ဘိုကိုးကို ဝင်ပူးပြီး ပြောသွားတဲ့ ကဝေကြီးပဲဖြစ်မယ်ထင်တယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲ လူလေးရဲ့၊ ဘိုးတို့ကလည်း တောင်သူတွေ၊ အရိုးအ,အကြီးတွေဆိုတော့ ဒီလိုကိစ္စတွေ ဘာတစ်ခုမှ နားလည်တာမဟုတ်ဘူးလေ။ ကိုယ့်ရွာကို စိုးရိမ်တာတစ်ခုတည်း သိတာ လူလေးရဲ့"

"ကျုပ် စဉ်းစားပြီး လုပ်သင့်တာတွေ လုပ်လိုက်ပါ့မယ် ဘိုး"

"အေး အေး၊ လုပ်ပါဦး တာတေရယ်"

ကျုပ်လည်း မဖဲဝါဆီကို ရောက်ရပြန်ပြီပေါ့ဗျာ။ ဒီတစ်ခါတော့ သံမဏိမြို့ သွားနေလို့ ကျုပ်ရယ်၊ ကျောက်ခဲရယ်၊ ဒေါ်တုတ်ရယ်ပဲပေါ့ဗျာ။ သံမဏိ ထမ်းနေကျ ထမင်းတောင်းကို ကျောက်ခဲ ထမ်းရတော့တာပေါ့။

"အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါ့ကွန်း မြောက်စူဝံအတွင်း ရှင်မ မဖဲဝါ ဘယ်နေရာ ဘယ်ဒေသကိုပဲ ရောက်နေ ရောက်နေ ကျုပ်ရှိရာ ဒီဒေသကို အမြန်ဆုံး ကြွလှမ်းခဲ့ပါ ရှင်မ မဖဲဝါခင်ဗျား"

ဒီတစ်ခါတော့ အတော်လေး ကြာသားဗျို့။ ကျုပ်လည်း ဂူပေါ်မှာ ထွန်းထားတဲ့ ဖယောင်းတိုင်လေးကို လက်နဲ့ လေကွယ်ပေးရင်း အထပ်ထပ်အခါခါ ပင့်ရတော့တာပေါ့ဗျာ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီး၊ အီး၊ အီး"





ဟော မဖဲဝါရဲ့ ခွေးကြီးအသံကို ကြားရပြီဗျို့။ မဖဲဝါကြီး ကြွလာပါပြီဗျ။ ဒီတစ်ခါတော့ တော်တော်ဝေးဝေးကို ရောက်နေတာ ထင်တယ်ဗျ။

ဟော ဂူတွေပေါ်က ကျော်ပြီးရွေ့လာတာဗျို့။ ရိပ်ကနဲ ရိပ်ကနဲ နေတာဗျာ။ ကျုပ်စိတ်ထင် ဒီတစ်ခါတွေ့ရတာ မဖဲဝါက ခါတိုင်းထက်တောင်မှ အရပ်ကြီး ပိုရှည်နေသလိုပဲဗျ။

ဟာ ဒေါ်တုတ်ကို တန်းဝင်တော့တာဗျို့။ ဒေါ်တုတ် လက်ကြီးတွေ ကွေးကွေးကောက်ကောက် မြောက်တက်သွားပြီး ဂူကြီးပေါ် လွှားကနဲ ခုန်တက်တာဗျို့။ ဟော မဖဲဝါ ဆာလောင်နေပုံပဲဗျ။ ထမင်းပွဲကို ဒူးကြီးထောင်ပြီး စားတော့တာပါပဲဗျာ။

"ခွပ်၊ ခွပ်၊ ခွပ်၊ ခွပ်"

အရိုးတွေပါ ဝါးစားတာဗျို့။ တော်တော်လေး စားသောက်ပြီးမှ ကျုပ်ကို ဆတ်ကနဲ မော့ကြည့်တာဗျ။

"ဩော် ဒီလိုပါ သချိုင်းရှင်မ မဖဲဝါ၊ ကျုပ်တို့ရွာထဲကို ကျားဝင်လို့ဗျ၊ တောပိုင်ကြီး ဘနက်ကျော် ပြောတာကတော့ ကျားနက်မှော်အောင်ထားတဲ့ ကဝေတစ်ယောက် သူပိုင်တဲ့ တောထဲကို ရောက်နေတယ်ဆိုပဲ။ ဒီကဝေက သူ့ကိုယ်သူ ကျားနက်ကြီး လုပ်လိုက်ပြီး သားကောင်တွေ ဖမ်းစားနေတယ်တဲ့ဗျ။ အဲဒီလူမျိုး ကျားအသွင်နဲ့ ကျုပ်တို့ရွာထဲကို ဝင်သလားလို့ပါ။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ရွာက ဆုံးသွားတဲ့ စုန်းမကြီး အရိုးမယ်ခရဲ့ အိမ်ဝိုင်းရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ထားတဲ့ ကျားခြေရာတွေ တွေ့ရတယ်ဗျ။ ကျုပ်တို့တစ်ရွာလုံးလည်း လန့်ကုန်ကြပြီဗျ"

"ဟဲ့ တာတေ၊ အဲဒါ ကျားနက်မှော်အောင်ထားတဲ့ ငမှုန်ဆိုတဲ့အကောင်ပေါ့၊ အသက်က ရာကျော်နေပြီ၊ ခုထိမိုက်တုန်း။ စုန်းမ မယ်ခရဲ့နှလုံးကို ဖောက်ထုတ်ပြီး စားရမှာ။ ဒါမှ ဒီကောင် အသက်ဆက်လို့ရမယ်၊ အခုတော့ သူရောက်လာတဲ့အချိန်မှာ မယ်ခက ရှိမှမရှိတော့တာ။ ဒီကောင် ကိုယ့်အတတ်ကိုယ်စူးပြီလေ။ ကျားနက်ကြီး ဖြစ်သွားပြီ။ လူပြန်မဖြစ်တော့ဘူးဟဲ့"

"ဟာ ဒုက္ခပါပဲဗျာ၊ ကျုပ်တို့ရွာက လူတွေကို ဒုက္ခပေးတော့မှာလားဗျ"

"နင် မပူနဲ့ တာတေ၊ ငနက်ကျော်ကို တွေ့အောင်ရှာပြီး ပြောလိုက်၊ ဒီည အဲဒီကျားနက်ကိုစီးပြီး ငါ့ဆီလာခဲ့လို့ ငါ ငနက်ကျော်ကို ကြိမ်လုံးတစ်လုံး အပ်လိုက်မယ်၊ သူလည်း အဆင့်တက်လိမ့်မယ်၊ တောပိုင် ကြိမ်ပိုင် ငနက်ကျော် ဖြစ်ပြီပေါ့"

"ဟုတ် ဟုတ်ကဲ့ပါ မဖဲဝါ"

မဖဲဝါ ပြန်ကြွတယ်။ ကျုပ်တို့လည်း ရွာကို ခပ်သုတ်သုတ် ပြန်ခဲ့ကြတယ်ဗျ။ ညဦးနက်ရင် ရွာထဲ ကျားဝင်မှာ ကြောက်ရသေးတယ်လေဗျာ။





နောက်နေ့ရောက်တော့ ရွာထဲက လူကြီးတွေကို ကျုပ်ပြောပြလို့ လူကြီးတွေက ကြက်တစ်ကောင်နဲ့ အရက်နှစ်ပုလင်း ယ်ပြီး ချက်ကြပြုတ်ကြတယ်ဗျ။

ဒီတစ်ခါတော့ ဘိုကိုးကိုပဲ သုံးရတော့တာပေါ့ဗျာ။ သူနဲ့ နက်ကျော်က မနေ့ဆက်တုန်းရှိသေးတာလေဗျာ။

ဘိုကိုးကို ဘုရားစင်ရှေ့မှာ ထိုင်ခိုင်းပြီး ကျုပ် ဘနက် ကျော်ကို ပင့်တယ်။ မဖဲဝါကိုလည်း အကြောင်းကြားရတာပေါ့ ဗျာ။ မဖဲဝါ အမိန့်ကြောင့် ထင်တယ်ဗျ။ ဘနက်ကျော်ကြီး ကျုပ်တို့ဆီ ရောက်လာတယ်။

ဘိုကိုးကို ဝင်ပူးပြီဗျို့။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး၊ ဘာကိစ္စတုံးကွ တာတေရ"

"ဟာ တောပိုင်ရှင်ကြီးဗျာ၊ မဖဲဝါရဲ့ အမိန့်ကြောင့် ပင့်ရ ခါး ဟောဒီမှာ အသင့်ပြင်ထားတဲ့ စားပွဲသောက်ပွဲကို ဆင်နွှဲ ပြီး ဘနက်ကျော်၊ စားရင်းသောက်ရင်း ပြောပါမယ်၊ စားပွဲပု ပေါ်မှာ ငှက်ပျောဖက်ခင်းပြီး ပြင်ထားတဲ့ ကြက်တစ်ကောင်နဲ့ င်းတစ်ခွက်ချက်ကို ကြုံးစားတော့တာဗျို့။ အသင့်ဖွင့်ထားတဲ့ ပုလင်းကိုလည်း ကောက်မော့လိုက်သေးသဗျ။ တစ်ပုလင်း ဘနက်ကျော်တို့က တစ်မော့ပဲဗျို့။ စားပွဲပုလေးပေါ်ကို တာနဲ့ ပုလင်းပြန်ချလိုက်ရင် ပုလင်းထဲမှာ ပြောင်နေရောဗျ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ ဘနက်ကျော်၊ မဖဲဝါက အမိန့်ရှိလိုက်လို့ ဟိုနေ့က ညဘက် ကျုပ်တို့ရွာကို ကျားဝင်တဲ့ကိစ္စပါ ဘန ကျော်"

"ဟီး၊ ဟီး၊ ဟီး တာတေ၊ ငါ ပြောသွားသားပဲ၊ ဟိုကော လေ၊ ကျားနက်မှော်အောင်ထားတဲ့ကောင် ဝင်တာကွ၊ ပြောရဦးမယ်၊ အခု ဒီကောင်က ကျားဘဝကနေ လူဘ ပြန်မပြောင်းတော့ဘူးကွ၊ ကျားနက်ကြီးအတိုင်းပဲ နေနေတ

"မဟုတ်ဘူး ဘနက်ကျော်၊ မဖဲဝါ ပြောတာက ဒီရွ စုန်းမကြီး အရီးမယ်ခရဲ့ နှလုံးကို ဖောက်စားရမှ သူ့ပ ဆက်လို့ရမှာတဲ့ဗျ၊ အခု သူရောက်လာတဲ့အချိန်က သိပ်နော ကျသွားပြီတဲ့ဗျ။ အရီးမယ်ခက ရှိမှ မရှိတော့တာ၊ ဆုံးသွား ကြာပြီလေဗျာ၊ ဒါကြောင့် ဒီလူ ကျားဘဝကို လုံးလုံးကူးသွား ဗျ။ အဲဒါ ဒီည ၉ နာရီတိတိမှာ ဘနက်ကျော်က အဲဒီကျ နက်ကြီးကို စီးပြီး ထနောင်းကုန်းသချိုင်းကို လာခဲ့ရမယ် အဲဒီမှာ မဖဲဝါက မယ်တော်လေးပါးဆီက ကြိမ်လုံးကို ဘ ကျော်ကို ဒီည အပ်မှာ၊ ဘနက်ကျော်လည်း အဆင့်မြင့်သွား ပြောတယ်ဗျ။ တောပိုင်တင် မဟုတ်တော့ဘဲ ကြိမ်ပိုင် ကျော် ဖြစ်မယ်လို့ မဖဲဝါက မိန့်လိုက်တယ်"

ဘနက်ကျော်ကြီးက စားရင်းသောက်ရင်းနဲ့ ခေါ





တဆတ်ဆတ် ညိတ်ပြသဗျ။

"စိတ်ချ၊ စိတ်ချ၊ တာတေ၊ ငါ ဒီအကောင်ကိုစီးပြီး လာခဲ့မယ်"

ဘနက်ကျော် ပြန်ကြွသွားတော့မှ ကျုပ်တို့လည်း အိမ် ပြန်လာခဲ့တယ်။

ညရောက်တော့ ရှစ်နာရီမခွဲခင်ကတည်းက ကျုပ်နဲ့ ကျောက်ခဲနဲ့ သချိုင်းဇရပ်ပေါ် ရောက်နေပြီဗျ။ ကိုးနာရီအတိ ထိုးတာနဲ့. . .

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ ဝူး"

မဖဲဝါရဲ့ခွေးကြီး အူတော့တာပဲဗျာ။ ဟော ဟော မဖဲဝါ ကြီး ရောက်ပြီဗျို့။ ဂူပေါ်မှာ မတ်တတ်ကြီးရပ်လို့ဗျ။

"ဝုန်း၊ ဝုန်း၊ ဝုန်း"

ဟာ ကျားဟိန်းသံကြီးလည်း ကြားရပြီဗျို့။ ဟာ ယာခင်း ကိုဖြတ်ပြီး ပြေးလာတာ။ ကျားနက်ကြီးဗျို့၊ နည်းတဲ့အကောင်ကြီး မှ မဟုတ်တာဗျာ။ ဖုန်တွေမှ တထောင်းထောင်းဖြစ်နေတာဗျို့။ ကျုပ်ကတော့ မျက်ကွင်းဆေးကွင်းထားတော့ ကျားပေါ်က နေက်ကျော်ကြီးကိုပါ မြင်တာပေါ့ဗျာ။ ကျောက်ခဲကတော့ ကျား နက်ကြီးပဲ မြင်ရတာဗျ။ ကျားပေါ်မှာ ကားယားခွထိုင်ပြီး ကျား နက်ကြီးကို မြင်းစီးသလို စီးလာတဲ့ နေက်ကျော်ကြီးကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် ဘယ်မြင်မှာတုံးဗျာ။ နေက်ကျော် ဆိုတာကို ကျုပ်လည်း ခုမှမြင်ဖူးတာဗျို့။ ဆံပင်ရှည် ဖားလျားကြီးနဲ့ဗျာ။ ဟော သချိုင်းထဲကို တန်းဝင်တော့တာဗျို့။

"ဟဲ့ နေက်ကျော် ရော့"

ပြောပြောဆိုဆိုနဲ့ မဖဲဝါက ကြိမ်လုံးတစ်လုံး ပစ်ပေးလိုက်တယ်။ နေက်ကျော်ကြီးက သူစီးလာတဲ့ ကျားနက်ကြီးကို မဖဲဝါရဲ့ရှေ့မှာ မြင်းတစ်ကောင် ဇက်သတ်သလို တုံ့ကနဲ သတ်လိုက်တာဗျ။ ဘနက်ကျော်က လူ့ဘဝထဲက မုဆိုးလေဗျာ။ သားကောင်တွေရဲ့ ပရိယာယ်ကို ပိုင်ပြီးသား နိုင်ပြီးသားမို့လားဗျ။ ဘနက်ကျော်က မဖဲဝါ ပစ်ပေးလိုက်တဲ့ နှစ်တောင်လောက်ရှည်တဲ့ ကြိမ်လုံးကို လက်တစ်ဖက်နဲ့ လှမ်းဖမ်းလိုက်တယ်။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ကျားနက်ကြီးက မဖဲဝါကို မြင်တော့ မာန်ဖီတယ်ဗျ။

"ဟဲ့ မှုန် နင့်ပညာလမ်းဆုံးပြီ၊ နင့်အတတ် နင့်ကို စူးပြီလေ၊ နင် လာရှာတဲ့ မယ်ခက သေတာကြာပေါ့။ ဒီတော့ နင် ဒီကျားဘဝနဲ့ပဲ နေရတော့မှာဟဲ့ နေက်ကျော်၊ ဒီကျားကို လူသူနဲ့ဝေးတဲ့အထိ အဲဒီကြိမ်နဲ့ ရိုက်မောင်းပြီး ပို့လိုက်ပေတော့။ ဒီကြိမ်လုံးဟာ မယ်တော်တွေ ချီးမြှင့်ထားတာ၊ နင့်ကို ငါ အပ်လိုက်ပြီ။ နင် ကြိမ်ပိုင် နေက်ကျော်ဖြစ်ပြီ။ ဒီကြိမ်နဲ့ရိုက်ရင်





ဘယ်လိုနာနာရုပ်အတတ်မှ မခံနိုင်ဘူး။ နင့်တောကို နင် စောင့်ရှောက်ပေတော့"

"ဖြန်း၊ ဝုန်း၊ ဝုန်း"

ဟာ ဘနက်ကျော်ကြီးက မဖဲဝါရဲ့ အမိန့်ဆုံးတာနဲ့ တစ်ပြိုင်နက် ကျားနက်ကြီးကို ကြိမ်နဲ့ ဖြန်းကနဲရိုက်ပြီး မောင်းသွားတော့တာဗျို့။ ကျားနက်ကြီးကလည်း 'ဝုန်း'ကနဲဟိန်းပြီး ဘနက်ကျော် စေတဲ့အတိုင်း ပါသွားလေရောဗျို့။

မဖဲဝါရော ခွေးနက်ကြီးရော သချိုင်းထဲကနေ ပြန်ထွက်သွားကြတယ်။ ကျုပ်တို့လည်း ရွာပြန်ခဲ့တော့တာပေါ့ဗျာ။

တာတေ

□□□



BURMESE CLASSIC

www.burmeseclassic.com